မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၁၃၄)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက် | ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်၊ အင်္ဂါနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အီရန်အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၁

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟတ်ဆန်ရိုဟာနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျာမနီသမ္မတနှင့်ဇနီးတို့အား ဂုဏ်ပြုအခမ်းအနားဖြင့်ကြိုဆို

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နေပြည်တော်၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သမ္မတ မစ္စတာ ဂျိုဝါချင်ဂေါက်ခ်နှင့်ဇနီး မစ္စစ် ဒါနီလာရှုထ်တို့အား နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ယနေ့နံနက် ၁၀ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် ဥပစာရှိ မြက်ခင်းပြင်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျာမနီနိုင်ငံ သမ္မတ မစ္စတာ ဂျိုဝါချင်ဂေါက်ခ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ယင်းနောက် နှစ်နိုင်ငံသမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ဂျာမနီနိုင်ငံ သမ္မတအား အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းမှ ကင်းထောက်လူငယ်မောင်မယ်များကလည်း နှစ်နိုင်ငံအလံငယ်များဝှေ့ယမ်း၍ ဂုဏ်ပြုကြိုဆိုနှုတ်ဆက်ကြသည်။

ဂုဏ်ပြုကြိုဆိုပွဲ အပြီးတွင် နိုင်ငံတော်သမ္မတအား ဂျာမနီနိုင်ငံသမ္မတက အတူလိုက်ပါလာသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော်သမ္မတကလည်း မြန်မာနိုင်ငံဘက်မှ ကြိုဆို

စာမျက်နှာ ၈ ကော်လံ ၁ ❁

နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ ငြိမ်းချမ်းရေးတည်ဆောက်မှု၊ အသေးစားနှင့်အလတ်စား စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများကို ဆွေးနွေး

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျာမနီနိုင်ငံသမ္မတ မစ္စတာ ဂျိုဝါချင်ဂေါက်ခ်တို့ ဂုဏ်ပြုတပ်ဖွဲ့ စစ်ဆေးစဉ်။ (သတင်းစဉ်)

ယနေ့ မာတိကာ

သြစတြေးလျနိုင်ငံ၌ တိုယိုတာကားထုတ်မှု ရပ်ဆိုင်းမည် — စာမျက်နှာ ❖ ၄

နေပြည်တော်အသင်း နိုင်ပွဲစတင်ရရှိ — စာမျက်နှာ ❖ ၁၀

မက်ဆီနှစ်ဂိုးသွင်းယူပြီး ဘာစီလိုနာ ထိပ်ဆုံးရောက် — စာမျက်နှာ ❖ ၁၄

အိမ်ထောင်စုတစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းစစ်တမ်းနှင့် မြန်မာနိုင်ငံပုဂ္ဂလိကစက်မှုကဏ္ဍ တိုးမြှင့်ရေးစစ်တမ်းတို့ကိုဗဟိုစာရင်းအင်းအဖွဲ့မှ ဖေဖော်ဝါရီလနောက်ဆုံးပတ်တွင် ကောက်ယူမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့သည် အိမ်ထောင်စုတစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းစစ်တမ်းနှင့် မြန်မာနိုင်ငံပုဂ္ဂလိကစက်မှုကဏ္ဍတိုးမြှင့်ရေးစစ်တမ်းတို့ကို ယခုနှစ်ဖေဖော်ဝါရီလ နောက်ဆုံးပတ်မှစ၍ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ကောက်ယူမည်ဖြစ်သည်။

တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်အလိုက်၊ မြို့မ/ကျေးလက်ခွဲခြား၍ တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ အခြေအနေကိုသိရှိနိုင်ရန်၊ တိမ်မြုပ်နေသော တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်း (Informal Sector Business) များကိုသိရှိခြင်းဖြင့် တိုင်းပြည်၏ စုစုပေါင်းပြည်တွင်း အသားတင်ထုတ်လုပ်မှု (GDP) ပိုမိုပြည့်စုံစွာရရှိနိုင်ရန် တစ်မျိုးသားလုံးဆိုင်ရာ စာရင်းအင်းများ (National Accounts) ကို အခြားနိုင်ငံများနည်းတူ 2008 SNA စနစ်ဖြင့် တွက်ချက်နိုင်ရန်အတွက် အထောက်အကူပြုစာရင်းများ ရရှိနိုင်ရန် ရည်ရွယ်၍ အိမ်ထောင်စုတစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းစစ်တမ်းကို နမူနာ မြို့နယ်ပေါင်း ၈၂ မြို့နယ်တွင် နမူနာအိမ်ထောင်စုပေါင်း ၃၂၈၀၀ကို ရှစ်ရက်ကြာ စစ်တမ်းကောက်ယူမည်

စာမျက်နှာ ၉ ကော်လံ ၁ ✻

မိသားစုဘဝများ လုံခြုံဖို့ "Two Stars" သွပ်ပြား မိုးကြစို့...

TWO STARS

TWO STARS သွပ်ပြားနှင့်ကာလာစတီးလ်အမိုးပြားများ

Distributed by: Lwin Oo Htwe Trading Co., Ltd.

Factory : အမှတ် (၂၅၀) R-1

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဒေသအကျိုး ရှက်သယ်ပိုး

လက်ရှိနိုင်ငံတော်အစိုးရ၏ အဓိကမူဝါဒသည်ကား ပြည်သူဗဟိုပြု၊ ပြည်သူ့အကျိုးပြုမူဝါဒပင်ဖြစ်သည်။ ပြည်သူများအား တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည့် အရေးအရာကိစ္စဟူသမျှတို့ကို ဖော်ဆောင်ပေးနေခြင်းပင်ဖြစ်ပါသည်။ ပြည်သူများ၏ လူမှုဘဝ တိုးတက်မြင့်မားရေး အဘက်ဘက်မှ အရှိန်မြှင့်တင် ဆောင်ရွက်ပေးနေချိန်ဖြစ်ပါသည်။ ဤသို့ ဆောင်ရွက်ပေးလျက်ရှိရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှုသည် အရေးကြီးဆုံးအချက်ဖြစ်ပါသည်။ သက်ဆိုင်ရာ ဒေသတာဝန်ရှိသူများအနေဖြင့် ပြည်သူတို့၏ လိုအပ်ချက်နှင့် ပံ့ပိုးဖော်ဆောင်ပေးနိုင်မှုတို့ ဟန်ချက်ညီညီ လုပ်ဆောင်နိုင်မှသာလျှင် ထိရောက်သော အကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်မည်ဖြစ်ပါသည်။

လာမည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြို့နယ်ဖွံ့ဖြိုးရေးရန်ပုံငွေအဖြစ် တစ်မြို့နယ်လျှင် ငွေကျပ် သန်း ၁၀၀ နှုန်းဖြင့် မြို့နယ်ပေါင်း ၃၃၀ အတွက် ငွေကျပ်သန်းပေါင်း၃၃၀၀၀ လျာထား သုံးစွဲသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ကြားသိရပေသည်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ထောက်ပံ့ငွေအဖြစ် ထုတ်ပေးနိုင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ထောက်ပံ့ငွေ အသုံးစရိတ်စာရင်းတွင် ထည့်သွင်းလျာထားပြီဖြစ်ပါသည်။ ဤသည်မှာ ဒေသနေပြည်သူများအတွက် ဝမ်းမြောက်ဖွယ်ရာသတင်းစကားပင် ဖြစ်ပါသည်။ ဤဖွံ့ဖြိုးရေးရန်ပုံငွေမှသည် ဒေသနေပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မည့် အခွင့်အလမ်းကောင်းပင် ဖြစ်ပါသည်။ ထိုအခွင့်အလမ်းများကို အမှန်တကယ် အကျိုးရှိရှိ ထိထိရောက်ရောက်ဆောင်ရွက်ရန်မှာ အထူးအရေးကြီးသော အချက်ပင် ဖြစ်ပါသည်။

သက်ဆိုင်ရာတာဝန်ရှိသူတို့က တည်ဆဲဥပဒေများ၊ ဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျမှန်ကန်စွာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ပြည်သူတို့၏ လိုအပ်ချက်၊ ဒေသ၏လိုအပ်ချက်နှင့် ပံ့ပိုးဖြည့်ဆည်းပေးနိုင်သူတို့ အချိတ်အဆက်မိမိ ဖော်ဆောင်ပေးလာနိုင်သည်နှင့်အမျှ ဒေသဖွံ့ဖြိုးရေးမှာလည်း သိသိသာသာတိုးတက်လာမည် ဖြစ်ပါသည်။

ထို့အပြင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများကလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျန်းမာရေး၊ ပညာရေးစသော ကဏ္ဍများတွင်လည်း ဒေသအလိုက် ဆက်လက်ဖြည့်ဆည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားရန် စီစဉ်လျက်ရှိပါသည်။ သို့ပါ၍ များမကြာမီကာလအတွင်း ဒေသနေပြည်သူများ၏ အကျိုးစီးပွားမှာ အရှိန်အဟုန်ဖြင့် တိုးတက်ခံစားရရှိလာတော့မည် ဖြစ်ပါသည်။

ထို့ကြောင့် ဒေသတာဝန်ရှိသူများအနေဖြင့် ရရှိလာသော အခွင့်အလမ်းကောင်းများကို အကျိုးရှိရှိ၊ မှန်မှန်ကန်ကန် ထိထိရောက်ရောက် ဒေသအကျိုး၊ ပြည်သူ့အကျိုးကို သယ်ပိုးဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ အထူးသတိပြုရန်မှာ အလွဲသုံးစားမှုများမဖြစ်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိရန် အရေးကြီးပါသည်။ ပြည်သူ့အကျိုးကို မှန်ကန်စွာရှက်သယ်ပိုးခြင်းဖြင့် အစိုးရနှင့် ပြည်သူချစ်ကြည်မှုမှာလည်း ပို၍ပို၍ တိုးပွားလာမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ဂျာမနီနိုင်ငံသမ္မတ မစ္စတာ ဂျိုဝါချင်ဂေါက်ခ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီအဖွဲ့ တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သမ္မတ မစ္စတာ ဂျိုဝါချင်ဂေါက်ခ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာ ဦးဆောင်သောအဖွဲ့အား ယနေ့ညနေ ၅ နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ တွေ့ဆုံခဲ့သည်။ (ဓာတ်ပုံ)

ဆွေးနွေး

ယင်းသို့တွေ့ဆုံစဉ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက် လိုအပ်သည်များ ပြင်ဆင်နေမှု၊ ပြည်သူများထံမှ အကြံဉာဏ်များကို ရယူဆောင်ရွက်နေမှုနှင့် လွှတ်တော်သို့တင်သွင်းရန်အတွက် ပြင်ဆင်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရဲချုပ်တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ၂၀၁၃ ခုနှစ် ရဲချုပ်တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို နေပြည်တော်ရှိ အမှတ်(၁၇)ရဲတပ်ရင်းတွင် ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီက ကျင်းပရာ အစီအစဉ်အရ ပြိုင်ပွဲဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ရဲတပ်ဖွဲ့ဝင်များက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းကို အလေးပြု၍ တန်းအပ်ခြင်း ပြုလုပ်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက မိန့်ခွန်းပြောကြားပြီး ပြိုင်ပွဲဖွင့်ပွဲကို ရဲချုပ်ဇော်ဝင်းက မိုးပျံပူဖောင်းတွဲကို သေနတ်ပစ်ဖောက်၍ ဖွင့်လှစ်ပေးခဲ့သည်။ ရဲချုပ်နှင့်အဖွဲ့သည် ပြိုင်ပွဲပစ်ခတ်စဉ်များကို ကြည့်ရှုအားပေးပြီး ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ ဒုတိယဆုရရှိသော နေပြည်တော်ရဲတပ်ဖွဲ့၊ တတိယဆုရရှိသော တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲထောက်ချုပ် ရဲမှူးချုပ် သိန်းဦးက ဆုများချီးမြှင့်ပြီး ဆက်လက်၍ ရဲထောက်ချုပ် ရဲမှူးချုပ် သိန်းဦးသည် ၂၀၁၃ခုနှစ် ရဲချုပ်တံခွန်စိုက်ဒိုင်းကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အား ပေးအပ်ချီးမြှင့်၍ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ အကောင်းဆုံး သေနတ်သမားဆုရ ဒုရဲအုပ် ထူးနိုင်ဝင်းအား ဆုများချီးမြှင့်ခဲ့သည်။ (ဓာတ်ပုံ)

အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့် ရဲမှူးချုပ်များ၊ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်အောင်နှင့် တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် ဖျာပုံတွင်ဟောပြော

ဖျာပုံ ဖေဖော်ဝါရီ ၁၀

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် ၂၀၁၃-၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားစေရန်အတွက် မအူပင်တက္ကသိုလ်မှ ဆရာ ဆရာမများ၏ ဘာသာရပ်အလိုက် ဟောပြောပို့ချခြင်းကို ဖေဖော်ဝါရီ ၈ ရက်က ဖျာပုံမြို့ သီရိအဏ္ဏဝါမြို့နယ်ခန်းမ၌ ပို့ချခဲ့သည်။

ဟောပြောပွဲတွင် မြန်မာဘာသာအတွက် တွဲဖက်ပါမောက္ခ ဒေါက်တာဦးသန်းဝင်း၊ အင်္ဂလိပ်စာဘာသာအတွက် ပါမောက္ခ ဦးစိုးကိုကို၊ သင်္ချာဘာသာအတွက် ပါမောက္ခ ဒေါ်သန်းသန်းနွယ်၊ ရူပဗေဒဘာသာအတွက် ပါမောက္ခ ဒေါက်တာအမာတူး၊ ဓာတုဗေဒဘာသာအတွက် ကထိကဒေါက်တာ သင်းသင်းဆင့်၊ ဇီဝဗေဒဘာသာရပ်အတွက် ရုက္ခဗေဒဌာန တွဲဖက်ပါမောက္ခ ဒေါ်တိုးတိုးအောင်၊ ပထဝီဘာသာအတွက် ပါမောက္ခ ဒေါက်တာဦးစိုးဝင်း၊ သမိုင်းဘာသာရပ်အတွက် ပါမောက္ခ ဒေါက်တာဝါဝါသိန်းတို့က ဟောပြောပို့ချခဲ့ကြရာ ဖျာပုံမြို့နယ်အတွင်းမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူ ၈၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သူဇာနွယ်(ဖျာပုံ)

မြန်မာ-ရုရှား နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၀

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသိဒ္ဓိဗိမာန်ဧည့်ခန်းမဆောင်၌ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ Mr. Mikhail A. Dmitriev အား လက်ခံတွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ Mr. Mikhail A. Dmitriev နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်မြထွန်းဦးတို့ တက်ရောက်ကြပြီး ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး H.E.Mr. Vasily Pospelov နှင့်ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အသင်းဒုတိယဥက္ကဋ္ဌတို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာ-ရုရှား နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ စစ်ဘက်ဆိုင်ရာနည်းပညာများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံပညာတော်သင်များ အပြန်အလှန် စေလွှတ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာ-ရုရှားချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းဖွဲ့စည်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

(မြဝတီ)

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင် အီရန်အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၁

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးမစ္စတာ မိုဟာမက်ဂျာဗက်ဇာရစ်(ဖ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ယနေ့ မိုးလေဝသ

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။

မြန်မာနိုင်ငံ ပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်မှုစနစ်ဆိုင်ရာ အမျိုးသားအဆင့်ဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့်အာရှဖွံ့ဖြိုးရေးဘဏ်တို့ပူးပေါင်း၍ မြန်မာနိုင်ငံ ပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်မှုစနစ်ဆိုင်ရာ အမျိုးသားအဆင့်ဆွေးနွေးပွဲ(National Seminar on Myanmar's Country Safeguard System-CSS) ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် Royal Kumudra Hotel ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ဒုတိယဝန်ကြီး ဒေါက်တာ သက်သက်ဇင်၊ ချင်းပြည်နယ်အစိုးရအဖွဲ့မှ လူမှုရေးရာဝန်ကြီးနှင့်တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ သစ်တောတက္ကသိုလ်ပါမောက္ခချုပ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးအဖွဲ့အစည်းနှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့မှ ကျွမ်းကျင်ပညာရှင်များ၊ နေပြည်တော် ကောင်စီနယ်မြေ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက မြန်မာနိုင်ငံသည် ပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေးအတွက် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီချက်များတွင် အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိကြောင်းနှင့်ယခုအချိန်အခါသည် နိုင်ငံတကာနှင့် လက်တွဲဆောင်ရွက်ရမည့်အချိန်ဖြစ်ပါကြောင်း၊ပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်မှုစနစ်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့် နည်းဥပဒေမူကြမ်းများအောက်တွင် တရားဝင်ပြဋ္ဌာန်းနိုင်ရေးအတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စံချိန်စံညွှန်းတွေကို ပြဋ္ဌာန်းနိုင်ရေး အရေးတကြီးဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆွေးနွေးပွဲတွင် အာရှဖွံ့ဖြိုးရေးဘဏ်၏ ပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေးမူဝါဒဆိုင်ရာမူဘောင်နှင့် ၎င်း၏ရည်ရွယ်ချက်များကို ထည့်သွင်းဆွေးနွေးမည်ဖြစ်သလို ပတ်ဝန်းကျင်၊ ဒေသခံတိုင်းရင်းသားများနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးကိုလည်း ထည့်သွင်းဆွေးနွေးမည်ဖြစ်ပါကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲသည် အာရှဖွံ့ဖြိုးရေးဘဏ်၏ အနာဂတ်မူဘောင်အတွက်သာမက မြန်မာနိုင်ငံအတွက်လည်း အရေးကြီးလှပါကြောင်း၊ ထို့အပြင် ဆွေးနွေးပွဲရလဒ်များသည်လည်း အာရှဖွံ့ဖြိုးမှုဘဏ်အတွက်

သမိုင်းမှတ်တိုင်တစ်ခုအဖြစ် တည်ရှိနေမည်ဖြစ်ပါကြောင်း၊ မိမိတို့ဆွေးနွေးပွဲတွင် ရရှိချက်များနှင့် ဆက်လက်ပြီး ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ဆွေးနွေးရန် အခွင့်အလမ်းများ ရရှိနိုင်မှာဖြစ်ပါကြောင်း၊ ယခုဆွေးနွေးပွဲသည် မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုစနစ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်၏ ကာကွယ်စောင့်ရှာက်မှု မူဝါဒဖော်ပြချက်၊ ကြေညာချက်တွေ အသုံးပြုမှုနှင့် နားလည်မှုများ မြှင့်တင်ပေးနိုင်ခြင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေး ကာကွယ်စောင့်ရှောက်မှုစနစ် ဖော်ဆောင်ရေးအတွက် ကျွမ်းကျင်မှုများ ဖြည့်ဆည်းပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အာရှဖွံ့ဖြိုးရေးဘဏ်၊ အရှေ့တောင်အာရှဌာနမှ Senior Programs and Economics Specialist ဖြစ်သူ Mr.Peter J. Brimble နှင့် Social Development Specialist ဖြစ်သူ Ms.Michiko Suga တို့က အမှာစကားပြောကြားသည်။

ယခုဆွေးနွေးပွဲကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ ပတ်ဝန်းကျင်နှင့် လူမှုရေး ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အကောင်အထည် ဖော်ဆောင်မှု စွမ်းဆောင်ရည်မြှင့်တင်ခြင်း စီမံကိန်း (Capacity Building for Implementing Environment and Social Safeguards in Myanmar) လုပ်ငန်းအစီအစဉ်အနေဖြင့် ကျင်းပရခြင်းဖြစ်သည်။ စီမံကိန်း ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ အနာဂတ်ကာလ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအတွက် ဖြစ်နိုင်ခြေရှိသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်လူမှုရေးဆိုင်ရာ ထိခိုက်မှုနှင့် ဘေးအန္တရာယ် ကျရောက်မှုတို့အပေါ် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အရေးပါမှုကို အစိုးရဌာနများအတွင်း၌ နားလည်တတ်ကျွမ်းမှု တိုးမြှင့်စေရန်ဖြစ်သည်။ စီမံကိန်း အကျိုးရလဒ်အနေဖြင့် အနာဂတ်ကာလအတွက် သင်တန်းနှင့်စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး ရှေ့လုပ်ငန်း အစီအစဉ်များချမှတ်နိုင်ခြင်း၊ နိုင်ငံအတွက် ကိုယ်ပိုင် ကာကွယ်စောင့်ရှောက်မှုစနစ်ထူထောင်ရန် လမ်းပြမြေပုံ (မူကြမ်း)ရေးဆွဲနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

ယနေ့ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အလေးပေးဆောင်ရွက်လျက်ရှိသည့် ပတ်ဝန်းကျင်စီမံအုပ်ချုပ်မှု၊ နိုင်ငံအတွက် ကိုယ်ပိုင်ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ မူကြမ်းချမှတ်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာအတွေ့အကြုံများ၊ ပြန်လည်နေရာချထားမှုနှင့်ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာ အတွေ့အကြုံများ၊ မြန်မာနိုင်ငံအတွက် လူမှုရေး ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ပြဿနာရပ်များနှင့် စိန်ခေါ်မှုများ၊ ပြည်သူလူထု ပူးပေါင်းပါဝင်ရေးနှင့် လက်ခံနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းမည့် မူဘောင်များစသည်တို့ကို ဆွေးနွေးကြမည်ဖြစ်သည်။ ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲ (Environment Safeguards Awareness Workshop) ကို ဖေဖော်ဝါရီ ၁၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၄၈၀၄ Sangda Truck PU 4x2 LUD ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးသန်း ၁၂/အစန(နိုင်)၁၅၈၇၂၈ကေ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့နယ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
(၃/၂၀၁၃)

နေပြည်တော်ကောင်စီနယ်မြေနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၅)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်သော လမ်းများတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများ ဆောင်ရွက်ရန်ထပ်မံလိုအပ်သည့်လမ်းလုပ်ငန်းသုံးပစ္စည်း သုံးမျိုးအား လမ်းအလိုက်၊ အပိုင်း အလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၁။ ခွဲကျောက်(ရွယ်စုံ)
၂။ ကျောက်ရောမြေ
၃။ သံမဏိအကာအကွယ်တန်း

တင်ဒါပုံစံရောင်းချမည့်ရက်	-၁၁-၂-၂၀၁၄ရက် (ရုံးချိန်အတွင်း)
တင်ဒါပိတ်မည့်ရက်/အချိန်	-၁၃-၂-၂၀၁၄ရက် (၁၂:၀၀နာရီအထိ)
တင်ဒါဖွင့်မည့်ရက်	-၁၃-၂-၂၀၁၄ရက် (၁၃:၀၀)နာရီ

အသေးစိတ်အချက်အလက်များကို ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၅)၊ ပျဉ်းမနားမြို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၆၇-၂၁၁၂၀၊ ၀၉-၄၄၂၀၇၄၈၉၂၊ ၀၉-၄၂၀၇၁၂၀၃၆

နိုင်ငံတကာသတင်း

ဩစတြေးလျနိုင်ငံ၌ တိုယိုတာကားထုတ်မှု ရပ်ဆိုင်းမည်

တိုကျို ဖေဖော်ဝါရီ ၁၀

တိုယိုတာက ဩစတြေးလျနိုင်ငံ၌ ၄င်း၏ကားနှင့် အင်ဂျင်ထုတ်လုပ်မှုကို ၂၀၁၇ ခုနှစ်တွင် အဆုံးသတ်မည်ဖြစ်ကြောင်း၊ ယင်းအတွက်ကြောင့် အလုပ်အကိုင်ထောင်ပေါင်းများစွာ ထိခိုက်လိမ့်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ယင်းကုမ္ပဏီက ဩစတြေးလျနိုင်ငံ၌ တိုယိုတာကားရောင်းချမှု ပိတ်မည်ဖြစ်ကြောင်းလည်း ကြေညာလိုက်သည်။

အဆိုပါ ဆုံးဖြတ်ချက်ချပြီးနောက် ပြိုင်ဆိုင်မှုများ မြင့်တက်လာသည့်အပြင် ဩစတြေးလျငွေကြေးမှာလည်း ပိုမိုခိုင်မာလာကြောင်း ၄င်းကုမ္ပဏီက ပြောသည်။

အမေရိကန် ကားထုတ်လုပ်ရေးကုမ္ပဏီဖို့ဒ်က ဩစတြေးလျနိုင်ငံ၌ ကားထုတ်လုပ်မှုကို ရပ်ဆိုင်းရန် ယမန်နှစ်က ကြေညာခဲ့ပြီးနောက် ယခုတိုယိုတာက ကြေညာလိုက်ခြင်းဖြစ်သည်။ ဩစတြေးလျနိုင်ငံ၌ တိုယိုတာက ကားထုတ်လုပ်မှုရပ်ဆိုင်းတော့မည်ဖြစ်သော်လည်း ယင်းတို့အနေဖြင့် ကားထုတ်လုပ်မှုလုပ်ငန်းကို ဆက်လက်ပြုလုပ်သင့်သည်ဟု ယုံကြည်မိကြောင်း တိုယိုတာကုမ္ပဏီဥက္ကဌ အကီယိုတိုယိုဒါက ပြောသည်။ **(ဘီဘီစီ)**

ဆီးရီးယားဆွေးနွေးပွဲပြန်စ

ဂျီနီဗာ ဖေဖော်ဝါရီ ၁၀

ဆီးရီးယားအစိုးရနှင့် အတိုက်အခံ ကိုယ်စားလှယ်အဖွဲ့တို့အကြား ဒုတိယမြောက်ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဂျီနီဗာ၌ တနင်္လာနေ့က စတင်ကျင်းပခဲ့သည်။

လွန်ခဲ့သည့်လက ပထမအကြော့ဆွေးနွေးပွဲတွင် သဘောတူညီချက်တစ်စုံတစ်ရာမရဘဲ ပြီးဆုံးသွားခဲ့သည်။ ယင်းဆွေးနွေးမှုသည် ဟွမ်းမြို့၌ သုံးရက်ကြာ အပစ်အခတ်ရပ်စဲ၍ လူထောင်ပေါင်းများစွာတို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ဆီးရီးယား ပြည်တွင်းစစ်သည် ၂၀၁၁ ခုနှစ်တွင် စတင်ခဲ့ပြီးနောက် လူပေါင်း ၁၀၀၀၀၀ ကျော်သေဆုံးခဲ့ပြီဖြစ်သည်။ အကြမ်းဖက်မှုကြောင့် လူပေါင်း ၉ ဒသမ ၅ သန်းကျော် နေအိမ်များကို စွန့်ခွာထွက်ပြေးကြရသည်။

ယင်းကဲ့သို့ ထွက်ပြေးမှုကြောင့် ဆီးရီးယား အိမ်နီးချင်းနိုင်ငံများ၌ လူသားချင်းစာနာမှု ဆိုင်ရာ အကျပ်အတည်းမှာ အဓိကပြဿနာဖြစ်လာသည်။ **(ဘီဘီစီ)**

ဩစတြေးလျ မူးယစ်မှောင်ခိုသူ အင်ဒိုနီးရှားက ကိုးနှစ်အကြာပြန်လွှတ်

ဘာလီ ဖေဖော်ဝါရီ ၁၀

ဩစတြေးလျမူးယစ်ဆေးဝါးမှောင်ခိုမှုဖြင့် စီရင်ခံထားရသူအား အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ထောင်ကိုးနှစ်ကျခံပြီးနောက် ဝန်ခံကတိဖြင့် ပြန်လွှတ်ပေးလိုက်သည်။

စချာပီလီဘော်ဘိုင်အမည်ရှိ အဆိုပါမူးယစ်ဆေးဝါးရောင်းဝယ်မှုဖြင့် ထောင်ကျနေသူ အမျိုးသမီးသည် ၂၀၀၅ ခုနှစ်က ဘာလီကျွန်းသို့ ဆေးခြောက်များမှောင်ခိုရန်သယ်ယူကြိုးပမ်းမှုဖြင့် ထောင်အနှစ် ၂၀ စီရင်ခံရခြင်းဖြစ်သည်။

၄င်း၏အမှုနှင့်ပတ်သက်ပြီး ဩစတြေးလျနိုင်ငံ၌ အပြစ်မရှိဟု ယူဆသူများ ပိုမိုများပြားလာပြီး စိတ်ဝင်စားမှုမှာလည်း ပိုမိုပြင်းထန်လာသည်။ အသက် ၃၆ နှစ်ရှိ အဆိုပါ အမျိုးသမီးသည် ကျောင်းသူအလှမယ်ဟောင်းဖြစ်ပြီး ၂၀၀၄ ခုနှစ်က ဘာလီကျွန်း၌၄င်း၏အိတ်များအနက် အိတ်တစ်လုံးမှ ဆေးခြောက်များတွေ့ရှိခဲ့ပြီး ဖမ်းဆီးခံရခြင်းဖြစ်သည်။ **(ဘီဘီစီ)**

တိုကျိုအုပ်ချုပ်ရေးမှူး အရွေးခံရသူ မာဆူဇိုအဲ

တိုကျိုအုပ်ချုပ်ရေးမှူးရွေးကောက်ပွဲ နျူကလီးယားလိုလားသူ ရပ်သိမ်းအစီအစဉ်တင်ဆက်သူဟောင်း မာဆူဇိုအဲအနိုင်ရ

တိုကျို ဖေဖော်ဝါရီ ၁၀

တိုကျိုအုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲတွင် ရုပ်သံသတင်းကြေညာသူဟောင်းနှင့် အစိုးရအဖွဲ့ဝန်ကြီးယိုအိချိမာဆူဇိုအဲသည် မဲအသာဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါ တိုကျိုအုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် နျူကလီးယားစွမ်းအင် အသုံးပြုမှုရေပန်းစားခြင်းအပေါ် ရွေးချယ်ခံရခြင်းဖြစ်သည်ဟု ဆိုကြသည်။

မစ္စတာမာဆူဇိုအဲက ဂျပန်နျူကလီးယားဓာတ်ပေါင်းဖိုများ ပြန်လည်အသုံးပြုမှုစတင်ရန် အစိုးရအစီအစဉ်အပေါ် သဘောတူလိုက်သည်။ ထိုအတောအတွင်း ၄င်း၏ အနီးကပ်ပြိုင်ဘက်နှစ်ဦးက နျူကလီးယားဆန့်ကျင်ရေးနှင့်ပတ်သက်ပြီး လှုံ့ဆော်ခဲ့သည်။

၄င်း၏ အနီးကပ်ပြိုင်ဘက်နှစ်ဦးက ၂၀ ရာခိုင်နှုန်းဖြင့် အနိုင်ရမှုနှင့် နှိုင်းစာကြည့်လျှင် ၃၀ ရာခိုင်နှုန်းရပြီး အနိုင်ရခဲ့သည်ဟုဆိုသည်။ ယင်းအုပ်ချုပ်ရေးမှူးရာထူးအတွက် အမျိုးသား ၁၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ လူပေါင်း ၁၃ သန်း၏ အကြီးအကဲဖြစ်လာစေရန် နှစ်ပတ်ကြာ မဲဆွယ်စည်းရုံးမှုပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အသက် ၆၅ နှစ်ရှိ မစ္စတာမာဆူဇိုအဲက ရွေးကောက်ပွဲအနိုင်ရပြီးနောက် တိုကျိုမြို့ကို ကမ္ဘာ့နံပါတ်တစ်မြို့တော်ကြီးဖြစ်အောင် ဆက်လက်အားထုတ်ကြိုးစားသွားမည်ဖြစ်ကြောင်း ကတိပြုပြောဆိုလိုက်သည်။

၄င်းသည် ဝန်ကြီးချုပ်ရှင်ဇိုအာဘေး၏ ကွန်ဆာဗေးတစ်လစ်ဘရယ် ဒီမိုကရက်တစ်ပါတီကို ကျောထောက်နောက်ခံ ပြုနေသူဖြစ်သည်။ မစ္စတာမာဆူဇိုအဲ၏ အနီးကပ်ပြိုင်ဘက်များမှာ အသက် ၆၇ နှစ်ရှိ ရှေ့နေကင်ဂျီယူဆူမိုမီဟီရာနှင့်ဝန်ကြီးချုပ်ဟောင်း မိုရီဟီဟိုဆိုကာဝါတို့ဖြစ်ကြသည်။ **(ဘီဘီစီ)**

ပူးတွဲလေ့ကျင့်မှုတပ်ဖွဲ့ဝင်များ

ပြုံယမ်းကအမျက်ထွက် သတိပေးနေသည့်ကြားမှ တောင်ကိုရီးယားနှင့် အမေရိကန်ပူးတွဲစစ်ရေးလေ့ကျင့်မည်

ဆိုးလ် ဖေဖော်ဝါရီ ၁၀

တောင်ကိုရီးယားနှင့်အမေရိကန်တို့သည် လာမည့်ဖေဖော်ဝါရီ ၂၄ ရက်မှ ဧပြီ ၁၈ ရက်အထိ နှစ်ပတ်လည် ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ရန် ကြေညာလိုက်သည်။ မြောက်ကိုရီးယားက ယင်းတို့၏ စစ်ရေးလေ့ကျင့်မှုကို ဒေါသထွက်နေသော်လည်း တောင်ကိုရီးယားနှင့်အမေရိကန်တို့က ယင်းတို့၏ နှစ်စဉ်ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ပြုလုပ်ရန်ကြေညာလိုက်သည်။ယင်းတို့ကို စစ်ကစားနေသည်ဟုဆိုကာ လွန်ခဲ့သောသီတင်းပတ်တွင် ပြုံယမ်းက အဆိုပါ စစ်ရေးလေ့ကျင့်မှုအစီအစဉ်ကို ဆန့်ကျင်ကြောင်း သတိပေးပြောကြားလိုက်သည်။

ထိုအတောအတွင်း အမေရိကန်က မြောက်ကိုရီးယား၌ အမေရိကန်နိုင်ငံသားတစ်ဦး ထောင်ဒဏ်ချမှတ်ထားခြင်းကိုလွှတ်ပေးရန် ဆွေးနွေးမှုပြုလုပ်ရေး အမေရိကန်သံအမတ်အား ဖိတ်ခေါ်ထားခြင်းကို စိတ်ပျက်မိကြောင်း ပြောဆိုလိုက်သည်။ ကင်နက်ဘေးဟု အမည်ရသည့် အမေရိကန်နိုင်ငံသားတစ်ဦး မြောက်ကိုရီးယား၌ ဖမ်းဆီးခံထားရမှုမှာ တစ်နှစ်ကျော်ရှိသွားပြီဟု ဆိုသည်။ အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ကြည်း၊ ရေ၊ လေတပ်များ ပါဝင်လေ့ကျင့်သွားမည်ဖြစ်ကြောင်း ပူးပေါင်းတပ်ဌာနချုပ်၏ ကြေညာချက်တွင်ဖော်ပြသည်။

ပြီးခဲ့သည့်နှစ်က စစ်ရေးလေ့ကျင့်မှုတွင် မြောက်ကိုရီးယားက နျူကလီးယားလက်နက်နှင့် တိုက်ခိုက်မည်ဟု ခြိမ်းခြောက်မှုကြောင့် တင်းမာမှုများ ဖြစ်ပွားကာ စစ်ရေးလေ့ကျင့်မှုအချိန်ကြာစေခဲ့သည်။ မြောက်ကိုရီးယားစစ်ဘက်အဖွဲ့က အမေရိကန်နှင့်ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်လျှင် တောင်ကိုရီးယားမိသားစုများ ပြန်လည်ပေါင်းဆုံရေးအစီအစဉ်ကို ဖျက်သိမ်းမည်ဖြစ်ကြောင်း လွန်ခဲ့သော သီတင်းပတ်က ခြိမ်းခြောက်ပြောဆိုခဲ့သည်။

ကိုရီးယားမိသားစုများသည် ၁၉၅၀-၁၉၅၃ခုနှစ် ကိုရီးယားစစ်ပွဲအပြီး ကျွန်းဆွယ်မှာ နှစ်ပိုင်းကွဲသွားခြင်းနှင့်အတူ သီးခြားစီဖြစ်ခဲ့ရသည်။ **(ဘီဘီစီ)**

ဆိုင်ကယ်စီးသေနတ်သမားများပစ်ခတ်၍ ကရာချိမြို့တွင် လူရှစ်ဦးသေဆုံး

ကရာချိ ဖေဖော်ဝါရီ ၁၀

ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ မော်တော်ဆိုင်ကယ်သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် ရှစ်နှစ်အရွယ်အမျိုးသမီးနှင့် ဖခင်ဖြစ်သူတို့အပါအဝင် လူရှစ်ဦး သေဆုံးသွားသည်။

အဆိုပါ ပစ်ခတ်မှုတွင် အနည်းဆုံး အခြား ၁၂ ဦး ဒဏ်ရာရရှိသွားခဲ့သည်။ ဒါဇင်နှင့်ချီသောပြည်သူများ လူမျိုးစုအကြီးအကဲကို ကြည့်ရှုရန် စောင့်ဆိုင်းနေစဉ် သေနတ်သမားများက ပစ်ခတ်သွားခဲ့ခြင်းဖြစ်သည်။

ကရာချိမြို့သည် ပါကစ္စတန်နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည်။ လူဦးရေ ၁၈ သန်းနေထိုင်သည့် မြို့ဖြစ်သည်။ လူမျိုးစုနှင့် နိုင်ငံရေးအကြမ်းဖက်မှုနှစ်များစွာ ဖြစ်ပွားရာမြို့ဖြစ်သည်။

မော်တော်ဆိုင်ကယ်သုံးစီးဖြင့် သေနတ်သမားခြောက်ဦးသည် အဆိုပါလူမျိုးစုနေအိမ်အတွင်း ဝင်ရောက်ပစ်ခတ်သွားခဲ့ခြင်းဖြစ်သည်။ သေနတ်သမားများသည် ၉ မမ ပစ္စတိုများကိုင်ဆောင်ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။

သို့သော် ယင်းတိုက်ခိုက်မှုသည် မည်သည့်အဖွဲ့က တိုက်ခိုက်ခြင်းဖြစ်သည်ကို မသိရသေးဟု ဆိုသည်။ တိုက်ခိုက်ရေးသမားများသည် ဓာတ်အားလိုင်း မီးပြတ်တောက်သွားချိန် မီဟာဘန်းရွှတ်၏နေအိမ်အတွင်း ရုတ်တရက်ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

ပါကစ္စတန်နိုင်ငံတွင် တာလီဘန်အကြမ်းဖက်တိုက်ခိုက်ရေးသမားများနှင့် ဆက်နွှယ်သော တိုက်ခိုက်မှုများ မကြာခဏဖြစ်ပွားလေ့ရှိသည်။

(ဘီဘီစီ)

လွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့သည် အများပြည်သူယုံကြည်ကိုးစားသော စနစ်တစ်ခုဖြစ်ပေါ်စေရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မရှိမဖြစ်လိုအပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မြန်မာ၊ အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင်များအဖွဲ့ (ICJ) တို့ ပူးပေါင်းကျင်းပသည့် "တရားဥပဒေစိုးမိုးရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့၏ အခန်းကဏ္ဍ ဆွေးနွေးပွဲ"**ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်ခန်းမဆောင်၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။** (အောက်ပုံ)

ပြည်ထောင်စု တရားသူကြီးချုပ်က အမှာစကားပြောကြားရာတွင် "တရားဥပဒေစိုးမိုးရေး"သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုတည်ဆောက်ရန် မရှိမဖြစ်လိုအပ်ပါကြောင်း၊ တရားမျှတမှုဆိုင်ရာကဏ္ဍ (Justice Sector) တွင် ပါဝင်သည့် "တရားရေးအဖွဲ့အစည်း"သည် တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုရန် တာဝန်ရှိသကဲ့သို့ ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေးအတွက် တာဝန်ခံရမည်ဖြစ်ပါကြောင်း၊ စစ်မှန်သည့် တရားဥပဒေစိုးမိုးရေးကို အားလုံးက အကောင်းမြင်သည့်စိတ်ဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ အောင်မြင်စေမည်ဖြစ်ပါကြောင်း၊ **ခေတ်မီသည့် ဒီမိုကရေစီနိုင်ငံတစ်ခုတွင် တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့သည် အဓိကကျသော တန်ဖိုးများဖြစ်ပြီး တရားစီရင်ရေးအပေါ် မတော်မတရား စွက်ဖက်ခြင်း၊ ဂုဏ်သိက္ခာရှိမှုနှင့် အများပြည်သူတို့၏ ယုံကြည်အားထားမှုတို့အပေါ် ထိပါးလာခြင်းတို့ကို ကာကွယ်ပေးရန် အရေးကြီးပါကြောင်း၊** ထိုအရေးပါမှုများကို လွတ်လပ်စွာတရားစီရင်ရေးဆိုင်ရာ ကုလသမဂ္ဂအခြေခံမူများ စသည့် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များတွင် ကျယ်ပြန့်စွာလက်ခံထားပြီး မြန်မာနိုင်ငံ၏ တရားစီရင်ရေးဆိုင်ရာ အခြေခံမူများနှင့် ရည်မှန်းချက်များတွင်လည်း အသိအမှတ်ပြု ထားရှိပါကြောင်း၊ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့သည် အများပြည်သူယုံကြည်ကိုးစားသော စနစ်တစ်ခုဖြစ်ပေါ်စေရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မရှိမဖြစ်လိုအပ်ပါကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဌေး၊ ဦးမြသိမ်း၊ ဦးမြင့်အောင်၊ ဦးအောင်ဇော်သိန်း၊ ဦးမြင့်ဟန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဧည့်သည်တော်များ၊ UNDP နှင့် ICJ မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ အရာရှိကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ စုစုပေါင်း ၄၀ တက်ရောက်ကြပြီး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ပွင့်လင်းမြင်သာသည့် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းလာသည်နှင့်အတူ ဒီမိုကရေစီစနစ်၏အနှစ်သာရများကို တစ်ဆင့်ပြီးတစ်ဆင့် ဖော်ဆောင်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဒေါက်တာဖေသက်ခင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများ၊ ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ယမန်နေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဧည့်ရိပ်သာ၌ Breakfast Meeting ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ရှမ်းပြည်နယ် အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် လာရောက်ရခြင်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ်သည် ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော်နှင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်သည့် အနေအထားတွင်ရှိကြောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့သို့ လာရောက်သည့် ဒေသဖွံ့ဖြိုးရေးခရီးစဉ်တစ်လျှောက်တွင် ယခင်နှစ်များနှင့်မတူညီဘဲ ပိုမိုဖွံ့ဖြိုးတိုးတက်သည့် လူမှုစီးပွား အခြေအနေကောင်းများကို တွေ့ရှိရကြောင်း၊ လမ်းကြောင်းတစ်လျှောက်ကျေးရွာများတွင် တိုက်တာ အဆောက်အအုံများ များပြားစွာ တွေ့ရှိရပြီး မြို့ပြနှင့် ကျေးလက် တစ်ထပ်တည်းနီးပါး ဖွံ့ဖြိုးနေသည်ကို တွေ့ရသဖြင့် ဝမ်းမြောက်ပါကြောင်း၊ အဓိကကျသည့် ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် ပြည်နယ်အစိုးရဘတ်ဂျက်နှင့် ပြည်ထောင်စုဘတ်ဂျက်တို့ကို ဟန်ချက်ညီညီ ပူးပေါင်း ဆောင်ရွက်ပေးရန်လိုကြောင်း၊ နှစ်အလိုက် တိုးတက်လာသည့် ဒေသဖွံ့ဖြိုးမှုများကို ဒေသခံများသိရှိရန် ရှင်းလင်းပြောကြားရမည်ဖြစ်ကြောင်း၊ စီမံကိန်းများနှင့်ပတ်သက်၍ ယခင်က Top Down စနစ်ဖြင့် အထက်ကသာ စီမံဆောင်ရွက်ခဲ့သော်လည်း ယခုပြည်သူဗဟိုပြု Bottom Up စနစ်ကို အခြေခံဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများ၏ အမှန်တကယ်လိုအပ်ချက်ဆန္ဒများကို မေးမြန်းပြီး အဓိကကျသည်များကို ဦးစားပေးဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ရေရှည် စီမံကိန်းများကိုလည်း ဒေသလိုအပ်ချက်များအပေါ် မူတည်ချမှတ်၍ တစ်ပြိုင်တည်း ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်အောင် ဦးထမ်းပဲ့ထမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက နယ်စပ်ဒေသများရှိ တိုင်းရင်းသားညီအစ်ကိုများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ကျန်းမာရေးဝန်ကြီးဌာန၏ ဒေသခံပြည်သူများအတွက် အသက်ရှည်အနာကင်းပြီး သက်တမ်းစေ့နေနိုင်ရေး အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးမည့်အစီအမံများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကိစ္စရပ်များအား လည်းကောင်း၊ ပြည်နယ်ဥပဒေချုပ်က အစိုးရစာချုပ်များ ချုပ်ဆိုရာတွင် တံဆိပ်ခေါင်းအခွန်ကင်းလွတ်ခွင့် ကိစ္စရပ်များ၊ ရဲအရေးပိုင်သော ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် ပုဂ္ဂလိကဆေးရုံများမှ အရေးပေါ်လူနာများကို ကုသမပေးသည့်ကိစ္စရပ်များနှင့် ပတ်သက်၍ လည်းကောင်း တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းပြီး ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ယခုမိမိတို့၏ ဒေသဖွံ့ဖြိုးရေးခရီးစဉ်တစ်လျှောက် ယခင်နှင့်မတူညီသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်နေသည့် မြင်ကွင်းများကို မြင်တွေ့ခဲ့ရာ တည်ငြိမ်အေးချမ်းသည့် အသီးအပွင့်များကို ခံစားနေကြရပြီဟု ဆိုနိုင်ပါကြောင်း၊ ပြည်တွင်းပဋိပက္ခများ ချုပ်ငြိမ်းပြီး

ယာယီမဟုတ်သည့် ထာဝရငြိမ်းချမ်းရေး၏ အရိပ်လက္ခဏာများကို မြင်တွေ့နေရပြီဖြစ်ကြောင်း၊ ပွင့်လင်းမြင်သာသည့် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းလာသည်နှင့်အတူ ဒီမိုကရေစီစနစ်၏ အနှစ်သာရများကို တစ်ဆင့်ပြီးတစ်ဆင့် ဖော်ဆောင်လျက်ရှိပါကြောင်း။

မိမိတို့တိုင်းပြည်သည် ရေ၊ မြေ၊ တော၊ တောင်၊ သဘာဝ၊ သယံဇာတ အရင်းအမြစ်များ ပြည့်စုံကြွယ်ဝသည်နှင့်အညီ အာရှနှင့် အရှေ့တောင်အာရှတွင် စီးပွားရေးအချက်အချာကျသည့် ပထဝီအနေအထားရှိသည့်အတွက် စက်မှုနိုင်ငံသစ် ထူထောင်ရန် အသင့်လျော်ဆုံးအခြေအနေဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုကောင်းများ ပိုမိုတိုးတက်များပြားလာမှ တိုင်းပြည်တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ နိုင်ငံတကာက မိမိတို့နိုင်ငံအား စိတ်ဝင်စားမှုများပြားလာသည့်အတွက် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများသာမက ပြည်ပရင်းနှီးမြှုပ်နှံမှုများပါ ပိုမို ဝင်ရောက်လာတော့မည်ဖြစ်ကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိုးရအဖွဲ့များနှင့် ဒေသခံပြည်သူတို့ ဟန်ချက်ညီညီ လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ရန် ဥပဒေ၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာကြရမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များအား လျင်လျင်မြန်မြန် အောင်အောင်မြင်မြင်ဖြစ်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှသာ တစ်ဦးချင်းရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်များကို သိနားလည်ပြီး တိုင်းပြည်ကုန်ထုတ်စွမ်းအားများအတွက် လုပ်အားများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် တိုင်းရင်းသားညီအစ်ကိုများ အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရန် အများအကျိုးဆောင်သည့် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို အပြုသဘောဆောင်ပြီး အကြံဉာဏ်ကောင်းများ ပေးအပ်ကြရန် ပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဒေါက်တာဖေသက်ခင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးစဝ်အောင်မြတ်၊ ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ဒေါက်တာအောင်မြတ်ဦး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များ၊ ရပ်မိရပ်ဖဒေသခံပြည်သူများ တက်ရောက်သည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်းမြို့နယ်များမှ စီမံခန့်ခွဲမှုကော်မတီ၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌများက ဒေသဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များအား ရှင်းလင်းတင်ပြရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့လှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများ၊ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားရာ၌ ဒေသဖွံ့ဖြိုးရေးကော်မတီဝင်များသည် ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူတို့၏ သဘောထားဆန္ဒများနှင့်အညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ကော်မတီဝင်များအနေဖြင့် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ဥပဒေပြုရေး၊ ဘဏ္ဍာရေးတို့တွင် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများအား သိရှိလိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မည်သည့်အခန်းကဏ္ဍမဆို စေတနာထားဆောင်ရွက်လျှင် မိမိတိုင်းပြည် မိမိဒေသအကျိုးစီးပွား ပိုမိုဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ ရရှိပြီးသည့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်များအား တက်ညီလက်ညီ ပိုမိုမြှင့်တင်ဆောင်ရွက်ရန်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကာ ဒေသခံပြည်သူများနှင့်ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး၊ မြို့တော်ခန်းမနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် အဖွဲ့ဝင်များသည် ထမ်းစမ်းသဘာဝလိုဏ်ဂူတွင် သီတင်းသုံးလျက်ရှိသည့် ထမ်းစမ်းလိုဏ်ဂူတော် ဟိုပုံးကိုရင်လေး အရှင်ပေါရိသအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ထမ်းစမ်း ရွှေတိဂုံစေတီတော်နှင့် ဓမ္မာရုံ တည်ဆောက်ရေးလုပ်ငန်းများအား လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် ဟိုပုံးမြို့နှင့် ရန်ကင်းကျေးရွာတို့ကို ဆက်သွယ်ထားသည့် သံကူကွန်ကရစ် ရန်ကင်းချောင်းကူးတံတားအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကမ္ဘာ့အထင်ကရမီးတောင်များ၊ မြန်မာ့ပုပ္ပားနှင့် ရခိုင်ကမ်းရိုးတန်းဒေသ

သိပ္ပံစာရေးဆရာ ကိုကိုအောင်

(၁၅)ရာစုအတွင်းက ပေါ်တူဂီလူမျိုး စွန့်စားရှာဖွေသူ ဗက်စကိုဒီဂါးမားသည် အိန္ဒိယနိုင်ငံ ဗိုင်ယာဒေသသို့ သင်္ဘောဖြင့် ရွက်လွှင့်ခရီးသွားနေစဉ်အတွင်း ဂွတ်ဟုပ်အငူ၌ မီးတောင်ပေါက်ကွဲမှုကို နှစ်ကြိမ်မြင်တွေ့ခဲ့ရကြောင်း မှတ်တမ်းတင်ထားခဲ့သည်။ ထိုစဉ်ကာလများက မီးတောင်ပေါက်ကွဲမှုမျိုးကို မြင်တွေ့ခွင့်ရရန် အလွန်ပင်ခဲယဉ်းလှသည်။ ထိုအချိန်က ကမ္ဘာ့လူဦးရေသည် သန်းပေါင်းတစ်ထောင်အောက်၌သာ ရှိနေသေးသည့်အတွက် ဘိုင်းဒေသနိုင်ငံများတွင် မြို့ပြအိမ်ရာ တည်ထောင်မှုများမှာလည်း အလွန်နည်းပါးသေးသည်။

ကမ္ဘာ့လူဦးရေသည် သက္ကရာဇ် ၁၉၀၀ ပြည့်နှစ်အရောက်တွင် သန်းပေါင်း ၁၆၀၀ အထိ တိုးပွားလာခဲ့ပြီး ယနေ့ မျက်မှောက်ကာလ၌မူ သန်းပေါင်း ၇၀၀၀ ကျော်အထိ ရှိနေပြီဖြစ်သည်။ ကမ္ဘာ့လူဦးရေ တိုးပွားလာသည့်အလျောက် မြို့ပြအိမ်ရာတည်ထောင်မှုများမှာလည်း သိသိသာသာတိုးမြင့်လာသလို၊ စားနပ်ရိက္ခာအတွက် ကောက်ပဲသီးနှံများ စိုက်ပျိုးသည့် မြေဧရိယာများမှာလည်း တစ်စတစ်စ ကြီးမားကျယ်ပြန့်လာလျက်ရှိသည်။

ထိုသို့သော အခြေအနေများကသည်ပင်လျှင် ကမ္ဘာ့ပြည်သူတို့ နေထိုင်လျက်ရှိကြသော မြို့ပြ၊ ကျေးရွာများသည်လည်းကောင်း၊ ကောက်ပဲသီးနှံစိုက်ခင်းများသည်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးအတွက် ဖောက်လုပ်ထားသော မော်တော်ကားလမ်း၊ ရထားလမ်းများသည်လည်းကောင်း၊ မီးတောင်များတည်ရှိရာနေရာနှင့် တဖြည်းဖြည်းနီးကပ်လာစေလျက်ရှိသည်။

ကမ္ဘာ့အရပ်ဒေသတစ်ခုရှိ မီးတောင်တစ်လုံး ပေါက်ကွဲမှုဖြစ်သည့်အခါ နီးကပ်စွာနေထိုင်လျက်ရှိသူများ ဘေးအန္တရာယ်ကျရောက်ခြင်း၊ မီးတောင်ချော်ရည်များကြောင့် လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ခြင်း၊ ကောက်ပဲသီးနှံများ ပျက်စီးခြင်း၊ မီးတောင်ဝမှ မှုတ်ထုတ်သော ပြာမှုန်များ ပျံ့လွင့်မှုကြောင့် လေကြောင်းခရီးစဉ်များကို ရပ်ဆိုင်းထားရခြင်း စသောနောက်ဆက်တွဲဆက်စပ်ဆိုးကျိုးများလည်း ဖြစ်ပေါ်လာရသည်။

အတိတ်ကာလများက မီးတောင်ပေါက်ကွဲမှု အကြိမ်ပေါင်းများစွာ ဖြစ်ပွားခဲ့သော်လည်း လူမှုပတ်ဝန်းကျင်နှင့် ဆက်စပ်မှုမရှိခဲ့ခြင်းကြောင့် မီးတောင်ပေါက်ကွဲမှုသတင်းကို မသိရှိခဲ့ကြသလို မီးတောင်များ၏ အကြောင်းကိုလည်း စိတ်ဝင်စားမှု အလွန်နည်းပါးခဲ့ကြသည်။

သို့ရာတွင် လူဦးရေ အဆမတန်တိုးပွားလာသည့် မျက်မှောက်ကာလ၌ မီးတောင်ပေါက်ကွဲမှုတိုင်းသည် လူမှုအကျိုးစီးပွားကို ပတ်သက်ထိခိုက်လာသည့်အတွက် ကမ္ဘာ့သတင်းမျက်နှာစာများတွင် မီးတောင်ပေါက်ကွဲမှုသတင်းများကို အထူးအလေးပေးရေးသား၊ ဖော်ပြ၊ ထုတ်လွှင့်ပေးလာကြရုံမျှမက မီးတောင်ပေါက်ကွဲမှုအကြောင်း ရိုက်ကူးထားသည့် ရုပ်ရှင်ဇာတ်လမ်းများကိုပင် ထုတ်လုပ်လာခဲ့ကြသည်။

မီးတောင်တစ်ခု၏ ပြင်ပသွင်ပြင်လက္ခဏာမှာ သာမန်အားဖြင့် တောင်တစ်လုံးကဲ့သို့ပင်ဖြစ်သော်လည်း တောင်ထိပ်နေရာ၌မူ မီးတောင်ဝတစ်ခုက တည်ရှိနေသည်။ မီးတောင်များ ပေါက်ကွဲမှုဖြစ်ပွားသည့်အခါ ချော်ရည်များ၊ ချော်တုံး၊ ချော်ခဲများ၊ ပြာမှုန်များ၊ မီးတောက်မီးလျှံများ၊ အခိုးအငွေ့များ၊ ရွှံ့ရည်ပူများ စသည်တို့ကို မီးတောင်ဝမှတစ်ဆင့် မှုတ်ထုတ်သည်။

မီးတောင်တစ်လုံး၏ အတွင်းပိုင်း ယေဘုယျဖွဲ့စည်းပုံမှာ ခြောက်သွေ့နေသော သစ်ပင်သစ်ကိုင်းများသဏ္ဌာန်ရှိသည့် ချော်ရည်ပူတိုးထွက်ရာ လမ်းကြောင်းများသည် မီးတောင်ဝ၏ အောက်ခြေမှစ၍ ရှည်လျားနက်ရှိုင်းစွာ တည်ရှိနေပြီး ယင်းတို့၏အောက်တွင် ချော်ရည်ပူများ စုဝေးနေသည့် Magma Chamber ကြီးက တည်ရှိနေသည်။

ချော်ရည်ပူများရှိရာအခန်းသည် အဝကျဉ်းသည့် ပုလင်းပုံသဏ္ဌာန်ရှိပြီး ချော်ရည်ပူမျက်နှာပြင်၏အပေါ်တွင် ပိုင်ရိုကလပ်စတစ် (Pyroclastic) သတ္တုကျောက်စိုင်ကြီးများက သဘာဝအလျောက် ဖွဲ့စည်းဖြစ်ပေါ်တည်ရှိနေသည်။ ပိုင်ရိုကလပ်စတစ်သတ္တုမျက်နှာပြင်ကြီးသည် ထုထည်ပမာဏ အလွန်ကြီးမားလာသည့်အခါ အောက်သို့ကွာကျလာပြီး ချော်ရည်ပူများအတွင်းသို့ ကျရောက်သွားသည်။ ထိုသို့ကျရောက်သည့်အခါ ကြီးမားပြင်းထန်သော ပေါက်ကွဲမှုများ ဖြစ်ပေါ်ပြီး ဖိအားအဆမတန်မြင့်တက်လာကာ မီးတောင်ဝဆီသို့ ချော်ရည်ပူများ၊ ချော်တုံး၊ ချော်ခဲများ၊ အခိုးအငွေ့များနှင့် ပြာမှုန်များကို အရှိန်ပြင်းစွာ တွန်းပို့ပေးလိုက်သည်။ ဤနည်းအားဖြင့် မီးတောင်များ ပေါက်ကွဲမှုဖြစ်ပွားရခြင်းဖြစ်သည်။

ကမ္ဘာအရပ်ရပ်ရှိ မီးတောင်များ၏ ပုံသဏ္ဌာန်များအပေါ်မူတည်ပြီး ဘူမိဗေဒဆိုင်ရာ ကမ္ဘာ့သိပ္ပံပညာရှင်များက အမျိုးအစားသုံးမျိုး ခွဲခြားသတ်မှတ်ထားသည်။ ပထမအမျိုးအစားမှာ ဖြောင့်တန်းမတ်စောက်သော ဆင်ခြေလျှောသဏ္ဌာန်ရှိကာ ကြီးမားသောထိပ်ဝရှိနေသည့် မီးတောင်အမျိုးအစားဖြစ်ပြီး ယင်းကို စကိုရီယာ ကတော့ပုံမီးတောင် (Scoria Cone Volcano) ဟုခေါ်သည်။

ဒုတိယအမျိုးအစားမှာ အလွန်ပြေပြစ်သော ဆင်ခြေလျှောသဏ္ဌာန်ရှိကာ မီးတောင်ထိပ်သည် သိသာစွာခုံးနေသော မီးတောင်အမျိုးအစားဖြစ်ပြီး ယင်းကို (Shield Volcano) ဟုသတ်မှတ်ခေါ်ဝေါ်သည်။ တတိယအမျိုးအစားမှာ အနိမ့်အမြင့်ဖြစ်နေသော ဆင်ခြေလျှောသဏ္ဌာန်များရှိကာ သေးငယ်ပြီး ခွက်နေသောထိပ်ဝရှိသည့် မီးတောင်အမျိုးအစားဖြစ်ပြီးယင်းကို (Strato Volcano)ဟုခေါ်သည်။

ထိုသို့ပုံသဏ္ဌာန်အမျိုးမျိုးရှိနေသော မီးတောင်များအနက် အချို့သော မီးတောင်များသည် မကြာခဏဆိုသလို ပေါက်ကွဲပွင့်အန်တတ်ပြီး အချို့ကမူ နှစ်ကာလအပိုင်းအခြားဖြင့်သာ ပေါက်ကွဲတတ်ကြသည်။ အချို့မီးတောင်များဆိုလျှင် ရာစုနှစ်၊ထောင်စုနှစ်နှင့်ချီ၍ ကြာမြင့်ပြီးမှပေါက်ကွဲမှုဖြစ်တတ်သည်။ မည်သို့ပင်ဖြစ်စေကာမူ ပေါက်ကွဲလျက်ရှိနေသော မီးတောင်များ၊ နှစ်ကာလအပိုင်းအခြားဖြင့် ပေါက်ကွဲတတ်သော မီးတောင်များကို မီးတောင်ရှင် (ActiveVolcano) ဟု သတ်မှတ်သည်။

ကမ္ဘာအရပ်ရပ်ရှိ မီးတောင်များအနက် အချို့သော မီးတောင်များသည် နှစ်ကာလရှည်လျားစွာ ပေါက်ကွဲခြင်းမရှိဘဲ ငြိမ်သက်နေတတ်ကြသည်။ သို့ရာတွင် အဆိုပါမီးတောင်များ၏ အတွင်းပိုင်းရှိ ချော်ရည်ပူပမာဏနှင့် ပိုင်ရိုကလပ်စတစ် သတ္တုကျောက်စိုင်ကြီးများ၏ထုထည်ပမာဏတို့သည် မီးတောင်ပေါက်ကွဲပွင့်အန်မှုကို အချိန်မရွေးဖြစ်ပွားစေနိုင်သေးသည့်အတွက် ထိုမီးတောင်မျိုးများကို မီးတောင်ငြိမ် (Dormant Volcano)ဟု သတ်မှတ်ထားသည်။

ကမ္ဘာ့အရပ်ဒေသအချို့ရှိ မီးတောင်အချို့ကမူ ထောင်စုနှစ်နှင့်ချီ၍ ကြာမြင့်သည့်တိုင် ပေါက်ကွဲမှုမရှိတော့သလို အတွင်းပိုင်းရှိ ချော်ရည်ပူနှင့် သတ္တုမျက်နှာပြင်တို့၏ ထုထည်ပမာဏအနေအထားအရလည်း ပြန်လည်နိုးထပေါက်ကွဲနိုင်ခြင်းမရှိတော့သော အခြေအနေမျိုးကို ရောက်ရှိသွားတတ်ကြသည်။ ထိုမီးတောင်မျိုးများကို မီးတောင်သေ (Extinct Volcano) ဟု သတ်မှတ်ထားသည်။

ကမ္ဘာ့အထင်ကရ မီးတောင်များထဲတွင် တစ်ခုအပါအဝင် ဖြစ်ခဲ့သော မီးတောင်ကြီးတစ်လုံးသည် မြန်မာနိုင်ငံအတွင်း၌ တည်ရှိနေသည်။ ထိုမီးတောင်ကြီးသည် လွန်ခဲ့သော နှစ်သန်းပေါင်းများစွာက အဆက်မပြတ်ပေါက်ကွဲခဲ့သော်လည်း ယနေ့အချိန်တွင်မူ ပေါက်ကွဲခြင်းမရှိတော့သော မီးငြိမ်းတောင်မီးတောင်ကြီးတစ်ခုအဖြစ် မြန်မာ့မြေပေါ်တွင် ငွားငွားစွင့်စွင့်ရှိနေဆဲပင်ဖြစ်သည်။ ထိုမီးတောင်ကြီးသည်ကား မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိနေသည့် ပုပ္ပားတောင်ကြီးပင်ဖြစ်သည်။

ကမ္ဘာပေါ်တွင် မီးတောင်များကို အများဆုံးတွေ့မြင်နိုင်သည့်နေရာများမှာ အာဖရိကဒေသနှင့် မက်ဒီတာရေးနီးယန်းပင်လယ်တို့ဖြစ်ကြသည်။ ထိုနေရာများထဲမှ အရှေ့အာဖရိကနှင့် ကွန်ဗီနာ (Convina) ဒေသအကြားတွင် အရွယ်အစားအမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ပေါက်ကွဲမှုပုံစံအမျိုးမျိုးရှိသော မီးတောင်များကို တွေ့ရှိနိုင်သလို ကမ္ဘာပေါ်ရှိ အမြင့်ဆုံးသော မီးတောင်များနှင့်အနိမ့်ဆုံးသော မီးတောင်များကိုလည်း ထိုဒေသတွင် တွေ့ရှိနိုင်သည်။

တစ်နည်းဆိုရသော် ကမ္ဘာပေါ်ရှိ မီးတောင်များကို စူးစမ်းလေ့လာလိုသူများ၊ သုတေသနပြုလိုသူများ၊ မီးတောင်ဝန်းကျင်ရှိ မြေမျက်နှာသွင်ပြင်အနေအထားကို လေ့လာအကဲခတ်လိုသူများ အားလုံးအတွက် ထိုဒေသသည် တစ်နေရာတည်းဖြင့် ပြီးပြည့်စုံသော ကမ္ဘာ့မီးတောင်ဝန်းကျင်ဒေသကြီးတစ်ခုပင်ဖြစ်သည်။ ကမ္ဘာပေါ်၌ မီးတောင်ပေါက်ကွဲမှုကြီးများ အကြိမ်ပေါင်းများစွာ ဖြစ်ပွားခဲ့သည်။ သို့ရာတွင် လွန်လေပြီးသော အတိတ်ကာလများက မီးတောင်ပေါက်ကွဲမှုကို မှတ်တမ်းမတင်နိုင်ခဲ့ကြသည့်အတွက် မီးတောင်ပေါက်ကွဲမှုသမိုင်းအပြည့်အစုံကို ဖော်ထုတ်ရယူနိုင်ခြင်းမရှိခဲ့ပေ။

ကမ္ဘာ့မီးတောင်များ ပေါက်ကွဲမှုကို အစောဆုံးအသိအမှတ်ပြုနိုင်ခဲ့သည့် မှတ်တမ်းများအနက် အေဒီ ၇၉ ခုနှစ်က ရောမအင်ပါယာရှိ Visuviyus မီးတောင်ကြီးပေါက်ကွဲမှုသည်လည်း တစ်ခုအပါအဝင်ဖြစ်ခဲ့သည်။ ယင်းမီးတောင်ကြီးပေါက်ကွဲမှုကြောင့် ရှေးဟောင်းမြို့တော်ကြီးဖြစ်သော ပွန်ပေမြို့တစ်ခွင်လုံးတွင် ရွှံ့နှင့်ချော်ရည်များ ပေ ၂၀ အမြင့်အထိတိုင် လွှမ်းမိုးသွားခဲ့ပြီး လူပေါင်း ၂၀၀၀၀ ခန့် သေဆုံးခဲ့ကြရသည်။

၁၉၉၀ ပြည့်နှစ်က အမေရိကန်ပြည်ထောင်စု အလာစကာပြည်နယ်အတွင်း၌ တည်ရှိသော အန်ကာရေမြို့အနီးရှိ မီးတောင်ကြီးပေါက်ကွဲခဲ့ရာ မြေပြင်အထက် ခုနစ်မိုင်အမြင့်အထိ မီးခိုးနှင့် ပြာမှုန်များ လွင့်စဉ်ပျံ့နှံ့ခဲ့ကြသည်။ မီးတောင်အနီးတစ်ဝိုက်တွင် နေထိုင်သူများကို ကြိုတင်ရွှေ့ပြောင်းပေးနိုင်သည့်အတွက် လူအသေအပျောက် မရှိခဲ့ပေ။ အလားတူပင် ၁၉၉၁ ခုနှစ်ကလည်း ဖိလစ်ပိုင်နိုင်ငံရှိ ကမ္ဘာ့နာမည်ကျော် ပင်နာဘူတိုမီးတောင်ကြီး ပြင်းထန်စွာပေါက်ကွဲခဲ့ရာ လူပေါင်း ၈၀၀ ကျော် သေဆုံးခဲ့ရသည်။ မီးတောင်အနီးတစ်ဝိုက်တွင် နေထိုင်သူများကို ကြိုတင်ရွှေ့ပြောင်းပေးခဲ့ပါလျက် မျှော်လင့်ထားသည်ထက် ပို၍ပြင်းထန်စွာ ပေါက်ကွဲခဲ့သည့်အတွက် လူပေါင်းများစွာ သေဆုံးခဲ့ရခြင်းဖြစ်သည်။

၁၉၉၅ ခုနှစ်ကလည်း ကာရစ်ဘီယံပင်လယ်အတွင်းရှိ ကျွန်းတစ်ကျွန်းပေါ်မှ မီးတောင်ပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ရာ အဏုမြူဗုံးပေါက်ကွဲသကဲ့သို့ မှိုပွင့်ပုံသဏ္ဌာန် ဧရာမပြာမှုန်တိမ်တိုက်ကြီး ဖြစ်ပေါ်လာပြီး မြေပြင်အထက် ပေ ၂၀၀၀ ခန့်အထိ မြင့်တက်သွားခဲ့သည်။ မီးတောင်ပေါက်ကွဲမည့်ကိစ္စကို ကြိုတင်သိရှိခဲ့သောကြောင့် မီးတောင်အနီးတစ်ဝိုက်တွင် နေထိုင်သူများကို ဘေးကင်းရာသို့ စနစ်တကျ ရွှေ့ပြောင်းပေးနိုင်ခဲ့သောကြောင့် လူအသေအပျောက်မရှိခဲ့ပေ။

ကမ္ဘာ့မီးတောင်ပေါက်ကွဲမှုသမိုင်းတွင် အကြီးမားဆုံးသော ဖြစ်ရပ်ကြီးတစ်ခုသည် ၁၈၈၃ ခုနှစ်က ဖြစ်ပွားခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ ကရာကာတိုဝါကျွန်းပေါ်ရှိ ဧရာမမီးတောင်ကြီးသည် အင်အားပြင်းထန်စွာဖြင့် ပေါက်ကွဲခဲ့သောကြောင့် ပေ ၁၂၀ ကျော်မြင့်မားသော ပင်လယ်ဒီရေလှိုင်းများ ဖြစ်ပေါ်ကာ ဂျာဗားကျွန်းနှင့် စူမာတြားကျွန်းများအနီးရှိ ကျွန်းငယ်များနှင့် ရွာပေါင်းများစွာတို့ကို ဖုံးလွှမ်းသွားခဲ့သည်။ ရေလွှမ်းမိုးမှုကြောင့် လူပေါင်း ၃၆၀၀၀ နီးပါး သေဆုံးခဲ့ကြရသည်။

ဟိုက်ဒရိုဂျင်ဗုံးအလုံး ၃၀ ၏ ပေါက်ကွဲမှုနီးပါးမျှ ပြင်းထန်သော အဆိုပါမီးတောင်ကြီးပေါက်ကွဲမှုသည် ကမ္ဘာ့သမိုင်းတွင် အကြီးမားဆုံးသော တုန်ဟည်းဆူညံသံကြီးများကို ထွက်ပေါ်စေခဲ့ရာ ကီလိုမီတာ ၅၀၀၀ နီးပါးမျှ ကွာဝေးသော သြစတြေးလျကုန်းတွင်းပိုင်းဒေသများကပါ ပေါက်ကွဲသံကြီးကို ကြားခဲ့ကြရသည်။

မီးတောင်ပေါက်ကွဲမှုများကြောင့် လူမှုအကျိုးစီးပွားကို သိသိသာသာ ထိခိုက်ပျက်စီးစေသော သာဓကမျိုးလည်း ရှိခဲ့ဖူးသည်။ ၁၈၁၅ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံရှိ မီးတောင်တစ်လုံး ပေါက်ကွဲခဲ့ရာ လူ ၁၂၀၀၀ ကျော် သေဆုံးခဲ့သည်။ မီးတောင်ပေါက်ကွဲရာဒေသတစ်ဝိုက်တွင် အခိုးအငွေ့များ၊ ဖုန်မှုန့်များ၊ ပြာမှုန်များသည် ထုထည်ပမာဏကြီးမားစွာဖြင့် လေထဲသို့ ပျံ့လွင့်သွားကာ ရက်အနည်းငယ်မျှ အမှောင်ဖုံးသွားခဲ့သည်။ အဆိုပါဖြစ်ရပ်ကြီး၏ အကျိုးဆက်အဖြစ် ငတ်မွတ်ခေါင်းပါးမှုကိုပါ ကြုံတွေ့ခဲ့ကြရပြီး ထောင်ပေါင်းများစွာသော ဒေသခံတို့ ထပ်မံသေဆုံးခဲ့ကြသည်။

ကမ္ဘာ့အထင်ကရ မီးတောင်များထဲတွင် တစ်ခုအပါအဝင်ဖြစ်ခဲ့သော မီးတောင်ကြီးတစ်လုံးသည် မြန်မာနိုင်ငံအတွင်း၌ တည်ရှိနေသည်။ ထိုမီးတောင်ကြီးသည် လွန်ခဲ့သော နှစ်သန်းပေါင်းများစွာက အဆက်မပြတ် ပေါက်ကွဲခဲ့သော်လည်း ယနေ့အချိန်တွင်မူ ပေါက်ကွဲခြင်းမရှိတော့သော မီးငြိမ်းတောင်မီးတောင်ကြီးတစ်ခုအဖြစ် မြန်မာ့မြေပေါ်တွင် ငွားငွားစွင့်စွင့် ရှိနေဆဲပင်ဖြစ်သည်။ ထိုမီးတောင်ကြီးသည်ကား မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိနေသည့် ပုပ္ပားတောင်ကြီးပင်ဖြစ်သည်။

မြန်မာ့သမိုင်းတွင် အထင်ကရရှိနေခဲ့သော၊ ယနေ့ထိတိုင်လည်း အထင်ကရရှိနေဆဲပင်ဖြစ်သော ပုပ္ပားတောင်ကြီးသည် ရှေးမြန်မာလူမျိုးတို့၏ လက်ထက်မှစ၍ ယနေ့မြန်မာတို့၏ လက်ထက်အထိတိုင် ရိုးရာယုံကြည်မှုများနှင့် ပတ်သက်နေသော အထင်ကရနေရာတစ်ခုလည်း ဖြစ်သည်။

တောင်ထိပ်ပေါင်းများစွာဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော ပုပ္ပားတောင်ကြီး၏ အမြင့်ဆုံးသောနေရာသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၄၉၈၁ ပေခန့်ရှိနေပြီး အနိမ့်ဆုံးသောတောင်ထိပ်မှာမူ ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၉၈၀ မြင့်သည်။ ပုပ္ပားတောင်ခြေဧရိယာသည် စတုရန်းမိုင် ၂၅ မိုင် ကျယ်ဝန်းပြီး တောင်ကုန်း၊ တောင်တန်း၊ တောင်ပူစာနှင့်တောင်ထွတ်များဖြင့် ပြည့်နှက်နေသော သဘာဝပတ်ဝန်းကျင်ကြီးတစ်ခုဖြစ်သည်။

စာမျက်နှာ ၁၁ သို့

မြန်မာ့အလင်းမြို့နယ်သတင်းထောက်များ လူမှုရေးအဖွဲ့ နှစ်လည်စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၀

မြန်မာ့အလင်းသတင်းစာတိုက်၏ မြို့နယ်သတင်းထောက်များ လူမှုရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီက ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)ရှိ မြန်မာ့အလင်းသတင်းစာတိုက်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အလုပ်အမှုဆောင်အဖွဲ့၏အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ကို တာဝန်ရှိသူများက ကဏ္ဍအလိုက်ရှင်းလင်း ဖတ်ကြားပြီး အလုပ်အမှုဆောင်သစ်များ ရွေးချယ်ကြရာ ဥက္ကဋ္ဌအဖြစ် ဦးစိုးဝင်း (ကျောက်တန်း)၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးသန်းမောင် (ရန်ကင်း)၊ အတွင်းရေးမှူးအဖြစ် ဦးတင်ဝင်းလေး (ကြည့်မြင်တိုင်)၊ တွဲဖက်အတွင်းရေးမှူးအဖြစ် ဦးသန်းဝင်း(သန်လျင်)၊ ဘဏ္ဍာရေးမှူးအဖြစ် ဦးအောင်သန်း (မင်္ဂလာတောင်ညွန့်)၊ စာရင်းစစ်အဖြစ် ဦးမျိုးမင်းသိန်း(မရမ်းကုန်း)နှင့် ဦးဇော်ဝင်းမြင့်(တောင်ဥက္ကလာ)၊ ဦးမြင့်အောင် (အလုံ)၊ ဦးထွန်းဇော် (စမ်းချောင်း)၊ ဦးတင်ကြည်(သဃ်န်းကျွန်း)၊ ဦးသန်းထိုက် (လှိုင်သာယာ)တို့ကို ရွေးချယ်ကြသည်။

အဆိုပါအဖွဲ့သည် မြို့နယ်သတင်းထောက်များ၏ လူမှုရေးကိစ္စများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားမည်ဖြစ်ရာ အနယ်နယ်အရပ်အရပ်ရှိ မြန်မာ့အလင်း သတင်းထောက်များအနေဖြင့် အဖွဲ့ဝင်အဖြစ် ပါဝင်လိုပါက ဖုန်း ၀၉- ၇၃၉၀၁၇၇၂၊ ၀၉-၇၃၀၈၅၁၉၉၊ ၀၉- ၃၁၂၈၅၄၇၇၊ ၀၉-၅၁၆၁၈၇၄နှင့် ၀၉-၇၃၁၃၀၈၅၂ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။**(ယာပုံ)**

ကိုကြီးတင်

လွှတ်တော်ရေးရာကဏ္ဍ

ပင်္ဂိုပက္ခဖြစ်သောအဖွဲ့များအကြားညှိနှိုင်း၍ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရန်ကြိုးပမ်းခြင်းများသည် အလွန်ထူးခြားကောင်းမွန်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသမ္မတ မစ္စတာ ဂျိုဝါချင်ဂေါက်ခ် ဦးဆောင်သည့် အဖွဲ့တို့သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက် အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။ (ယာပုံ)

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် နာယကနှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယ နာယက ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါ်အောင်ဆန်းစုကြည်၊ ဦးမောင်မောင်သိမ်း၊ ဦးတီခွန်မြတ်၊ ဦးလှမြင့်ဦး၊ ဦးဌေးမြင့်၊ ကော်မတီအတွင်းရေးမှူး ဦးအေးမောက်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးဉာဏ်ဆွေဝင်း၊ ဦးစိုင်းသီဟကျော်၊ ဒေါ်ခင်စောဝေ၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူ၊ ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးနွယ်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီးလည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းက အဆွေတော်သမ္မတကြီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို မိမိတို့လွှတ်တော်က ကြိုဆိုပါကြောင်းနှင့် ယခုလို တွေ့ဆုံရသည့်အတွက် ဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသည် ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို ကောင်းမွန်စွာကျင့်သုံးသည့် နိုင်ငံဖြစ်ပြီး ဂျာမနီနိုင်ငံသားများသည် စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်ကြသူများဖြစ်၍ နမူနာယူစရာဖြစ်ပါကြောင်း။

ယနေ့မြန်မာနိုင်ငံသည် ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိရာ တစ်ချိန်က မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ခဲ့သည့် နိုင်ငံများအနေဖြင့် ပိတ်ဆို့မှုများ လျှော့ချပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုပြုလုပ်နေပြီး ဂျာမနီနိုင်ငံနှင့်ဆက်ဆံရေး တိုးတက်လာချိန်၌ အဆွေတော်သမ္မတကြီး၏ ခရီးစဉ်သည်များစွာ အကျိုးရှိမည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်သမ္မတကြီး အနေဖြင့် မြန်မာနိုင်ငံအပေါ် ကြွေးမြီလျှော်ပေးမည်ဆိုသည့် သတင်းကောင်းကြားသိရ၍ မိမိတို့ဝမ်းမြောက်ပါကြောင်း။

မိမိတို့အနေဖြင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို မဖြစ်မနေ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်သည် လွယ်ကူသောကိစ္စမဟုတ်သော်လည်း အခက်အခဲများကို ရင်ဆိုင်ကျော်လွှားသွားရန် ဆုံးဖြတ်ထားပါကြောင်း၊ အဆွေတော်သမ္မတကြီး လာရောက်ခြင်းသည် မိမိတို့အတွက် များစွာအားတက်စရာဖြစ်၍ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအပေါ် များစွာကူညီဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့အနေဖြင့် အတိတ်က မြန်မာနိုင်ငံသမိုင်းဖြစ်ရပ်များအပေါ် သင်ခန်းစာယူပြုပြင်ပြောင်းလဲသွားမည်ဖြစ်ကြောင်း၊ သမိုင်းသင်ခန်းစာအရ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမရှိဘဲ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် ထူထောင်၍မရနိုင်ဟုနားလည်ပါကြောင်း။

မိမိတို့လွှတ်တော်အတွင်း၌ နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးဖြစ်ထွန်းမည့်ကိစ္စရပ်များကို ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်သည့် အယူဘာသာအစွဲ မထားဘဲ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်တွင်း၌ နိုင်ငံရေးပါတီ ၁၉ ခုမှကိုယ်စားလှယ်များ ပါဝင်လျက်ရှိပါကြောင်း၊ ယခုအချိန်တွင် မိမိတို့အနေဖြင့် ပါတီတစ်ခုနှင့်တစ်ခု ရန်ဘက်ကဲ့သို့ သဘောမထားဘဲ မိတ်ဖက်အဖြစ် သဘောထားဆောင်ရွက်နေပါကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် ဂျာမနီနိုင်ငံ သမ္မတက ယခုလို မိမိတို့လာရောက်ခြင်းသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများအား လာရောက်ဂုဏ်ပြုခြင်းဖြစ်ပါကြောင်း၊ မိမိတို့ဘက်ကလည်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများအား ဆက်လက်ထောက်ခံ ကူညီအားပေးနေမည်ဖြစ်ပါကြောင်း၊ မိမိနှင့်အတူ ဂျာမနီအစိုးရအဖွဲ့ဝင်နှင့် စီးပွားရေးလုပ်ငန်းရှင်များလိုက်ပါလာကြောင်း၊ ယနေ့ ဂျာမနီနိုင်ငံဘက်မှ ကြွေးမြီများလျှော့ချပေးခြင်း၊ ပေးဆပ်ရမည့်အချိန်တိုးမြှင့်ပေးခြင်းများ သဘောတူကြောင်း၊ စာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး ဂျာမနီစီးပွားရေးကိုယ်စားလှယ် အသင်းရုံးခန်းအားလည်း ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအား ရွေးကောက်ပွဲအမီဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ မီဒီယာလွတ်လပ်ခွင့်၊ နိုင်ငံရေးပါတီများစွာ ပေါ်ပေါက်လာခြင်း၊ ပင်္ဂိုပက္ခဖြစ်သော အဖွဲ့များအကြားညှိနှိုင်း၍ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရန် ကြိုးပမ်းခြင်းများသည် အလွန် ထူးခြားကောင်းမွန်ကြောင်း၊ မိမိအနေဖြင့် အဆွေတော်တို့ ဆောင်ရွက်နေသော ကောင်းမွန်သောလုပ်ဆောင်ချက်များ အောင်မြင်စေရေး ဆုမွန်ကောင်း တောင်းလိုပါကြောင်းဖြင့် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဂျာမနီနိုင်ငံ သမ္မတသည် ပြည်ထောင်စုလွှတ်တော် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးခဲ့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

အမျိုးသားစီမံကိန်းဥပဒေကြမ်း၏နောက်ဆက်တွဲ-၂(က)ပါ နိုင်ငံပိုင်လုပ်ငန်း စီမံကိန်းလျာထားချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုလွှတ်တော် နဝမ ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အစီအစဉ် (၈)ခုဖြင့် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယကက လစ်လပ်လျက်ရှိသော ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရာထူးနေရာတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီအား ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် နိုင်ငံတော်သမ္မတထံမှ ပေးပို့တင်ပြထားပြီး ကိုယ်ရေးမှတ်တမ်းမိတ္တူများကို ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပါကြောင်း၊ အဆိုပါပုဂ္ဂိုလ်သည် သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်းကို သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသူရှိပါက အမည်စာရင်းပေးပို့နိုင်ကြောင်း လွှတ်တော်သို့အသိပေးသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ နောက်ဆက်တွဲ-၂(က)ပါ နိုင်ငံပိုင် လုပ်ငန်း စီမံကိန်းလျာထားချက်များနှင့် စပ်လျဉ်း၍လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခဲ့ကြသည်။

တံတားဦးမဲဆန္ဒနယ်မှ ဒေါ်ခင်သန္တာက နိုင်ငံတစ်ဝန်းလုံးတွင် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်နေပါကြောင်း၊ တံတားဦးမြို့နယ် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ထည့်သွင်းလျာထားခြင်း မရှိပါကြောင်း၊ လျာထားချက်တွင် မပါရှိသောမြို့နယ်များအတွက် နစ်နာရပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၊ ဝန်ကြီးခရီးစဉ်များ၊ ကိုယ်စားလှယ်များ၏ တောင်းဆိုမှုများကိုသာ ထည့်သွင်းလျာထားခြင်းမျိုးမဟုတ်ဘဲ ဝန်ကြီးဌာနမှ အမှန်တကယ်လိုအပ်ချက်များကိုသာ လျာထားစေလိုပါကြောင်း၊ မိမိတို့မြို့နယ်ဆေးရုံကို (၁၆)ခုတင်ဆံ့အဖြစ် ၁၉၅၅ ခုနှစ်တွင် ဆောက်လုပ်ခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် ခုတင်(၅၀)ဆံ့အဖြစ် အဆင့်မြှင့်တင်ခဲ့သော်လည်း ယခုအချိန်အထိ အဆောက်အအုံများ လိုအပ်နေဆဲဖြစ်ပြီး ဖွဲ့စည်းပုံ စံကိုက်ပုံစံမရှိသေးပါကြောင်း၊ သားဖွားခန်း၊ ခွဲစိတ်ခန်း၊ ဆေးစတိုခန်း၊ ဆရာဝန်၊ ဆရာမများအတွက် ဝန်ထမ်းအိမ်ရာ စသည့် အဆောက်အအုံများစွာ လိုအပ်နေပါကြောင်း။

အားကစားနှင့် ပတ်သက်၍ ဝဏ္ဏသိဒ္ဓိ Sport Complex တည်ဆောက်ခြင်းလုပ်ငန်းအတွက် ကျပ်သန်း ၉၉၆၈ ဒသမ ၂၀၀ လျာထားသည်ကို တွေ့ရပါကြောင်း၊ ယင်းလျာထားချက်ကို တစ်ဝက်လျှော့ သို့မဟုတ် ပယ်ဖျက်ပြီး မြို့နယ်အားကစားကွင်းများအတွက် ပြောင်းလဲလျာထားရန် ပြင်ဆင်အဆိုပြုပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်းက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရင်းနှီးမြှုပ်နှံမှု လျာထားချက်၌ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ကျောင်းများဆောက်လုပ်ရန် ရန်ပုံငွေခွဲဝေထားမှုတွင် အန္တရာယ်ရှိကျောင်းဆောင်ဟောင်းများ ဖျက်သိမ်းပြီး အသစ်ဆောက်လုပ်မည့် ကျောင်း ၆၂၀ ၊ ကျောင်းသားဦးရေ အရ အသစ်တိုးချဲ့ဆောက်လုပ်မည့် ကျောင်း ၃၂၇ ကျောင်း၊ ဥပမိရုပ်မကောင်းသည့် ကျောင်းဟောင်းများ ဖျက်သိမ်းပြီး အသစ်ဆောက်မည့် ကျောင်း ၃၁၆ ကျောင်း၊ လွှတ်တော်ကိုယ်စားလှယ်များတင်ပြသည့် ကျောင်း ၅၃၉ ကျောင်း စုစုပေါင်း ၁၈၀၂ ကျောင်း ဆောက်လုပ်ရန်လျာထားသည်ကို တွေ့ရှိရပါကြောင်း။

ယခု ဆွေးနွေးလိုသည်မှာ ဆောက်လုပ်ဆဲကျောင်းများ ကိစ္စဖြစ်ပါကြောင်း၊ ဆောက်လုပ်ဆဲဆိုသည်မှာ မိမိရပ်ရွာတွင် ကလေးသူငယ်များ ပညာသင်ကြားနေသည့် ကျောင်းသည်အန္တရာယ်ရှိ၍ သော်လည်းကောင်း၊ ဥပမိရုပ်မကောင်း၍ သော်လည်းကောင်း ရပ်မိရပ်ဖများက ငွေကြေးစုဆောင်းပြီး ကျောင်းဆောင်သစ် ဆောက်လုပ်ခဲ့သော်လည်း ငွေကြေးအခက်အခဲရှိ၍ အပြီးမသတ်နိုင်သေးသည့် ကျောင်းများဖြစ်ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင် ဆောက်လုပ်ဆဲကျောင်းများအတွက် သီးခြားဖော်ပြပြီး ချထားပေးခြင်း မရှိသည်ကို တွေ့ရှိရပါကြောင်း။

မြို့နှင့်အလှမ်းဝေးသည့် ဒေသများတွင် တာဝန်ထမ်းဆောင်နေကြသည့် ကျန်းမာရေးဝန်ထမ်းများ စိတ်လက်ချမ်းသာစွာနေထိုင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် လိုအပ်ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ယားတောင် ကျေးလက်ကျန်းမာရေးဌာန ဝန်ထမ်းအိမ်ရာနှင့် ချောင်းနွားတိုက်နယ်ဆေးရုံ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရေးအတွက် ရန်ပုံငွေများ ထည့်သွင်းခွဲဝေပေးရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ထို့နောက် လွှတ်တော်နာယကက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ နောက်ဆက်တွဲ -၂(က)ပါ နိုင်ငံပိုင်လုပ်ငန်းစီမံကိန်းလျာထားချက်များနှင့် စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ကော်မတီများက အဆိုတင်သွင်း ဆွေးနွေးဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

ယင်းသို့ ဆွေးနွေးခဲ့ကြရာတွင် ပြင်ဆင်ချက်အဆိုပါရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် သက်ဆိုင်ရာကော်မတီနှင့် ဆက်သွယ်ဆောင်ရွက်ကြရန်နှင့် ကော်မတီအလိုက် အဆိုတင်သွင်းဆွေးနွေးခြင်း၊ ယင်းပြင်ဆင်ချက်အဆိုများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း၌ ပါရှိသောဌာန၊ အဖွဲ့အစည်းနှင့် ခေါင်းစဉ်များအလိုက် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက သဘောထားတင်ပြခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းနှင့် လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်သည့်အတိုင်း ပြင်ဆင်ထားသည့်ဥပဒေကြမ်း တစ်ရပ်လုံးကို အတည်ပြုခြင်းများ ဆောင်ရွက်မည့်နေ့ရက်ကို ထပ်မံအသိပေးမည်ဖြစ်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင်ရပ်နားခဲ့ပြီး အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တံတားဦးမဲဆန္ဒနယ်မှ ဒေါ်ခင်သန္တာ ဆွေးနွေးစဉ်။ (သတင်းစဉ်)

ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

ကျောဖုံးမှ

ဗန်ကောက်၊ စင်ကာပူ၊ ကွာလာလမ်ပူ၊ ကွမ်ကျိုး၊ စီရမ်ရိ၊ ဖနောင်ပင်နှင့်ဂါယာမြို့များသို့ Airbus A320 (လူဦးရေ ၁၈၀ ဆံ့)၊ Airbus A319 (လူဦးရေ ၁၂၀ ဆံ့)လေယာဉ်များဖြင့် ပုံမှန်ပျံသန်းပေးလျက်ရှိပြီး(Charter Flight) စင်းလုံးငှားခရီးစဉ်များကိုလည်း သွားလိုသည့် ပြည်ပနိုင်ငံများအတွက် အလျင်အမြန် အလွယ်ကူဆုံး အချိန်မရွေး ဆက်သွယ်ငှားရမ်းနိုင်သည်။ ပြည်တွင်းခရီးစဉ်များအတွက်လည်း စင်းလုံးငှားခရီးစဉ်များအား ဝန်ဆောင်မှုအပြည့်၊ ဈေးနှုန်းအသက်သာဆုံးဖြင့် ခရီးသည်များ စိတ်ချစွာသွားနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) သည် ၁၉၉၃ ခုနှစ်မှ စတင်ကာ ပြည်ပခရီးစဉ်များအား ပျံသန်းပေးလျက်ရှိပြီး ၁၀၀ ရာနှုန်းပြည့် အန္တရာယ်ကင်း လေကြောင်းလိုင်းအဖြစ် ရပ်တည်နေခြင်းဖြစ်ကြောင်း သိရသည်။

လေယာဉ်စင်းလုံးငှား (Charter Flight) များအတွက် ဖုန်း ၀၁- ၂၅၅၂၆၀၊ လိုင်းခွဲ ၄၀၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ဆွေဆွေနိုင်(သတင်းစဉ်)

ကျေးလက်ရေပေးရေးလုပ်ငန်း ဆောင်ရွက်

မိုးကောင်း ဖေဖော်ဝါရီ ၁၀

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၅ သန်းဖြင့် မိုးကောင်းမြို့နယ် လမ်းခွ-နမ္မတီး စိမ့်စမ်းရေသွယ် ကျေးလက်ရေပေးရေးလုပ်ငန်း ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ ဖေဖော်ဝါရီ ၆ ရက်က မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှူး ဦးအေးနိုင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ **(ဝ၆၂)**

ပြည်တွင်းသတင်း

❀ ရှေ့ဖုံးမှ

နှုတ်ဆက်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး၊ ဦးသိန်းညွန့်၊ ဦးဇေယျာအောင်နှင့်ဇနီး၊ ဦးမောင်မြင့်၊ ဦးဝင်းရှိန်၊ ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးနွယ်နှင့်ဇနီးတို့နှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက် နှစ်နိုင်ငံသမ္မတတို့သည် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ တွေ့ဆုံကြသည်။ **(ယာပုံ)**

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေမှုအခြေအနေ၊ ရရှိခဲ့သည့် အောင်မြင်မှုများ၊ တွေ့ကြုံရသည့်စိန်ခေါ်မှုများ၊ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ ငြိမ်းချမ်းရေးတည်ဆောက်မှု၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားနှင့်အလတ်စားစက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးဇေယျာအောင်၊ ဦးမောင်မြင့်၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ ဒေါက်တာလင်းအောင်၊ ဂျာမနီနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် ဂျာမနီနိုင်ငံသမ္မတနှင့် အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး H.E. Mr. Christian Ludwig Weber-Lortsch လည်း တက်ရောက်သည်။

၁၉၈၆ ခုနှစ်တွင် ဂျာမနီနိုင်ငံသမ္မတ မစ္စတာ ရစ်ချတ် ဗွန် ဗိုက်ဆိုက်ကာသည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့ပြီးနောက် ယခုအကြိမ်သည် ၂၆ နှစ်အကြာတွင် ဂျာမနီသမ္မတတစ်ဦးအနေဖြင့် မြန်မာနိုင်ငံသို့ ပထမဆုံးလာရောက်ခဲ့သည့် ခရီးစဉ်ဖြစ်သည်။

မြန်မာနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ဂျာမနီနိုင်ငံ၏ငွေကြေးအကူအညီ အထောက်အပံ့ ယူရိုငွေ ခုနစ်သန်းဖြင့် ဆောင်ရွက်မည့် Rural Infrastructure Programme အတွက် Financing Agreement (grant) အား အကောင်အထည်ဖော်နိုင်ရေးအတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ဆွေးနွေးညှိနှိုင်းခဲ့သည်။ ဖွံ့ဖြိုးမှုလုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သော German Society for International Cooperation သည် မြန်မာ-ဂျာမနီ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲရည်ရွယ်သည့်စာလွှာ (Joint Letter of Intent) ကို ၂၀၁၂ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါစာလွှာအရ ဂျာမနီနိုင်ငံအစိုးရက မြန်မာနိုင်ငံသို့ ယူရို ၁၅ သန်း အကူအညီပေးမည်ဖြစ်ပြီး အသက်မွေးဝမ်းကျောင်းသင်တန်းဌာန အိမ်တွင်းစက်မှုလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ ဘဏ္ဍာရေးစနစ်၊ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်း အစီအစဉ်သုံးခုအတွက် ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ယူရို ၁၅ သန်း အကူအညီပေးရန် လျာထားပြီးဖြစ်သည်။

မြန်မာ-ဂျာမနီ နှစ်နိုင်ငံ ကုန်သွယ်မှုအနေဖြင့် ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်း ဂျာမနီနိုင်ငံသို့ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၉၈ သန်း တင်ပို့ခဲ့ရာ ယခင်နှစ်ကထက် ၁ ဒသမ ၅၄ ရာခိုင်နှုန်း ပိုမိုတင်ပို့နိုင်ခဲ့သည်။ ဂျာမနီနိုင်ငံမှ အမေရိကန်ဒေါ်လာ ၁၄၄ ဒသမ ၅၅ သန်း တင်သွင်းခဲ့ပြီး ယခင်နှစ်ကထက် ၅၁ ဒသမ ၉၇ ရာခိုင်နှုန်း တိုးလာခဲ့သည်။ စုစုပေါင်းကုန်သွယ်မှု ပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ၁၈၇ ဒသမ ၅၃ သန်းဖြစ်ပြီး ယခင်နှစ်ကထက် ၃၆ ဒသမ ၄၄ ရာခိုင်နှုန်းပိုမိုလာခဲ့သည်။

ဂျာမနီနိုင်ငံသည် မြန်မာနိုင်ငံနှင့် ကုန်သွယ်ဖက်နိုင်ငံ အဆင့်(၉)တွင်ရှိပြီး ၂၀၁၂-၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံမှ အများဆုံးတင်ပို့ခဲ့သည့် အဓိကပို့ကုန်ပစ္စည်းများမှာ ချုပ်ပြီးအထည်၊ ဆန်၊ ပဲအမျိုးမျိုး၊ ဖိနပ်ပစ္စည်းများနှင့် အခြားသစ်တောထွက်တို့ဖြစ်သည်။ ဂျာမနီနိုင်ငံမှ အများဆုံးတင်သွင်းခဲ့သည့် အဓိကသွင်းကုန်ပစ္စည်းများမှာ စက်နှင့်စက်ပစ္စည်းများ၊ လျှပ်စစ်ဆိုင်ရာစက်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေးပစ္စည်းများနှင့် သိပ္ပံပစ္စည်းကိရိယာများ ဖြစ်သည်။

ယခုနှစ် ၂၀၁၃-၂၀၁၄ ခုနှစ် ဧပြီမှ ဒီဇင်ဘာအတွင်း ဂျာမနီနိုင်ငံသို့ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၂၅ သန်းတင်ပို့ခဲ့ရာ ယခင်နှစ်ကထက် ၃၄ ဒသမ ၇၄ ရာခိုင်နှုန်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် ဂျာမနီသမ္မတ၏ဇနီးတို့ တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံသမ္မတ၏ဇနီး မစ္စစ် ဒါနီလာရှထ်တို့သည် ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ တွေ့ဆုံခဲ့ကြသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

သန်းခေါင်စာရင်း၏အနှစ်သာရမှာ သန်းခေါင်စာရင်းမေးခွန်းများကို မှန်မှန်ကန်ကန်ဖြေကြားခြင်းပင်ဖြစ်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းဆိုင်ရာ သတင်းစာရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၀ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏမိုးလုံလေလုံအားကစားခန်းမ၌ကျင်းပရာ အခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဗဟိုသန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မီဒီယာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအခြေစိုက် ပြည်တွင်းနှင့် နိုင်ငံတကာသတင်းဌာနများ၊ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် အသံလွှင့်ဌာနများ၊ ရုပ်ရှင်၊သဘင်၊ စာပေ၊ ဂီတအစည်းအရုံးမှ တာဝန်ရှိသူများ စုစုပေါင်းအင်အား ၁၀၀၀ ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနား တက်ရောက်လာကြသူများအား သန်းခေါင်စာရင်း ဇာတ်လမ်းတိုပြသပြီးနောက် တေးသံရှင်ရှစ်ဦးက စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်ဖြင့် သီဆိုဖျော်ဖြေ၍ တိုင်းရင်းသားအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ**(ယာပုံ)**က သန်းခေါင်စာရင်းကောက်ယူခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ရေးဆွဲချမှတ်ရာတွင် လိုအပ်သည့်လူဦးရေ၊ ကိန်းဂဏန်းအချက်အလက်များ ရရှိရေးအတွက်ဖြစ်ပါကြောင်း၊ တိကျသောလူဦးရေနှင့် ကိန်းဂဏန်းအချက်များ ရရှိမှသာ မှန်ကန်သောစီမံကိန်းများ ရေးဆွဲချမှတ်နိုင်မည်ဖြစ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေဆောင်ရွက်ရသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ယင်းလုပ်ငန်းကို နိုင်ငံတော်အစိုးရသစ်တာဝန်ယူပြီး နှစ်လအကြာ ၂-၅-၂၀၁၁ ရက်မှ စတင်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းစဉ်အဆင့် (၄)ဆင့်ခဲ့ကာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ သန်းခေါင်စာရင်းလုပ်ငန်း အောင်မြင်ရေးအတွက် အတွေ့အကြုံရရှိနိုင်စေရန်နှင့် လုပ်ငန်းလိုအပ်ချက်များ သိရှိနိုင်စေရန် ၂၀၁၃ ခုနှစ်အတွင်း စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကိုတိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မြို့နယ် ၂၀ ရွေးချယ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းအတွေ့အကြုံ လိုအပ်ချက်များအပေါ် မူတည်၍ ပြည်လုံးကျွတ်အဆင့်တွင် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းလုပ်ငန်းစဉ်အား နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီဖြစ်စေရေးအတွက် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်၍ နိုင်ငံတကာ နည်းပညာအကြံပေးအဖွဲ့များနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

စာရင်းစစ် စာရင်းကောက်များက တစ်အိမ်တက်ဆင်းဖြင့် အိမ်ထောင်စုတစ်ခုလျှင် မေးခွန်း ၄၁ ချက်မေးမြန်း ကောက်ယူသွားမည်ဖြစ်ပါကြောင်း၊ ယင်းသို့ကောက်ယူရာတွင် သန်းခေါင်စာရင်းရည်ညွှန်းချိန်ဖြစ်သည့် ၂၀၁၄ ခုနှစ် မတ် ၂၉ ရက် ညသန်းခေါင်ယံအချိန်တွင် မြန်မာနိုင်ငံအတွင်းရှိသူ အားလုံးကို ကောက်ယူမည်ဖြစ်ရာ ယင်းရည်ညွှန်းချိန်တွင် မိမိတို့နေအိမ်၌ ရှိနေသူများအား မှတ်သားထားရန်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းမေးခွန်းများသည် လူတစ်ဦးချင်း၏အချက်အလက်နှင့်၎င်းတို့၏ နေထိုင်မှုစနစ်ကို သိရှိနိုင်ရန်ဖြစ်ပြီး ယင်းအချက်အလက်များအား သန်းခေါင်စာရင်းလုပ်ငန်းစဉ်မှတစ်ပါး အခြားကိစ္စများတွင် အသုံးမပြုရန် သန်းခေါင်စာရင်းဥပဒေက အကာအကွယ်ပေးထားပါကြောင်း၊ သန်းခေါင်စာရင်း၏ အနှစ်သာရမှာ သန်းခေါင်စာရင်းမေးခွန်းများကို မှန်မှန်ကန်ကန်ဖြေကြားခြင်းပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်းလုပ်ငန်းစဉ်အပေါ် ပြည်သူများသိရှိနားလည်ပြီး မေးခွန်းများကို မှန်မှန်ကန်ကန်ဖြေကြားရန် အရေးကြီးပါကြောင်း၊ ပြည်သူများ သိရှိနားလည်စေရေးအတွက် အသိပညာပေး လုပ်ငန်းများကိုလည်း နည်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ်သည် ပြည်သူအားလုံး ပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မည့် အမျိုးသားရေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်နှင့် အညီ ပြည်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည် ပူးပေါင်းပါဝင်နိုင်ရေးအတွက် သတင်းမီဒီယာများမှ မိမိတို့ကိုယ်စွမ်းဉာဏ်စွမ်းဖြင့် အနုပညာ၊ အတတ်ပညာများကို ပုံဖော်ကာ ထိထိရောက်ရောက်ရေးသားဖော်ပြထုတ်လွှင့်ချပြပေးကြပါရန် တိုက်တွန်းပါကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ဌာနေကိုယ်စားလှယ် Ms.Janet E-Jackson က မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအပေါ် UNFPA မှ ပံ့ပိုးကူညီဆောင်ရွက်ပေးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

မြန်မာနိုင်ငံ၏ ပြည်ပကြွေးမြီလျှော့ချရေးနှင့် ချေးငွေပြန်လည်ပေးအပ်ချိန် ရွှေ့ဆိုင်းရေးသဘောတူညီချက်လက်မှတ်ရေးထိုး

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံတို့ နှစ်နိုင်ငံလက်မှတ်ရေးထိုးပွဲကို ယနေ့မွန်းတည့် ၁၂ နာရီတွင် နိုင်ငံတော်သမ္မတ အိမ်တော်ရှိ သံတမန်ဆောင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံ သမ္မတမစ္စတာ ဂျိုဝါချင်ဂေါက်ခ်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုးပွဲတွင် "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ ပြည်ပကြွေးမြီလျှော့ချရေးနှင့် ချေးငွေ ပြန်လည်ပေးအပ်ချိန် ရွှေ့ဆိုင်းရေးဆိုင်ရာ သဘောတူညီချက်"ကို မြန်မာနိုင်ငံဘက်မှ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်နှင့် ဂျာမနီနိုင်ငံဘက်မှ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီးတို့က နှစ်နိုင်ငံ သမ္မတများ ရှေ့မှောက်၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ **(ယာပုံ)**

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပသော ပဲရစ်ကလပ်အစည်းအဝေး၌ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ပဲရစ်ကလပ်အဖွဲ့ဝင် မြီရှင်နိုင်ငံများအကြား Agreed Minutes on the Treatment of Debt of the Republic of the Union of Myanmar ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ သဘောတူညီချက် အပေါ်မူတည်၍ ဂျာမနီနိုင်ငံနှင့် မြန်မာနိုင်ငံတို့ နှစ်နိုင်ငံအကြား သဘောတူညီချက်ရရှိရန် ဆက်လက်ညှိနှိုင်းခြင်း ဖြစ်သည်။

ထိုသဘောတူညီချက်အရ ကြွေးရှင်းသည့်ပမာဏမှာ ယူရိုသန်းပေါင်း ၁၀၈၄ သန်းကျော်ရှိပြီး ထိုငွေအနက် ၅၀ ရာခိုင်နှုန်းကို ဂျာမနီနိုင်ငံဘက်မှ ကြွေးလျှော်ပေးခဲ့သည်။ ကျန် ၅၀ ရာခိုင်နှုန်းဖြစ်သည့် ယူရို ၅၄၂ သန်းကျော်အား အတိုးနှုန်း ၃ ရာခိုင်နှုန်း၊ ဆိုင်းငံ့ကာလ ခုနစ်နှစ်၊ ပြန်ဆပ်ကာလ ရှစ်နှစ် စုစုပေါင်း ၁၅နှစ်ဖြင့် ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဂျာမနီနိုင်ငံသမ္မတ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သမ္မတမစ္စတာ ဂျိုဝါချင်ဂေါက်ခ်နှင့် ဇနီး မစ္စစ် ဒါနီလာရှထ်တို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှအထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ နေပြည်တော်သို့ နံနက် ၉ နာရီခွဲတွင် ရောက်ရှိကြသည်။

ဧည့်သည်တော် ဂျာမနီနိုင်ငံ သမ္မတနှင့် ဇနီးနှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး၊ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**(အပေါ်ပုံ)**

အလားတူ ဧည့်သည်တော် သမ္မတနှင့်ဇနီးတို့အား ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အမျိုးသမီးငယ်လေးတစ်ဦးက ဂုဏ်ပြုပန်းစည်းပေးအပ်၍လည်းကောင်း၊ ဂုဏ်ပြုတပ်ဖွဲ့က အလေးပြု၍လည်းကောင်း၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်အဝင် လမ်းဘေးဝဲယာမှ ကျောင်းသား ကျောင်းသူလေးများက နှစ်နိုင်ငံအလံငယ်များကို ဝှေ့ယမ်း၍လည်းကောင်း ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

✳ *ကျောဖုံးမှ*

ဂျာမနီနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးရေးအတွက် ထိရောက်သည့် အကူအညီများ ပေးအပ်ခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ဂျာမနီနိုင်ငံသည် ဥရောပသမဂ္ဂအတွင်း ဦးဆောင်နိုင်ငံဖြစ်ပြီး နိုင်ငံတကာအရေးအခင်းများတွင် တက်တက်ကြွကြွဖြင့် သမာသမတ်ကျကျ ရပ်တည်နေသည့် နိုင်ငံဖြစ်သည့်အတွက် ပြီးခဲ့သည့် နှစ် ၂၀ ကာလအတွင်း အချို့သောအနောက်နိုင်ငံများက မြန်မာနိုင်ငံအပေါ် အပြင်းအထန်ဆန့်ကျင်ဖိအားပေးနေချိန်တွင် ဂျာမနီနိုင်ငံအနေဖြင့် သမာသမတ်ရှိစွာ ရပ်တည်ဆောင်ရွက်ခဲ့သည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း။

မိမိတို့အစိုးရသစ် နိုင်ငံ့တာဝန်စတင်ယူခဲ့ချိန်မှစပြီး နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ မြှင့်တင်ရေးတို့အတွက် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ထိရောက်သည့် အကျိုးရလဒ်များကို ရရှိနေပြီဖြစ်ပါကြောင်း၊ မိမိတို့၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အောင်မြင်စေရန် မိတ်ဆွေနိုင်ငံဖြစ်သည့် ဂျာမနီနိုင်ငံက ထောက်ခံကူညီပေးနေသည့်အတွက်လည်း များစွာအားတက်မှုဖြစ်ရသကဲ့သို့ ကျေးဇူးလည်းအထူးတင်ရှိပါကြောင်း၊မြန်မာနိုင်ငံသည် အာဆီယံဉက္ကဋ္ဌတာဝန်ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစပြီး ပထမဦးဆုံးအကြိမ်အဖြစ် ထမ်းဆောင်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်းတည်ထောင်ရေး လမ်းပြမြေပုံ အကောင်အထည်ဖော်ရာတွင် ကျန်ရှိနေသည့်လုပ်ငန်းများကို အကောင်အထည်ဖော်ရင်း အာဆီယံ၏ ဦးတည်ချက်များပြည့်မီရေးကို ဖြည့်ဆည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော်သမ္မတကြီး၏ မြန်မာနိုင်ငံချစ်ကြည်ရေး ခရီးစဉ်သည် နှစ်နိုင်ငံတည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရေးကို ပိုမိုခိုင်မြဲစေရုံသာမက အနာဂတ်ကာလတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုတိုးမြှင့်ခိုင်မာစေမည်ဟု အပြည့်အဝယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဂျာမနီနိုင်ငံသမ္မတက မိမိလာရောက်သည့် အကြောင်းရင်းမှာ ယခုပစ္စုပ္ပန်ကာလတွင် မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေး ဖော်ဆောင်နေမှုများကို ဂုဏ်ပြုချီးကျူးရန်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ဂျာမနီနိုင်ငံက ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မိမိ၏ ယခုခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေးအတွက် အထောက်အကူပြုမည့် ခရီးစဉ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များသည် သမိုင်းဝင်သော အသွင်ကူးပြောင်းမှုတစ်ခုဖြစ်ပါကြောင်း၊ ဂျာမနီနိုင်ငံနှင့် နိုင်ငံတကာ အဖွဲ့အစည်းအသီးသီးကလည်း မြန်မာနိုင်ငံအတွင်း ပြုပြင်ပြောင်းလဲမှုများကို အလေးထားစောင့်ကြည့်နေပါကြောင်း၊ မြန်မာနိုင်ငံတွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများ၊ နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးခြင်း၊ ယခင်က တားမြစ်ထားသော နိုင်ငံရေးပါတီများအား ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြောင်းလဲရေးအတွက် အစပြုခြင်း စသည့်အပြုသဘောဆောင်ပြောင်းလဲမှုများ ဖြစ်ပေါ်နေပါကြောင်း။

ယင်းကဲ့သို့ ပြောင်းလဲမှုဖြစ်စဉ်များသည် တစ်ခါတစ်ရံတွင် လွယ်ကူမှုမရှိသော်လည်း ပိုမိုကောင်းမွန်သည့် အနာဂတ်အတွက် လမ်းစကောင်းတစ်ခုဖြစ်ပါကြောင်း၊ ဂျာမနီနိုင်ငံက မြန်မာနိုင်ငံကို ဤခက်ခဲသော ခရီးလမ်းတွင်လည်းအထောက်အကူပေးလိုပါကြောင်းဖြင့် ပြောကြားသည်။

နေ့လယ်စာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုနေ့လယ်စာ စားပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဧည့်သည်တော် ဂျာမနီသမ္မတတို့သည် ဖျော်ဖြေတင်ဆက်ကြသော အနုပညာရှင်များအား လက်ဆောင်ပန်းခြင်းများ ပေးအပ်ကြသည်။

ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့နှင့်အတူ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတဦးဉာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့မှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

✳ *ရှေ့ဖုံးမှ*

ဖြစ်သည်။ ဖော်ပြပါ စစ်တမ်းကို ဗဟိုစာရင်းအင်းအဖွဲ့မှ ဝန်ထမ်းများက ကြီးကြပ်၍ သက်ဆိုင်ရာဒေသရှိ ယာယီစာရင်းကောက်များက ပါဝင်ကောက်ယူမည် ဖြစ်သည်။

ထို့ပြင် ပုဂ္ဂလိက စက်မှုကဏ္ဍ ဖွံ့ဖြိုးလာစေရေးအတွက် ဒေသအသီးသီးရှိစက်မှုဇုန်များ၏ တိုးတက်မှုကို စဉ်ဆက်မပြတ်လေ့လာ၍ ထောက်ကူမှုများ ဆောင်ရွက်ရန်၊ စုစုပေါင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(GDP) တွက်ချက်ရာတွင် အထောက်အကူဖြစ်စေရန် ကုန်ချောထုတ်လုပ်မှု၊ ကုန်ကြမ်းသုံးစွဲမှု၊ လျှပ်စစ်ဓာတ်အားနှင့် အခြားလောင်စာဆီသုံးစွဲမှု၊ အလုပ်သမားများ၏ ပညာအဆင့်အတန်းနှင့် ကျွမ်းကျင်မှုစသည့်အချက်အလက်များသိရှိရန် စက်စွမ်းအားအသုံးချမှု၊ ပိုင်ဆိုင်မှု၊ တိုးမြှင့်ထုတ်လုပ်နိုင်မှု အလားအလာနှင့် အဓိကလိုအပ်ချက်များကို သိရှိရန်နှင့် နိုင်ငံခြားငွေကို သက်သာစေမည့် သွင်းကုန်အစားထိုးလုပ်ငန်းများ၊ ပို့ကုန်မြှင့်တင်ပေးမည့် လုပ်ငန်းများကို ဖော်ထုတ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ပုဂ္ဂလိကစက်မှုကဏ္ဍတိုးမြှင့်ရေး စစ်တမ်းကို ပြည်နယ်နှင့် စက်မှုဇုန် ၂၉ ဇုန်မှ ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းအားလုံးကို အပြည့်ကောက်ယူသောနည်း (Complete Enumeration) စနစ်ဖြင့် လုပ်ငန်းပေါင်း ၉၁၃၀ ကို ကောက်ယူမည်ဖြစ်ရာ ဗဟိုစာရင်းအင်းအဖွဲ့မှ ဝန်ထမ်းများက ကြီးကြပ်၍ စက်မှုဇုန် အသီးသီးရှိ ဇုန်တာဝန်ခံရုံးဝန်ထမ်းများက စာရင်းကောက်ယူရေးလုပ်ငန်းကို ပံ့ပိုးဆောင်ရွက်ပေးကြမည်ဖြစ်သည်။ ကောက်ယူပြီးသော စာရင်းဇယား၊ ကိန်းဂဏန်းအချက်အလက်များကို အထူးလျှို့ဝှက်ထားမည်ဖြစ်ပြီး မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ဌာနကိုမှ တစ်ဦးချင်း အချက်အလက်ကို ထုတ်ပြန်ပေးမည် မဟုတ်ဘဲ တစ်နိုင်ငံလုံး ကိုယ်စားပြုအဖြစ် ပျမ်းမျှ အချက်အလက်များကိုသာ ထုတ်ပြန်သွားမည် ဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် တိုးတက်ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ပြည်သူကိုဗဟိုပြု စီမံကိန်းများရေးဆွဲအကောင်ထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်နှင့် မှန်ကန်တိကျသော အခြေခံစာရင်းအင်း အချက်အလက်များ ရရှိနိုင်ရန်အတွက် ဖော်ပြပါ စစ်တမ်းနှစ်မျိုးကို ကောက်ယူမည် ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ၏ လူမှုဘဝ မြှင့်တင်ရေး၊ ဆင်းရဲမှုပပျောက်ရေး၊ စီးပွားရေးတိုးတက်မြင့်မားလာစေရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကကျသော အချက်အလက်များ ဖြစ်ပါသဖြင့် ပြည်သူလူထုက ပူးပေါင်းပါဝင် ကူညီပေးကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ပထမအကြိမ် မူးယစ်ဆေးဝါးဆိုင်ရာအာဆီယံအဆင့်မြင့်အရာရှိများ တားဆီးနှိမ်နင်းရေးလုပ်ငန်းအဖွဲ့အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၃၄)ကြိမ်မြောက် မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံအဆင့်မြင့် အရာရှိများ အစည်းအဝေးဆုံးဖြတ်ချက်အရ ပထမအကြိမ် မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံအဆင့်မြင့် အရာရှိများ တားဆီးနှိမ်နင်းရေး လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Park Royal Hotel ရတနာခန်းမ၌ကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ တွဲဖက် အတွင်းရေးမှူး ရဲမှူးကြီးမြင့်သိန်း ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့၊ အာဆီယံနိုင်ငံများဖြစ်သော ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ စင်ကာပူနှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးတို့မှ ကိုယ်စားလှယ် စုစုပေါင်း ၂၉ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံအလိုက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းဆိုင်ရာ သတင်းဖလှယ်ဆွေးနွေးခြင်း၊ ဒေသတွင်း စိတ်ပြောင်းဆေးအသစ်များ သုံးစွဲလာမှုအခြေအနေ၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် တရားမဝင်ငွေကြေးခဝါချခြင်း၊ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများတွင် အနောက်အာဖရိကလူမျိုးများ ပါဝင်ဆောင်ရွက်နေမှု၊ နယ်စပ်ဖြတ်ကျော် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းမှု ပူးပေါင်းဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသောဓာတုပစ္စည်း(Precursor)များ ထိန်းချုပ်ရေး၊ မူးယစ်ဆေးဝါးဂိုဏ်းများ၏ ပြစ်မှုကျူးလွန်ပုံပြောင်းလဲလာမှု အခြေအနေများနှင့် တားဆီးနှိမ်နင်းရေးအဖွဲ့များ၏ လုပ်ငန်းစွမ်းရည်မြှင့်တင်ရန်လိုအပ်မှု စသည့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အစည်းအဝေးကို ဖေဖော်ဝါရီ ၁၁ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

နေပြည်တော်အသင်း နိုင်ပွဲစတင်ရရှိ

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-စိုးညွန့်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်(၂) နောက်ဆုံးပွဲစဉ်များကို ယနေ့ညနေ ၄ နာရီက အောင်ဆန်းကွင်း၌ ကျင်းပသည်။

နေပြည်တော် - **နှစ်ဂိုး**
(ဒီပီယာဒီနှင့် အောင်ကျော်နိုင်)
ဇွဲကပင် - **ဂိုးမရှိ**

ပွဲဦးထွက်ပွဲတွင် ရှုံးပွဲကြုံတွေ့ထားသည့် နေပြည်တော်အသင်းမှာ ဇွဲကပင်အသင်းကို အနိုင်ယူပြီး နိုင်ပွဲစတင်ရရှိခဲ့သည်။ နေပြည်တော်အသင်းမှာ နိုင်ငံခြားသား ကစားသမားလေးဦးစလုံးအပါအဝင် အေးဆန်း၊ ပြည့်ဖြိုးဦးစသည့် အမာခံကစားသမားများ အစုံအလင်ကို အသုံးပြုသွားခဲ့သည်။

ပွဲစဉ်(၁)တွင် တန်းတက် GFA အသင်းကို ဂိုးပြတ်အနိုင်ယူပြီး ဇယားထိပ်ဆုံးက ဦးဆောင်နိုင်ခဲ့သည့် ဇွဲကပင်အသင်းမှာ ယခုပွဲတွင် ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ ရှုံးပွဲကြုံကာ ထိပ်ဆုံးနေရာမှ ဖယ်ပေးခဲ့ရသည်။ ၂၂ မိနစ်တွင် ဒီပီယာဒီ၏ အပြင်းကန်ချက်ဖြင့် နေပြည်တော်တို့ ဂိုးစရခဲ့ပြီး ပွဲကို ဦးဆောင်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် ဇွဲကပင်အသင်းက ချေပဂိုးရရှိရေး တိုက်စစ်အားမြှင့်ခဲ့သော်လည်း နေပြည်တော်ခံစစ်ပိုင်းက စနစ်တကျဖျက်ထုတ်နိုင်ခဲ့သည်။ နေပြည်တော်အတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို အောင်ကျော်နိုင်က ၆၉ မိနစ်တွင် သွင်းယူခဲ့သည်။

ပွဲစဉ်(၂)အပြီးတွင် ဧရာဝတီ... ဧယျာရွှေမြေအသင်းနှင့် ရတနာပုံအသင်းတို့က နှစ်ပွဲနိုင် ခြောက်မှတ်စီ၊ လက်ရှိချန်ပီယံ ရန်ကုန်နှင့် ကမ္ဘောဇအသင်းတို့က တစ်ပွဲနိုင် တစ်ပွဲသရေ လေးမှတ်စီ၊ ဇွဲကပင်၊ မကွေး၊ ချင်း၊ မနောမြေနှင့် နေပြည်တော်တို့က တစ်ပွဲနိုင် တစ်ပွဲရှုံး သုံးမှတ်စီ၊ ဧရာဝတီ၊ ဆောက်သမ်းနှင့် GFA တို့က နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

နေပြည်တော်နှင့် ဇွဲကပင်တို့ ယှဉ်ပြိုင်ကစားစဉ်။

မိုင်းထောင်နေသူများအား ပစ်ခတ်ဖမ်းဆီး

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်အတွင်းရှိ နောင်ချို-ဆိပ်ဖူးသွားကားလမ်းတွင် ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက နယ်မြေခံစစ်ကြောင်းများ လုံခြုံရေးတာဝန်ထမ်းဆောင်နေစဉ် နားဟီးရွာအနီး၌ လူနှစ်ဦး မိုင်းထောင်နေသည်ကို တွေ့ရှိရသဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ထိုသို့ပစ်ခတ်ဖမ်းဆီးမှုကြောင့် အမ် ၂၀ ပစ္စတိုတစ်လက်၊ ၄င်းကျည်အိမ်တစ်ခုနှင့် ကျည်နှစ်တောင့်၊ ဒေသန္တရမိုင်းနှစ်လုံးနှင့် မိုင်းထောင်ရာတွင် အသုံးပြုသည့် စနက်တံတစ်ချောင်း၊ ပေ ၄၀ ခန့်ရှိ နီ/နက် ဝိုင်ယာကြိုးတစ်ချောင်းနှင့်အတူ အစိမ်းရောင်ယူနီဖောင်းဝတ်အလောင်းတစ်လောင်းကျန်ရှိခဲ့ပြီး ကျန်တစ်ဦးမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

ယခုကဲ့သို့ အများပြည်သူအသုံးပြုလျက်ရှိသော ကားလမ်းပေါ်တွင် မိုင်းထောင်ခြင်းများကြောင့် ဒေသခံပြည်သူများ သေကျေဒဏ်ရာရရှိမှုများရှိနေရာ ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ဘူရွန်ဒီနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ၅၁ ဦးထက်မနည်းသေဆုံး

နောက်ဆုံးရနိုင်ငံတကာသတင်း

ဘူရွန်ဒီနိုင်ငံမြို့တော် ဘူဂျမ်ဘူရာ၌ တစ်ညလုံး မိုးသည်းထန်စွာသွန်းမှုကြောင့် ရေလျှံမှု၊ မြေပြိုမှုနှင့် အခြားဘေးဒုက္ခများဖြစ်ပေါ်ခဲ့ရာ ညတွင်းချင်း လူ ၅၁ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု ဝန်ကြီးတစ်ဦးက ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြောကြားသည်။

သည်းထန်စွာ မိုးရွာသွန်းမှုကြောင့် မြို့တော်ဘူဂျမ်ဘူရာမြောက်ပိုင်းရှိ နေအိမ်များမှာ ပြိုကျ (သို့မဟုတ်) ရေထဲမျောပါခဲ့ပြီးနောက် ဒေသခံပြည်သူ ၅၁ ဦးတို့၏ အလောင်းများကို ရှာဖွေတွေ့ရှိခဲ့သည်ဟု ဘူရန်ဒီလုံခြုံရေးဝန်ကြီး ဂက်ဘ်ရီယာလ်နီဇီဂါမာက ပြောကြားသည်။

ဖေဖော်ဝါရီ ၉ ရက်မှ စတင်ဖြစ်ပွားသော အဆိုပါသဘာဝဘေးဒဏ်သည် လူအမြောက်အမြားသေဆုံးမှုကိုဖြစ်ပေါ်စေပြီး လူ ၁၀၀ ကျော် ထိခိုက်ဒဏ်ရာရစေကာ အိမ်ခြေရာနှင့်ချီပျက်စီးစေခဲ့သည်ဟု ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ မိုးရွာသွန်းမှုကြောင့် မြို့တော် ဘူဂျမ်ဘူရာတစ်မြို့လုံး၌ လျှပ်စစ်မီးပြတ်တောက်မှုနှင့် ကြုံတွေ့ခဲ့ရကြောင်း၊ အစိုးရသည် အိုးမဲ့အိမ်မဲ့ဖြစ်သည့် ပြည်သူများအား စားနပ်ရိက္ခာများ ထောက်ပံ့ပေးပြီး လူသေအလောင်းများ သင်္ဂြိုဟ်ရေးနှင့် အဆောက်အအုံသစ်များ တည်ဆောက်ရေးအတွက် ငွေကြေးဖြင့် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း လုံခြုံရေးဝန်ကြီး ဂက်ဘ်ရီယာလ်နီဇီဂါမာက ပြောကြားသည်။

အမ်အင်န်အေ/ဆင်ဟွာ
ဘာသာပြန်-ဇလပ်ဖြူ

၂၀၁၄ ခုနှစ်၊ (၆၇) နှစ်မြောက်ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

☆ ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး။

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

☆ ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ရေး။

☆ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး။

☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ပြည်သူအားလုံး လက်တွဲပူးပေါင်းတည်ဆောက်ရေး။

ပြည်သူလိုတာ လုပ်ဖို့ရာ ကျရာအခွန် ပေးဆောင်ပါ

မော်တော်ယာဉ်မောင်းနှင်သူများ သတိပြုရန်

မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် ယာဉ်မောင်းနှင်ရာတွင် သတ်မှတ်ထားသော သက်တမ်းရှိ ယာဉ်မောင်းလိုင်စင်နှင့်မော်တော်ယာဉ် သက်သေခံလက်မှတ်များ ယာဉ်နှင့်အတူ တစ်ပါတည်းပါရှိရပါမည်။ ဌာနဆိုင်ရာ ပူးပေါင်းပါဝင်သောအဖွဲ့များဖြင့် စစ်ဆေး၍ အရေးယူဆောင်ရွက်မည်ဖြစ်သောကြောင့် ယာဉ်မောင်းနှင်သူများအနေဖြင့် သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **ရထားပို့ဆောင်ရေးဝန်ကြီးဌာန**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း မြို့ပြအိမ်ရာစီမံကိန်း၊ တန်ဖိုးမျှတအိမ်ရာစီမံကိန်း၊ မြို့ပြအိမ်ရာစီမံကိန်းနှင့် ယာဉ်ရပ်နားစခန်း အဆင့်မြင့်ယာဉ်ရပ်နားရန် အဆောက်အအုံစီမံကိန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်မှုအခြေခံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း အောက်ဖော်ပြပါနေရာများ၌ မြို့ပြအိမ်ရာစီမံကိန်း၊ တန်ဖိုးမျှတ အိမ်ရာစီမံကိန်း၊ မြို့ပြအိမ်ရာစီမံကိန်းနှင့်ယာဉ်ရပ်နားစခန်း၊ အဆင့်မြင့်ယာဉ်ရပ်နားရန် အဆောက်အအုံစီမံကိန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်မှု အခြေခံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပြည်တွင်းကုမ္ပဏီများ၊ နိုင်ငံခြားကုမ္ပဏီများ၊ ပြည်တွင်းကုမ္ပဏီနှင့် နိုင်ငံခြားကုမ္ပဏီတို့ ပါဝင်သောဖက်စပ်လုပ်ငန်းများ (Joint Ventures)မှ တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်-

(က) မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ၊ ပုဂံလမ်းနှင့် ဟံသာဝတီလမ်းထောင့်၊ မြေဧရိယာ ၁၀.၉၃ ဧကခန့် (မြို့ပြအိမ်ရာစီမံကိန်း ဆောင်ရွက်ရန်)၊
(ခ) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရာဇဓိရာဇ်လမ်း၊ မြေဧရိယာ ၄၀.၄၉၃ ဧကခန့် (မြို့ပြအိမ်ရာ စီမံကိန်းဆောင်ရွက်ရန်)၊
(ဂ) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ မြေဧရိယာ ၁၁.၀၀ဧကခန့်(တန်ဖိုးမျှတအိမ်ရာစီမံကိန်း ဆောင်ရွက်ရန်)၊
(ဃ) ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးလမ်း၊ မြေဧရိယာ ၀.၃၆၄ ဧကခန့် (မြို့ပြအိမ်ရာ စီမံကိန်းဆောင်ရွက်ရန်)၊
(င) ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ မြေဧရိယာ ၃.၀၆၈ ဧကခန့် (မြို့ပြအိမ်ရာစီမံကိန်းနှင့် ယာဉ်ရပ်နားစခန်း ဆောင်ရွက်ရန်)၊
(စ) ဗိုလ်တထောင်မြို့နယ်၊ ၄၅ လမ်း၊ မြေဧရိယာ ၂. ၅၆၁ ဧကခန့် (မြို့ပြအိမ်ရာစီမံကိန်းနှင့် ယာဉ်ရပ်နားစခန်း ဆောင်ရွက်ရန်)၊
(ဆ) ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်းနှင့် ထန်းတပင်လမ်းထောင့်၊ မြေဧရိယာ ၁.၀ ဧက၏ တစ်စိတ်တစ်ဒေသ၊ ၀.၁၀၃ ဧကခန့် (အဆင့်မြင့် ယာဉ်ရပ်နားရန် အဆောက်အအုံစီမံကိန်း ဆောင်ရွက်ရန်၊ P.A.E စနစ်)။

၂။ အဆိုပါ စီမံကိန်းများအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အတည်ပြုသည့် အစီအစဉ်များနှင့်အညီ တည်ဆောက်လုပ်ကိုင်ရန် ဖြစ်ပါသည်။

၃။ သက်ဆိုင်ရာစီမံကိန်းဆိုင်ရာ အချက်အလက်များကို တင်ဒါတင်သွင်းသူများ လိုက်နာရန် ညွှန်ကြားချက်များ (Instructions to Tenderers)တွင် ဖော်ပြထားမည်ဖြစ်ပါသည်။ မိမိဆောင်ရွက်လိုသော စီမံကိန်းတစ်ခုချင်းအလိုက် တင်ဒါများကို သီးခြားစီ တင်သွင်းရန် ဖြစ်ပါသည်။

၄။ တင်ဒါများကို ငွေကြေးဆိုင်ရာအဆိုပြုလွှာနှင့် ကျွမ်းကျင်မှုနည်းပညာဆိုင်ရာ အဆိုပြုလွှာဟူ၍ စာအိတ်နှစ်ခုဖြင့် တင်သွင်းရန်နှင့် တင်ဒါတင်သွင်းသူများ လိုက်နာရန် ညွှန်ကြားချက်များနှင့်အညီ ပြုစုဖော်ပြရန် ဖြစ်ပါသည်။

၅။ တင်ဒါတင်သွင်းသူများသည် တင်ဒါဆိုင်ရာသိရှိလိုသောအချက်အလက်များကို အင်ဂျင်နီယာဌာန(အဆောက်အအုံ) ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၆။ တင်ဒါစာရွက်စာတမ်းများကို အထက်ဖော်ပြပါလိပ်စာ၌ ၂၅-၂-၂၀၁၄ ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။ မြို့ပြအိမ်ရာစီမံကိန်းများ မြောက်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် တန်ဖိုးမျှတအိမ်ရာစီမံကိန်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အတွက် တင်ဒါစာရွက်စာတမ်းများ အပြည့်အစုံကို ရန်ကုန်မြို့ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ငွေစာရင်းအမှတ် 1-DA-06-91886(MFTB) သို့ ပြည်ပငွေစာရင်းလွှဲပြောင်းမှု (Overseas account transfer)နည်းလမ်းဖြင့် တစ်စုံလျှင် USD 300 (အမေရိကန်ဒေါ်လာ သုံးရာတိတိ) ပေးသွင်း၍ ဝယ်ယူနိုင်ပါသည်။ သို့မဟုတ် မြန်မာကျပ်ငွေ ၃၀၀၀၀၀ (ကျပ်သုံးသိန်းတိတိ)ကို အင်ဂျင်နီယာဌာန (အဆောက်အအုံ)ရုံးတွင် ငွေသွင်းချလန်ရယူပြီး ရန်ကုန်မြို့တော်ဘဏ် ငွေစာရင်းအမှတ် DY-9သို့ ပေးသွင်း၍ ဝယ်ယူနိုင်ပါသည်။ စာပိုဒ် ၁(ဃ)၊ (င)၊ (စ) နှင့် (ဆ)တွင် ဖော်ပြထားသော စီမံကိန်းများ၏ တင်ဒါစာရွက်စာတမ်း အပြည့်အစုံ တစ်ခုစီအတွက် USD 500 (အမေရိကန်ဒေါ်လာ ငါးရာတိတိ) သို့မဟုတ် မြန်မာကျပ်ငွေ ၅၀၀၀၀၀ (ကျပ်ငါးသိန်းတိတိ)ကို ပေးသွင်း၍ ဝယ်ယူနိုင်ပါသည်။ ပေးသွင်းငွေအတွက် မည်သည့်အကြောင်းနှင့်မျှ ငွေပြန်အမ်းမည်မဟုတ်ပါ။

၇။ တင်ဒါများကို ၂၀၁၄ ခုနှစ် မတ်လ ၃၁ ရက် ၁၄း၀၀ နာရီ မတိုင်မီ အထက်ဖော်ပြပါရုံးသို့ တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသောတင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ မြို့ပြအိမ်ရာစီမံကိန်းများ မြောက်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် တန်ဖိုးမျှတအိမ်ရာစီမံကိန်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၏ တင်ဒါများနှင့်အတူ တင်ဒါတင်သွင်းမှုအာမခံအဖြစ် USD 50000 (အမေရိကန်ဒေါ်လာ ငါးသောင်းတိတိ) တန်ဖိုးရှိ ဘဏ်အာမခံပါရှိရမည်ဖြစ်ပြီး ယင်းဘဏ်အာမခံကို ပြည်တွင်း(သို့)မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်မှ လက်ခံနိုင်သော ပြည်ပဘဏ်မှ ထုတ်ပေးခြင်းဖြစ်ရပါမည်။ စာပိုဒ် ၁(ဃ)၊ (င)၊ (စ)နှင့် (ဆ)တွင် ဖော်ပြထားသော စီမံကိန်းများ၏ တင်ဒါများနှင့်အတူ တင်ဒါတင်သွင်းမှုအာမခံအဖြစ် USD 100,000(အမေရိကန်ဒေါ်လာ တစ်သိန်းတိတိ)တန်ဖိုးရှိ ဘဏ်အာမခံပါရှိရမည်ဖြစ်ပါသည်။

၉။ တင်ဒါဖွင့်လှစ်ခြင်းအခမ်းအနားကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး၌ တင်ဒါတင်သွင်းသူ ကိုယ်စားလှယ်များရှေ့မှောက် တွင် ပြုလုပ်မည်ဖြစ်ပါသည်။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်ကို တင်ဒါတင်သွင်းသူများသို့ အကြောင်းကြားပါမည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စာမျက်နှာ ၆ မှ

မြန်မာလူမျိုးများသာမက နိုင်ငံခြားဧည့်သည်တို့ကပါ စိတ်ဝင်တစား သွားရောက်လျက်ရှိကြသော ပုပ္ပားတောင်ကလပ်ကြီးကမူ ပင်မပုပ္ပားတောင်ကြီး၏ အနောက်ဆွယ်အဖြစ် ထိုးထွက်နေသော တောင်ကလပ်တစ်ခုဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၂၄၁၇ပေ မြင့်မားသော ပုပ္ပားတောင်ကလပ်သည် အခြားသော တောင်တန်း၊ တောင်ပူစာ၊ တောင်ထွတ်များနှင့် မဆက်စပ်ဘဲ သီးခြားတည်ရှိနေခြင်းဖြစ်ရာ ယင်းသို့တည်ရှိနေပုံကပင် ဆွဲဆောင်မှုတစ်ရပ်ဖြစ်လျက်ရှိသည်။

ပုပ္ပားတောင်မကြီးတွင် ပါဝင်ဖွဲ့စည်းနေသော မှန်ပြတောင်နှင့် ငှက်မနားတောင်တို့မှာ အမြင့်ဆုံး တောင်ထွတ်များဖြစ်ပြီး ယင်းတောင်ထွတ်ကြီးနှစ်ခု၏ အရှေ့မြောက်ဘက်တွင် ပုပ္ပားတောင်မကြီးက တည်ရှိနေသည်။ သို့ရာတွင် ပုပ္ပားတောင်ကို မြောက်အရပ်မှကြည့်ပါက ထူးထူးခြားခြား ချွန်ထွက်နေသည့် တောင်ထွတ်တစ်ခုကိုသာ မြင်တွေ့ရမည်ဖြစ်သည်။

အတိတ်ကာလက မီးတောင်ကြီးဖြစ်ခဲ့သော ပုပ္ပားတောင်သည် မျက်မှောက်ကာလ၌မူ လုံးဝပေါက်ကွဲနိုင်ခြင်းမရှိတော့သည့် မီးတောင်ဟောင်းကြီးတစ်ခုအဖြစ်သာ တည်ရှိနေတော့သည်။ သိပ္ပံသုတေသီတို့၏ စူးစမ်းရှာဖွေသုတေသနပြုချက်များအရ လွန်ခဲ့သည့်နှစ်ပေါင်း ၁၅ သန်း ဝန်းကျင်က ပုပ္ပားတောင်ကြီးသည် အကြိမ်ပေါင်းများစွာ ပေါက်ကွဲပွင့်အန်ခဲ့သော မီးတောင်ကြီးတစ်ခုဖြစ်ခဲ့ကြောင်း တွေ့ရှိရသည်။ ထိုစဉ်ကာလများက ပုပ္ပားတောင်ကြီးသည် အကြိမ်ပေါင်းများစွာ ပေါက်ကွဲမှုများဖြစ်ခဲ့ပြီး ချော်ရည်၊ ချော်မြုပ်၊ မီးခိုးနှင့် ပြာမှုန်များကို မှုတ်ထုတ်ခဲ့သည်။ ထို့ကြောင့်ပင် ပုပ္ပားတောင်ကြီးသည် တစ်ချိန်က မီးတောင်ရှင် (Active Volcano) တစ်ခုဖြစ်ခဲ့သည်ကို ခိုင်လုံသောအထောက်အထားများအရ သိရှိခဲ့ကြရသည်။ ထိုမှတစ်ဖန် လွန်ခဲ့သောနှစ်ပေါင်းတစ်သန်းခန့်က ပုပ္ပားတောင်ကြီးသည် နှစ်ကာလကြာရှည်စွာငြိမ်သက်နေခဲ့သော မီးတောင်ငြိမ်(Dormant Volcano) အဖြစ်သို့ ရောက်ရှိခဲ့သည်။ ထိုစဉ်က ပုပ္ပားတောင်ကြီးသည် ပေါက်ကွဲမှုမရှိဘဲ ငြိမ်သက်နေခဲ့သည့်တိုင်၊ လုံးဝပေါက်ကွဲနိုင်ခြင်းမရှိတော့သော အခြေအနေမျိုးထိ ရောက်ရှိမလာခဲ့သေးပေ။

သို့ရာတွင် လွန်ခဲ့သော နှစ်ပေါင်း ၇၀၀၀ ခန့်မှစ၍ ပုပ္ပားမီးတောင်ကြီး၏ အတွင်းပိုင်းတွင် ချော်ရည်ပူပမာဏများ သိသာစွာလျော့နည်းသွားခဲ့သလို ချော်ရည်ပူမျက်နှာပြင်၏ အပေါ်နှင့် ဘေးပတ်လည်ရှိ ပိုင်ရိုကလပ်စတစ် သတ္တုကျောက်စိုင်ကြီးများကလည်း ကွာကျလာနိုင်သည့်အခြေအနေ မရှိနိုင်တော့ဟု ခန့်မှန်းရသည့်အတွက် ထိုစဉ်ကာလမှစ၍ ပုပ္ပားတောင်ကြီးသည် မီးတောင်သေ (Extinct Volcano) တစ်ခုအဖြစ်သို့ ပြောင်းလဲရောက်ရှိသွားခဲ့သည်။ ကမ္ဘာအရပ်ရပ်ရှိ သမုဒ္ဒရာနှင့် ပင်လယ်ရေပြင်တို့၏အောက်တွင် အချိန်မရွေး ပေါက်ကွဲမှုဖြစ်နိုင်သော ရေအောက်ရှိ မီးတောင်များ အများအပြား ရှိနေသည်ကိုလည်း သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။ ခေတ်သစ်သိပ္ပံပညာရပ်များကို အသုံးချလျက် မြေပြင်ပေါ်ရှိ မီးတောင်များ၏ ပေါက်ကွဲနိုင်ခြေများကို ကြိုတင်သိရှိနိုင်ကြပြီဖြစ်သော်လည်း သမုဒ္ဒရာနှင့် ပင်လယ်ရေပြင်အောက်ရှိ ရေအောက်မီးတောင်များ၏ လှုပ်ရှားထကြွပေါက်ကွဲမည့် အချိန်ကိုမူ ကြိုတင်မခန့်မှန်းနိုင်ကြသေးပေ။

ရေအောက်ရှိ မီးတောင်များ ပေါက်ကွဲမှုဖြစ်ပေါ်ပြီးတိုင်း ပင်လယ်ကမ်းခြေနှင့် ကမ်းရိုးတန်းဒေသများဆီသို့ ကြီးမားသော လှိုင်းလုံးကြီးများ ရိုက်ခတ်ခြင်း၊ ပင်လယ်ကြမ်းပြင်မြင့်တက်လာပြီး ရေတိမ်ဒေသအဖြစ် ပြောင်းလဲသွားခြင်းများ ဖြစ်ပေါ်လာရမြဲဖြစ်သည်။ ပင်လယ်ကမ်းစပ်တွင် နေထိုင်သူများသည် ရေအောက်ရှိ မီးတောင်ပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်လာသော ဧရာမလှိုင်းလုံးကြီးများကို ဆူနာမီလှိုင်းတံပိုးများနှင့် အမှတ်မှားလေ့ရှိကြသည်။

မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင်လည်း ရေအောက်ရှိ မီးတောင်များရှိနေကြောင်း ဘူမိဗေဒဆိုင်ရာ ကမ္ဘာ့သိပ္ပံပညာရှင်တို့က ထုတ်ပြန်အသိပေးထားကြသည်။ ရခိုင်ကမ်းရိုးတန်းဒေသတွင် ရေအောက်ရှိ မီးတောင်များတည်ရှိနေသော နေရာအညွှန်းများမှာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၀ မိနစ်၊ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၄၅ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊ မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၅၅ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၆ မိနစ်၊ မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၄ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၀ မိနစ်တို့ ဖြစ်ကြသည်။

ရေအောက်ရှိ မီးတောင်များ ပေါက်ကွဲမည့်အရေးကို ကြိုတင်မသိရှိနိုင်ခြင်းနှင့် ပေါက်ကွဲမှုဖြစ်ပွားပြီးသည့်အခါ ပင်လယ်ရေတိမ်ပိုင်းဒေသအဖြစ်သို့ ပြောင်းလဲသွားတတ်ခြင်းများသည် ရခိုင်ကမ်းရိုးတန်းဒေသတွင် ခုတ်မောင်းသွားလာနေကြသော ရေယာဉ်များအတွက် အထူးသတိပြုကြရမည့်ကိစ္စတစ်ရပ်ဖြစ်သည်။ ရခိုင်ကမ်းရိုးတန်းဒေသတွင် ရေအောက်ရှိ မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် အနီးကပ်ဆုံးသော အချိန်ကာလမှာ ၂၀၁၂ ခုနှစ် ဧပြီလအတွင်းက ဖြစ်သည်။ ကမ္ဘာ့မြေပြင်ပေါ်၌ရှိနေသော မီးတောင်များဖြစ်စေ၊ ရေပြင်အောက်၌ရှိနေသော မီးတောင်များဖြစ်စေ မီးတောင်သေအဆင့်သို့ မရောက်ရှိသေးသရွေ့ အချိန်မရွေးပေါက်ကွဲမှုများ ဖြစ်ပေါ်လာနိုင်သည်။ မီးတောင်ရှင်များသည် အန္တရာယ်အများဆုံးရှိနေပြီး မီးတောင်ငြိမ်များကိုမူ သတိဖြင့်အမြဲမပြတ်စောင့်ကြည့်နေရန် လိုအပ်သည်။ မီးတောင်များ တည်ရှိနေတတ်ပုံအနေအထားအရ မြေပေါ်ရှိ မီးတောင်သေနှင့် ရေအောက်ရှိမီးတောင်တို့၏သရုပ်သကန်များကို မြန်မာနိုင်ငံအတွင်း၌ ထင်ရှားစွာတွေ့မြင်နိုင်ကြသည်။ သို့ရာတွင် မြန်မာ့မြေပေါ်ရှိ ပုပ္ပားတောင်ကြီးသည် မီးတောင်သေအဖြစ်သာရှိတော့သည့်အတွက် ပေါက်ကွဲမည့်အရေးကို စိုးရိမ်ပူပန်ရန်မလိုပေ။ ရခိုင်ကမ်းရိုးတန်းဒေသတွင် ရှိနေသည့် အချိန်မရွေး ပေါက်ကွဲနိုင်ခြေရှိသော ရေအောက်ရှိ မီးတောင်များကိုမူ မြန်မာနိုင်ငံသားအားလုံးတို့က မျက်ခြည်မပြတ် လေ့လာစောင့်ကြည့်သွားရန် လိုအပ်မည်ဖြစ်ပေသည်။ ။

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ပြည်ထောင်စုနေ့အကြို စုပေါင်းသွေးလှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၀

နေပြည်တော် ခုတင်(၁၀၀၀) အထွေထွေရောဂါကု ဆေးရုံကြီးရှိ ရောဂါရှာဖွေရေးဌာန သွေးလှူဘဏ်၌ မြတ်ပါရမီ လူမှုကူညီရေး အသင်းသား၊ အသင်းသူများဖြစ်သော ဝန်ထမ်းများ၊ မိသားစုများက (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက စုပေါင်းသွေးလှူဒါန်းကြသည်။

နေပြည်တော်ရှိ ဝန်ထမ်းများ၊ မိသားစုများ၊ ဒေသခံပြည်သူများ အရေးပေါ်သွေးလိုအပ်ပါက အဆိုပါအသင်းသို့ ၂၄ နာရီ ဆက်သွယ်နိုင်ကြောင်းနှင့် ဆက်သွယ်လိုပါက ဖုန်း-၀၉-၄၂၀၇၁၀၀၆၇၊ ၀၉-၄၉၃၁၉၉၆၀၊ ၀၉-၂၅၀၀၈၉၃၁၀၊ ၀၉-၄၂၀၇၃၅၆၉၁၊ ၀၉-၄၄၈၅၃၉၉၁၆ တို့ဖြစ်ကြောင်း သိရသည်။

မောင်မောင်သန်း (ကော့မှူး)

• • • • • • • • • • • • •

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်သူများ စစ်ဆေးအရေးယူ

ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၀

မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း မြို့လယ်မှ ရှမ်းပြည်နယ် (မြောက်ပိုင်း)သို့ မန္တလေး-လားရှိုးလမ်းမကြီးမှ နေ့စဉ်ယာဉ်ကြီး၊ ယာဉ်ငယ်များဖြတ်သန်းသွားလာလျက်ရှိရာ ပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် အမှတ်(၅၈) ယာဉ်ထိန်းတပ်ဖွဲ့စု (ပြင်ဦးလွင်)တပ်စုမှူး ဒုရဲမှူးဝင်းမြင့်ဦးဆောင်သည့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များသည် နယ်မြေခံရဲတပ်ဖွဲ့၊ ပို့/ဆက်၊ ကညနနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၅ ရက်က ရပ်ကွက်ကြီး(၅) ဇီဝကလမ်းဆုံနေရာ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်သည့်ယာဉ်များကို စစ်ဆေးအရေးယူခြင်းများ ပြုလုပ်ကြသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်သူများကို မန္တလေးတိုင်း ဒေသကြီး မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများအား စည်ပင်သာယာရေးဥပဒေ (၂၆)ဖြင့် အရေးယူသွားမည်ဖြစ်ပြီး ကျန်ခရိုင်၊ မြို့နယ်များဖြစ်သည့် ပြင်ဦးလွင်၊ ကျောက်ဆည်၊ ရမည်းသင်း၊ မြင်းခြံ၊ ညောင်ဦးတို့၌ ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေအရ ဖေဖော်ဝါရီ ၄ ရက်မှစတင်၍ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၀၃၂)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဂန့်ဂေါမြို့ထွက်ဖရဲသီးများ အိန္ဒိယနယ်စပ်မိုရေးဈေးအထိရောက်ရှိ

ကလေး ဖေဖော်ဝါရီ ၁၀

"ဂန့်ဂေါမြို့မှာ ဒီလိုစီးပွားဖြစ် ဖရဲသီးတွေစိုက်တာ ၂၀၀၅ ခုနှစ်ဝန်းကျင်လောက်မှာစပြီး စိုက်တာပါ။ အများဆုံးစိုက်ရာ ဒေသတွေကတော့ ဇာဟော၊ လာပို့၊ အနောက်ဂန့်ဂေါ၊ အရှေ့ဂန့်ဂေါတွေမှာ အများဆုံးစိုက်ကြပါတယ်။ အသီးတွေကို အောင်အောင်မြင်မြင်နဲ့ ရောင်းတန်းဝင်အသီးတွေဖြစ်ဖို့ တစ်ပင်ကို တစ်လုံးသာထားကြပါတယ်။ အပင်က သန်ရင်တော့ နှစ်လုံးအထိထားပါတယ်။ စိုက်တဲ့ရာသီကတော့ နိုဝင်ဘာ၊ ဒီဇင်ဘာမှာစစိုက်ပြီး ဧပြီလ သင်္ကြန်အထိ ရောင်းရပါတယ်။ တစ်လုံးကို အသေးအကြီးပေါ်မူတည်ပြီး ငွေကျပ် ၅၀၀ မှ ငွေကျပ် ၂၀၀၀ အထိ ဈေးရပါတယ်" ဟု ဖရဲသီးစိုက်ပျိုးရောင်းချနေသူ ဇာဟောကျေးရွာမှ ကိုနိုင်ဝင်းက ပြောသည်။

"ဖရဲသီးတွေကို ကလေးကနေပြီးတော့ အခင်းပြတ်လာဝယ်ကြတာရှိသလို ကားတွေနဲ့လာပြီးဝယ်ကြတာလည်းရှိတယ်။ တချို့ကျတော့လည်း တစ်ညအိပ်နေပြီး ရထားနဲ့သယ်သွားကြတာတွေလည်းရှိတယ်။ ဖောကားတစ်စီးတိုက်ကို အလုံးညီပါက ငွေကျပ်ငါးသိန်းမှ ခြောက်သိန်းကြားဈေးရပါတယ်။ သုံးဘီးတစ်စီးတိုက်ဆိုပါက ငွေကျပ် တစ်သိန်းမှ ငွေကျပ် ၁၅၀၀၀၀ ကြားရှိပါတယ်။ ကျွန်တော်တို့ရဲ့ ဖရဲသီးတွေကို အိန္ဒိယ နယ်စပ် တမူး၊ မိုရေးဈေးအထိ ပို့ဆောင်ပေးရပါတယ်"ဟု ဂန့်ဂေါမြို့မှ ဒေသခံတစ်ဦးက ပြောသည်။

"ကလေးမြို့မှာက ဖရဲသီးတွေကို သုံးမျိုးတွေ့ရတယ်။ ဂန့်ဂေါဖရဲသီးက စောစောပေါ်တယ်။ ဂန့်ဂေါဖရဲ ပါးသွားရင် ထိုမာဖရဲဆိုပြီးရှိတယ်။ သူက နွေရာသီမှပေါ်တာ၊ နောက်ပြီး ခမ်းပတ်ဖရဲဆိုတာလည်းရှိသေးတယ်။ သူကျတော့ နည်းနည်းအခွံထူတယ်၊ အသားကနည်းနည်းဖြူတယ်၊ ဂန့်ဂေါဖရဲနဲ့ ထိုမာဖရဲလို စားလို့သိပ်မကောင်းဘူး၊ ရောင်းပန်းသိပ်မလှဘူး" ဟု ဖရဲသီးရောင်းချသူ အမျိုးသမီးတစ်ဦးက ပြောသည်။

ဂန့်ဂေါမြို့မှထွက်ရှိသော ဖရဲသီးများသည် ကလေး၊ တမူး၊ မိုရေးနယ်စပ်ဈေးအထိ ဝင်နေကြောင်းသိရသည်။

(အောက်ပုံ) **သျှင်နေမင်း**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၀-၂-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	၁၆ ပဲရည်	တစ်ကျပ်သား	၆၆၇၀၀၀
ရန်ကုန်ရွှေဈေး	၁၅ ပဲရည်	တစ်ကျပ်သား	၆၂၇၈၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၃. ၅-၉၉၅	ကျပ်
ဥရောပ	တစ်ယူရို	၁၃၄၀-၁၃၄၄	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၆	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၅၇-၃၀. ၉	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၄၂-၁၆	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇-၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၇-၃၂၀	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၆၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၀၀၀-၃၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၅၀-၃၁၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၄၀၀-၅၇၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၂၀၀-၆၇၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၇၅၀၀-၁၄၅၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၈၀၀-၁၂၅၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။အမဲ	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၁။ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဇီယာအသစ်)	တစ်အိတ်	၁၆၈၀၀
၂။ ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၇၀၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၂၀၀၀-၂၅၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၄၅
၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၃၂၅-၆၀၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၄၅၀-၂၄၅၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၀၅၀
၉။ အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၆၀-၇၄၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၆၀၀-၂၇၀၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၅၀၀-၅၀၀၀
၁၂။ သကြား	တစ်ပိဿာ	၈၇၀-၉၁၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပြည်သူလိုတာလုပ်ဖို့ရာ အခွန်အမှန်လိုအပ်တာ
ပြည့်ဝအခွန်ပေးဆောင်လူ ကျေးဇူးအမှန်တင်ထိုက်သူ

ရန်ကုန်မြို့ ဆင်ခြေဖုံးရပ်ကွက်ဒေသများရှိ အိမ်ရာတိုက်ခန်းအထပ်မြင့်လွှာများ ဈေးနှုန်းသက်သာမှုရှိနေသော်လည်း ရေဖိုးနှင့် တွက်ခြေမကိုက်ဖြစ်နေ

ယခုအခါ ရန်ကုန်မြို့၏ အိမ်ရာလိုအပ်ချက်များကြောင့် အိမ်ခြံမြေဈေးနှုန်းများ မြင့်တက်နေသဖြင့် အတော်အသင့်ဝင်ငွေရှိ မိသားစုများပင်လျှင် ရန်ကုန်မြို့နှင့် အနီးဆုံးရပ်ကွက်များတွင် ငှားရမ်းနေထိုင်နိုင်ခြင်းမရှိကြသဖြင့် ရန်ကုန်မြို့နှင့် အတန်ငယ်ဝေးကွာပြီး သွားရေးလာရေး အဆင်ပြေလွယ်ကူနိုင်မည့် ဆင်ခြေဖုံး ရပ်ကွက်ဒေသများတွင် ငှားရမ်းနေထိုင်ကြသည်။ ထိုသို့ ငှားရမ်း နေထိုင်ကြရာတွင်လည်း အဆိုပါ အိမ်ရာတိုက်ခန်းများ၏ အခန်းငှားခဈေးနှုန်းများမှာ အထပ်မြင့်အလွှာများသည် အောက်ခြေအလွှာများထက် ဈေးနှုန်းပိုမိုသက်သာမှုရှိနေသဖြင့် ငှားရမ်းနေထိုင်သူအများစုမှာ အထပ်မြင့်အလွှာများကိုသာ ရှာဖွေငှားရမ်း နေထိုင်ခဲ့ကြသည်။ ထိုသို့ ငှားရမ်းနေထိုင်သူအများစုမှာ နေအိမ်တိုက်ခန်းငှားရမ်းခနှင့် မိသားစု၏ဝင်ငွေကို ချင့်ချိန်၍ အထပ်မြင့်အလွှာများကို ငှားရမ်းနေထိုင်ကြခြင်းဖြစ်သည်။ သို့သော် ယခုအခါ အဆိုပါ အထပ်မြင့်အလွှာများကို ငှားရမ်းနေထိုင်သူများမှာ ရေကို ဝယ်ယူသုံးစွဲနေကြရသဖြင့် ငွေကြေးပိုမိုကုန်ကာ မှန်းချက်နှင့် နှမ်းထွက်မကိုက် ဖြစ်နေကြရသည်။ အဆိုပါ အိမ်ရာတိုက်ခန်းများ၏ အထပ်မြင့်အလွှာများသို့ ရေရောက်ရှိမှုအားနည်းနေသဖြင့် သုံးလွှာနှင့်အထက် အထပ်မြင့်များမှာ ရေအခက်အခဲနှင့် ကြုံတွေ့နေကြရသည်။ ထို့ကြောင့် ရေအဆင်ပြေစေရေးအတွက် ပတ်ဝန်းကျင်ရပ်ကွက်များရှိ အဝီစိစက်ရေတွင်းများမှ ရေကို ဝယ်ယူသုံးစွဲနေကြရသည်။

ဆင်ခြေဖုံးရပ်ကွက်ဒေသများတွင် အဝီစိတွင်းရေ တစ်လှည်းကို ငွေကျပ် ၃၀၀ မှ ၄၀၀ နှုန်း ရောင်းချနေကြသော်လည်း ဝယ်ယူသုံးစွဲသူများမှာ ရေစည်လှည်းများငှားကာ ရေသယ်ယူရသဖြင့် ရေစည်လှည်းငှားခပါ ထပ်မံကုန်ကျရပြန်သည်။ အချို့သော ရေဝယ်သုံးစွဲသူများမှာ မိမိတို့၏ အထပ်မြင့်အလွှာများသို့ရေကို ကိုယ်တိုင်မသယ်ယူနိုင်ကြသဖြင့် ရေသယ်ရေရောင်းသူများထံမှ ရေတစ်လှည်းကို ငွေကျပ် ၁၂၀၀၊ ၁၃၀၀ နှင့် ဝယ်ယူသုံးစွဲကြရသည်။ မိသားစုသုံးလေးဦးရှိသော အိမ်ထောင်စုများမှာ တစ်နေ့ရေလှည်းတစ်စည်ခန့် ဝယ်ယူသုံးစွဲနေကြရသဖြင့် တစ်လလျှင် ရေဖိုးငွေကျပ် ၄၀၀၀၀ ခန့် ကုန်ကျနေရာ အိမ်ငှားခတစ်လစာမျှရှိသည်။ အချို့သော အခန်းပိုင်ရှင်များမှာမူ အခန်းငှားသူများအဆင်ပြေစေရန် မော်တာများတပ်ဆင်ပေးထားသော်လည်း မီးအားပြည့်ချိန်ရောက်မှ ရေတင်၍ ရသဖြင့် ညသန်းခေါင်ကျော်မှ ရေတင်ကြရသည်။

ထို့ကြောင့် အိပ်ရေးပျက်ဒဏ်ကို နေ့စဉ်ခံစားနေကြရသဖြင့် အဆင်မပြေဖြစ်ကြရသည်။ မနက်ပိုင်း အလုပ်သွားရာတွင်လည်း ညစဉ်ညတိုင်း အိပ်ရေးပျက်နေရသဖြင့် စိတ်ပင်ပန်း လူပင်ပန်းဖြစ်နေကြရပြန်သည်။ ထို့ကြောင့် ဝင်ငွေထွက်ငွေမျှတမှုရှိစေရန် ဈေးနှုန်းသက်သာသည့် အထပ်မြင့်အလွှာများကို ငှားရမ်းနေထိုင်ကြသော်လည်း အိမ်လခနှစ်ဆနှစ်ခါပေးရသလို ကြုံတွေ့နေကြရသဖြင့် တွက်ခြေမကိုက် အဆင်မပြေဖြစ်နေကြသည့်အပြင် ညစဉ်ညတိုင်း အိပ်ရေးပျက်ဒဏ်ကိုပါ ခံစားနေကြရသည်။

ထို့အပြင် အချို့သောရပ်ကွက်နေရာများရှိ နေအိမ်တိုက်ခန်းများမှာ ရေရှိနေသော်လည်း ရေကိုတစ်ရက်နှစ်ရက်ခန့် သိုလှောင်အနည်ထိုင်ပြီးမှ သုံးစွဲကြရသည်။ ထို့ကြောင့် အချို့သော နေအိမ်တိုက်ခန်းများကို မိမိတို့၏ ဝင်ငွေနှင့် အဆင်ပြေစေရန် ရည်ရွယ်ကာ အထပ်မြင့်အလွှာများကို ငှားရမ်း နေထိုင်ခဲ့ကြရသော်လည်း ရေကောင်းမသုံးစွဲရသည့်အပြင် ရေအတွက် ငွေပိုမိုကုန်ကျနေရသဖြင့် ဝင်ငွေနှင့်ထွက် ငွေမမျှမတဖြစ်ကာ ငွေရေးကြေးရေး မလောက်မင အဆင်မပြေကြုံတွေ့နေရမှု၊ ရေရရှိရေးအတွက် ညစဉ်အိပ်ရေးပျက်နေရမှုစသည့် အခက်အခဲများ တွေ့ကြုံနေရသည်ဟု ဆိုသည်။

အကုန်အကျ ပိုမိုသက်သာစေနိုင်မည့် ရပ်ကွက်နေအိမ်များသို့ ပြောင်းရွှေ့ငှားရမ်းနေထိုင်ရန်လည်း ရုတ်တရက်မဖြစ်နိုင်။ ငှားရမ်းနေထိုင်သူတွေအနေနှင့် ဆက်လက်နေထိုင်လိုခြင်း မရှိတော့သော်လည်း ပြောင်းရွှေ့မရနိုင် ဖြစ်နေရသည့်အကြောင်းမှာ အဆိုပါ အိမ်ရာများတွင် တိုက်ခန်းငှားရမ်းခများကို ခြောက်လအတွက်၊ တစ်နှစ်အတွက် ကြိုတင်ပေးပြီး ငှားရမ်းကြရသည်။ ထို့အပြင် တိုက်ခန်းရှာဖွေပေးသည့် အိမ်ပွဲစားများကိုလည်း ပွဲခအဖြစ် တစ်လစာပေးရသည်။ တစ်လ ငွေကျပ် ၄၀၀၀၀ နှင့် ငှားရမ်းနေထိုင်သည့် တိုက်ခန်းအတွက် ခြောက်လစာငှားရမ်းခ ငွေကျပ် နှစ်သိန်းလေးသောင်း၊ ပွဲစားခ ငွေကျပ် ၄၀၀၀၀ စုစုပေါင်း ငွေကျပ် နှစ်သိန်းရှစ်သောင်း သို့မဟုတ် တစ်နှစ်စာ ငွေကျပ် လေးသိန်းရှစ်သောင်း ပွဲစားခ ငွေကျပ် လေးသောင်း စုစုပေါင်းငွေကျပ် ၅၂၀၀၀၀ ကြိုတင်ပေးငှားကြရသည်။ ထိုသို့ ငှားရမ်းခ ငွေပေးချေပြီးသည်နှင့် နေချင်သည်ဖြစ်စေ၊ မနေချင်သည်ဖြစ်စေ ငှားရမ်းခကာလ သတ်မှတ်ချက်ပြည့်သည်အထိ နေကြရသည်။ အကယ်၍ ငှားရမ်းသတ်မှတ်ကာလ မပြည့်မီ ဆက်လက်မနေလိုပါက ပိုငွေများကို တိုက်ခန်းပိုင်ရှင်က ပြန်မအမ်း၊ တိုက်ခန်းငှားရမ်းနေထိုင်သူများကသာ အဆုံးခံကြရသည်။ ထို့ကြောင့် ငှားရမ်းနေထိုင်သူများမှာ ဆက်လက် မနေချင်သော်လည်း ငှားရမ်းသတ်မှတ်ကာလ ပြည့်သည်အထိ နေထိုင်ကြရသည်။

ထို့ကြောင့် ဝင်ငွေနည်းမိသားစုအများစုမှာ အိမ်ခြံမြေဈေးနှုန်းများ အလွန်မြင့်နေ၍ ရန်ကုန်မြို့နှင့် နီးစပ်သည့် ဆင်ခြေဖုံးဒေသများမှာပင် ငှားရမ်းမနေနိုင်ကြသဖြင့် ရန်ကုန်မြို့တွင်းသို့ တစ်နာရီကျော်မျှ သွားလာနေရသည့် ငှားရမ်းခဈေးနှုန်းသက်သာသော ဆင်ခြေဖုံးရပ်ကွက်နေရာများတွင်သာ နေထိုင်သူများပြားလာရာ မြေညီထပ်၊ ပထမထပ်၊ တတိယထပ်များတွင် ငှားရမ်းနေထိုင်သူများအတွက် ရေမကောင်းသည့် အခက်အခဲတစ်ခုသာ ကြုံတွေ့နိုင်သော်လည်း သုံးလွှာမှအထက် အထပ်များအတွက်မူ အဆိုပါပြဿနာများ ကြုံတွေ့လာရနိုင်သဖြင့် မငှားရမ်းမီ ကြိုတင်စုံစမ်းမေးမြန်းကာ တိုက်ခန်းပိုင်ရှင်များနှင့် ကြိုတင်ညှိနှိုင်းမှုများ ပြုလုပ်ထားသင့်ကြောင်း လက်ရှိနေထိုင်သူများထံမှ လေ့လာသိရှိရသည်။

မင်းသစ္စာလှိုင်(ကဒုံကနီ)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူများဖမ်းဆီးရမိ

တာချီလိတ် ဖေဖော်ဝါရီ ၁၀

ရှမ်းပြည်နယ် အမှတ်(၁၀) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (တာချီလိတ်)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီခွဲက တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု မလိပါကော်ကျေးရွာလမ်းမပေါ်တွင် လွယ်တော်ခမ်းကျေးရွာအုပ်စု ဖလောက်ကျေးရွာနေ မွန်းအောင် (၄၀နှစ်)မောင်းနှင်သော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေစစ်ဆေးခဲ့သည်။ ထိုသို့ရှာဖွေရာ ၎င်း၏ အင်္ကျီအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများမှာ တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု မလိပါကော်ကျေးရွာနေ မခင်ဌေး (၄၄နှစ်)ထံ ပြန်လည်ရောင်းချခဲ့ကြောင်း သိရသဖြင့် ၎င်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၈၀၊ တန်ဖိုးငွေကျပ် ၈၄ ဒသမ ၈ သိန်း၊ စိတ်ကြွရူးသွပ်ဆေးပြား အကြေမှုန့် ၁၇ ဂရမ်နှင့် ဘိန်းဖြူ ၀ ဒသမ ၂ ဂရမ်တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် မွန်းအောင်နှင့် မခင်ဌေးတို့ကို တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူများဖမ်းဆီးရမိ

သိန်းနီ ဖေဖော်ဝါရီ ၁၀

မူးယစ်တပ်ဖွဲ့ (၂၄) လားရှိုးမှ ရဲအုပ်ဇော်လင်းကျော် ဦးစီးအဖွဲ့သည် ဖေဖော်ဝါရီ ၇ ရက်နံနက် ၁၀ နာရီခွဲက သိန်းနီမြို့နယ် ရပ်ကွက်(၄) ဇီဇဝါလမ်း အမှတ်(၄/၂၀၁)နေ မအားချင်၏ နေအိမ်ကို မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ မအားချင်၏ ဘယ်ဘက်လက်အတွင်းမှ ကြွပ်ကြွပ်အိတ်ဖြင့်ထုပ်လျက် 88 နှင့်1 စာတန်းတစ်ဖက်စီပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၆၇ ပြား အလေးချိန် ၆ ဒသမ ၀၃ ဂရမ်၊ အိပ်ခန်းခုတင်အောက် ပလတ်စတစ်ပုံးအတွင်း ချိတုံစန့်ပုလင်းဖြင့်ထည့်လျက် ဘိန်းဖြူမှုန့်အလေးချိန် ၀ ဒသမ ၄ ဂရမ်ပါ လေးပုလင်း စုစုပေါင်းအလေးချိန် ၁ ဒသမ ၆ ဂရမ်၊ ကပ်ခွာအိတ်အတွင်းထည့်လျက် 88 နှင့် 1 စာတန်းတစ်ဖက်စီပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅ ပြားပါတစ်ထုပ် အလေးချိန် ၁၇ ဒသမ ၅၅ ဂရမ် ၁၄၅ ပြားပါတစ်ထုပ်၊ ၁၃ ဒသမ ၀၅ ဂရမ် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၄၁၁ ပြား အလေးချိန် ၃၆ ဒသမ ၉၉ ဂရမ်နှင့် ဗီရိုအံဆွဲအတွင်းမှ မူးယစ်ဆေးရောင်းရငွေ ငွေကျပ် ၄၅၀၀၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးရောင်းချရန် လက်ဝယ်ထားရှိသူ မအားချင် (၃၇ နှစ်)ကို သိန်းနီမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **ဟန်ဌေး(iprd)**

ငွေရတုမင်္ဂလာဆုတောင်း

ကျေးဇူးရှင် ချစ်ဖေဖေ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညွန့် တပ်မှူး၊ တပ်မတော်ကိုယ်လက်အင်္ဂါ ပြန်လည်သန်စွမ်းရေးဆေးရုံ (ခုတင်-၃၀၀)-ချစ်မေမေ သဒ္ဓမ္မဇောတိကဓဇ ဒေါ်ခင်သန္တာဦး (လူမှုထူးချွန် တတိယဆင့်) (သင်တန်းမှူး၊ ငွေလှရတနာ အဘိဓမ္မာသင်တန်း)တို့၏ ၁၁-၂-၂၀၁၄ ရက်တွင် ကျရောက်သော ငွေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ရွှေလက်မြဲမြဲတွဲလျက် နိုင်ငံအကျိုး၊ ဘာသာ၊ သာသနာအကျိုးကို ဆောင်ရွက်နိုင်ပြီး သာယာချမ်းမြေ့စွာဖြင့် ပြီးပြည့်စုံသောဘဝကို မိသားစုနှင့်အတူ ထာဝရ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သမီးကြီး-ချစ်မိုးပွင့်ဖြူ
ချစ်သမီးငယ်-အိနှင်းပွင့်ဖြူ

ကျေးဇူးတင်လွှာ

၈-၂-၂၀၁၄ရက်(စနေနေ့)တွင် ရန်ကုန် Chatrium ဟိုတယ်၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများနှင့် မင်္ဂလာလက်ထပ်လက်စွပ်များ ဆင်မြန်းချီးမြှင့်ပေးပါသော စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်မြဝင်း၊ မေတ္တာဖြင့် မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဒေါက်တာဖြိုးဝေ၊ သတို့သားအရံ ဗိုလ်ကြီးစိုးမင်းသိန်းနှင့် ဗိုလ်ကြီးပိုင်မင်းသက်၊ သတို့သမီးအရံ မနန်းယုထွေးနှင့် မမြင့်ချိုဇင်၊ မင်္ဂလာပန်းများ ကြဲဖြန့်ပေးပါသော မခင်ဦးသဇင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မခိုင်သက်ယဉ်တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံ စီစဉ်ချုပ်လုပ်ပေးပါသော Designer မယဉ်သူဆွေ၊ မိတ်ကပ်နှင့်ဆံပင် ပြင်ဆင်ထုံးဖွဲ့ပေးပါသော မေဦးမောင်(တော်ဝင်သူ)၊ မေတ္တာဖြင့် မင်္ဂလာလက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ကာတီးယားစိန်တိုက်မှ ဦးဝင်းကြည်၊ ဒေါ်ခင်မမတို့အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေး သီကြွေးပေးပါသော ထပ်ဆင့်အကယ်ဒမီ ဒေါ်ချိုပြုံး၊ မင်္ဂလာတေးသံသာတီးခတ်ပေးပါသော The Aces Band နှင့် နိုင်ငံကျော် တေးသံရှင်များအားလည်းကောင်း၊ မင်္ဂလာဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော 7 Picture ၊ မင်္ဂလာဖိတ်စာများ ရိုက်နှိပ်ပေးပါသော ဒဂုံပုံနှိပ်တိုက်နှင့် လင်းသန့်မိတ္တူ၊ Chatrium ဟိုတယ်မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအားလည်းကောင်း၊ တက်ရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးများနှင့် နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း နာယကဂုဏ်ပြည့်စုံစွာဖြင့် မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပါသော ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ထမ်းအဖွဲ့အကြီးအကဲများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့နှင့် ဇနီးများ၊ IGE Chairman နှင့်ဇနီး၊ ဂုဏ်သရေရှိ လူကြီးများနှင့် နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာဧည့်ခံပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်း အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးနိုင်လင်းအောင်-မအေးဇာဝင်းနိုင်

တစ်ဦးတည်း ဖြစ်ပါကြောင်း

မောင်မိုးလွင် ၉/ညဥန(နိုင်)၁၅၈၄၀၂ ၏ ဖခင် ဦးကုလား (ခ)ဦးခင်မောင်နှင့် မိခင် ဒေါ်စန်း(ခ)ဒေါ်မဲတူတို့သည် အမည်နှစ်မျိုးဖြစ်နေသော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။



ရောင်းရန်

သဃ်န်းကျွန်းမြို့နယ်၊ ရတနာလမ်းမကြီးပေါ် ၃၀' ×၇၀' (ခုနစ်လွှာ)၊ BM, 2BR,Air 2၊ ပါကေးကြွေပြားခင်း ကြွေပြားကပ်၊ အဆင့်မြင့် ပြင်ဆင်ပြီး။

စုံစမ်းရန်- ဖုန်း-၀၉-၅၀၅၅၅၀၀

ပျောက်ဆုံးကြောင်း

ပေါင်းတည်မြို့၊ မင်းကွက် (၃)ရပ်ကွက်၊ ရွှေတောင်လမ်းနေ ဦးအောင်မြင့် ၇/ပတတ(နိုင်) ၀၀၉၃၅၀၏ Passport MA 500927 သည် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၁၇၄၅၀၀၅

ပြင်ဆင်ဖတ်ရှုပါရန်

၇-၂-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၁၃ ပါ ကန့်ကွက်နိုင်ကြောင်းကြေညာချက်တွင် ဒေါ်မြရင်အစား ဒေါ်မြရီနှင့် လာလမ်းအစား သုမင်္ဂလာလမ်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ဒေသ(၇)ရခိုင်ပြည်နယ်ရုံးမှ (၂၀၁၃-၂၀၁၄)ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုသီးသန့်ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို(မြန်မာကျပ်ဖြင့်) ဝယ်ယူလိုပါသည်။

စဉ်	မြို့နယ်/ကျေးရွာ	ပစ္စည်းအမျိုးအစား
(၁)	သံတွဲမြို့နယ်၊ တရော်တောကျေးရွာ	ကျောက်ကြီး၊ ဘိလပ်မြေ၊ သံချောင်းဆိုက်စုံ၊ ပင်လယ်သဲ၊ ပီပါခွံ
(၂)	မင်းပြားမြို့နယ်၊ လက်မကျေးရွာ	ကျောက်ကြီး၊ ဘိလပ်မြေ၊ သံချောင်းဆိုက်စုံ မြစ်သဲ၊ မိုးကာဖျင်စ

၂။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၇)၊ စစ်တွေမြို့

၃။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁၃-၂-၂၀၁၄ ရက်

၄။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၁၉-၂-၂၀၁၄ ရက်၊ ၁၃း၀၀ နာရီ

၅။ **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၂၀-၂-၂၀၁၄ ရက်၊ ၁၃း၀၀ နာရီ

၆။ **တင်ဒါဖွင့်လှစ်မည့်နေရာ** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၇)၊ စစ်တွေမြို့

အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များ၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၇)၊ စစ်တွေမြို့နယ်ရုံး ဖုန်း-၀၄၃-၂၂၂၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ကံကောင်း

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်

သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ ၃၊ ၂၊ ၁၊ မြိုင်သာယာ၊ VIP 80'x60' လုံးချင်းတိုက်များ၊ သိန်း၄၀သွင်းရသော VIP မြေကွက်များ၊ သန်လျင်၊ ကျောက်တန်း မြေကွက်များ ရောင်းဝယ်ရန်ရှိသည်။
(သီလဝါ၊ သန်လျင်၊ ကျောက်တန်း) သီးသန့်

ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉
၀၉-၄၂၀၁၈၅၅၇၇၊ ၀၉-၇၃၂၂၇၅၅၆၊ ၀၉-၄၄၀၀၀၅၀၁၈

နိုင်ငံတကာအားကစားသတင်းနှင့်ဆောင်းပါး

အာစင်ဝင်းဂါးနှင့် မိုယက်စ်တို့ ထိပ်တိုက်တိုးပြီ

ပရီမီယာလိဂ်ပွဲစဉ် (၂၆)ကို ဖေဖော်ဝါရီ ၁၂ ရက်နဲ့ ၁၃ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်မှာဖြစ်ပြီး ပရိသတ်စိတ်ဝင်စားမှုအရှိဆုံးပွဲကတော့ အာဆင်နယ်နဲ့ မန်ယူပွဲစဉ်ပဲဖြစ်ပါတယ်။ ဝေဖန်ပြစ်တင်မှုတွေ ဆူညံနေတဲ့ ဒီနှစ်သင်းရဲ့ ဆုံတွေ့မှုက ပရိသတ်တွေရဲ့ စိတ်အာရုံကို ဖမ်းစားနိုင်စွမ်းရှိမှာဖြစ်ပြီး ရင်ခုန်စရာလည်း ကောင်းနေတာအမှန်ပါပဲ။

အာဆင်နယ်နှင့် မန်ယူ

လီဗာပူးရဲ့ ဂိုးပြတ်သွင်း အလဲထိုးမှုခံခဲ့ရတဲ့ အာဆင်နယ်ဟာ မန်ယူနဲ့ ဆက်တိုက်ဆုံတွေ့ရတာဟာ ကံဆိုးမှုတစ်ရပ်ပါပဲ။ အိမ်ရှင်တို့အတွက် ကျရိပ်ထိုးနေတဲ့ခြေစွမ်းက မန်ယူနဲ့ပွဲမှာ နာလန်ပြန်ထူနိုင်မလား ကြည့်ရမှာဖြစ်သလို လူစုံပါဝင်လာမယ့် မန်ယူတို့လည်း ဒီပွဲမှာ ချွေးဒီးဒီးကျအောင် ရုန်းကန်ရမှာဖြစ်ပါတယ်။ ဒါပေမယ့် အာဆင်နယ်ကွင်းမှာ နောက်ဆုံး ငါးကြိမ်တွေ့ဆုံတဲ့ပွဲတွေမှာ မန်ယူတို့ နိုင်ပွဲရတာများပါတယ်။ အခုပွဲမှာ မန်ယူဟာ မာတာ၊ ရှွန်းနေ၊ ဗန်ပါစီ တို့ကို ပွဲထုတ်မှာဖြစ်ပြီး ဆိုးရွားနေတဲ့ ရလဒ်ကို ချေဖျက်ဖို့ ကြိုးစားမှာဖြစ်သလို အာဆင်နယ်ကလည်း ဝေဖန်ပြစ်တင်မှုတွေကို တိတ်ဆိတ်သွားအောင် ခြေကုန်ထုတ်မှာမို့ ဒီပွဲရလဒ်ဟာ ပြတ်သားမှုမရှိဘဲ အမှတ်ခွဲဝေယူရမယ့် ကိန်းဆိုက်သွားနိုင်ပါတယ်။

မန်စီးတီးနှင့် ဆန်းဒါးလန်း

ပြီးခဲ့တဲ့ပွဲစဉ်မှာ နေ့ဝှစ်ချ်ကို ဂိုးမရှိသရေပွဲဖြစ်ခဲ့တဲ့ မန်စီးတီးဟာ ဒီပွဲမှာတော့ အမှတ်ပြည့်ရယူဖို့ အားထုတ်မှာဖြစ်ပါတယ်။ မန်စီးတီးဟာ ခြေစွမ်းပြနိုင်တဲ့ အသင်းဖြစ်ပြီး ဂိုးသွင်းအားလည်း မြင့်မားတာမို့ တန်းဆင်းဇုန်ထဲမကျဆင်းဖို့ ခြေကုန်ထုတ်မယ့် ဆန်းဒါးလန်းကို ထိန်းချုပ်ကစားပါလိမ့်မယ်။ အိမ်ကွင်းမှာ ဆန်းဒါးလန်းဟာ မန်စီးတီးကို အနိုင်ကစားနိုင်တဲ့ခြေစွမ်းရှိပေမယ့် အခုပွဲအဝေးကွင်းဖြစ်တာမို့ ခုခံအားကောင်းကောင်းနဲ့ ဟန့်တားနိုင်ပေမယ့် အိမ်ရှင်ရဲ့အနိုင်ရလိုစိတ်ပြင်းပြတဲ့ ကြိုးစားမှုကို တားဆီးနိုင်စွမ်းရှိမယ်မထင်ပါဘူး။

ဖူလ်ဟမ်နှင့် လီဗာပူး

ဖူလ်ဟမ်ဟာ လီဗာပူးကိုအနိုင်ကစားဖူးပေမယ့် လက်ရှိခြေစွမ်းအရ ခြေရည်တူကစားဖို့တောင် မလွယ်ပါဘူး။ တန်းစီဇယားအောက်ဆုံးကို ကျရောက်နေတဲ့ ဖူလ်ဟမ်ဟာ ဒီပွဲမှာ အနိုင်ရလဒ်ကို အကောင်အထည်ဖော်ဖို့ခက်ခဲမှာဖြစ်ပါတယ်။ လီဗာပူးတို့ကတော့ တန်းစီဇယားထိပ်ပိုင်းက အသင်းတွေကို ဖိအားပေးနိုင်ဖို့ အမှတ်ပြည့်သိမ်းပိုက်ဦးမယ့် ပွဲပါပဲ။

မိုးမြင့်လင်းလက်

မက်ဆီနှစ်ဂိုးသွင်းယူပြီး ဘာစီလိုနာထိပ်ဆုံးရောက်

စပိန်လာလီဂါပွဲစဉ် (၂၃)အဖြစ် ဖေဖော်ဝါရီ ၉ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားစဉ် ဘာစီလိုနာက မက်ဆီ၏ သွင်းဂိုးနှစ်ဂိုးအပါအဝင် ဆီဗီလာကို လေးဂိုး-တစ်ဂိုးဖြင့်နိုင်ကာ ဇယားထိပ်ပြန်တက်လာသည်။ အိမ်ရှင်ဆီဗီလာအတွက် တစ်လုံးတည်းသောဂိုးကို မိုရမ်နိုက သွင်းယူပေးခဲ့သည်။ ယင်းဂိုးကို ဆန်ချက်ဇ်က ပြန်လည်ချေပခဲ့သည်။ ယင်းနောက် မက်ဆီက နှစ်ဂိုး၊ ဖာဘရီဂတ်စ်က တစ်ဂိုးသွင်းယူခဲ့သည်။ မက်ဆီတို့ ယင်းပွဲအနိုင်ရလိုက်သဖြင့် ရမှတ် ၅၇ မှတ်ဖြင့် ရီးရဲမက်ဒရစ်၊ အက်သလက်တီကိုတို့နှင့် ရမှတ်တူ ဦးဆောင်လျက်ရှိသည်။

မက်ဆီသည် စက်တင်ဘာလကတည်းက ဒဏ်ရာကြောင့် ကောင်းစွာ ဂိုးမသွင်းနိုင်ဘဲရှိခဲ့သည်။ ယခု ဂိုးသွင်းသော်လည်း အဖွင့်ဂိုးမသွင်းနိုင်ဘဲ ရှိသည်။

ကောင်းမြတ်သူ-စုစည်းသည်

နိုင်ငံတကာ ပြည်တွင်းလိဂ် ပွဲစဉ်နှင့် ဂိုးရလဒ်များ — သီဟ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်-၂၆			**ဖေဖော်ဝါရီ ၁၂**
ကာဒစ်ဖ်	-	အက်စ်တွန်ဗီလာ	နံနက် ၂း၁၅
ဟားလ်စီးတီး	-	ဆောက်သမ်တန်	နံနက် ၂း၁၅
ဝက်စ်ဟမ်း	-	နော့ဝှစ်ချ်	နံနက် ၂း၁၅
ဝက်စ်ဘရွန်း	-	ချယ်လ်ဆီး	နံနက် ၂း၃၀
အင်္ဂလန်ချန်ပီယံရှစ် ပွဲကျန် ပွဲစဉ်များ			**ဖေဖော်ဝါရီ ၁၂**
ရှက်ဖီးဝမ်းနက်စ်ဒေး	-	ဝီဂန်	နံနက် ၂း၁၅
ဟက်ဒါဖီးလ်	-	နော်တင်ဟမ်	နံနက် ၂း၁၅
ဘရိုက်တန်	-	လိဒ်ယူနိုက်တက်	နံနက် ၂း၁၅
ဝက်ဖို့ဒ်	-	ဘာမင်ဂမ်	နံနက် ၂း၁၅
ယီအိုဗွီး	-	မီဝေါလ်	နံနက် ၂း၁၅
ဘော်လ်တန်	-	ဘန်လေ	နံနက် ၂း၃၀
ပြင်သစ်လီဂူး ပွဲစဉ်-၂၄			**ဖေဖော်ဝါရီ ၁၂**
တူးလော့စ်	-	ဘတ်စ်တီယာ	နံနက် ၂း၀၀
အီတလီကိုပါအီတာလီယာဖလား			**ဖေဖော်ဝါရီ ၁၂**
ဖီအိုရင်တီးနား	-	အူဒီးနိစ်	နံနက် ၂း၃၀
စပိန်ကိုပါဒယ်လ်ရေးဖလား			**ဖေဖော်ဝါရီ ၁၂**
အက်သလက်တီကို	-	ရီးရဲမက်ဒရစ်	နံနက် ၂း၃၀

ဖေဖော်ဝါရီ ၉/၁၀ ဂိုးရလဒ်များ

ပါးမား	၀-၀	ကာတာနီးယား
ဗီရိုနာ	၂-၂	ဂျူဗင်တပ်စ်
လာဇီယို	၀-၀	ရိုးမား
အင်တာ	၁-၀	ဆက်ဆူအိုလို
ဆိုစီဒက်	၀-၀	လီဗန်တေး

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ
ဦးစိုးနိုင်-ဒေါ်အေးတင် တို့၏သားကြီး

ဗိုလ်မှူးသူရိန်
B.A(English) နှင့်

နေပြည်တော်နေ
ဗိုလ်မှူးကြီးမြင့်အောင်သန်း(နေပြည်တော်ကောင်စီဝင်)-ဒေါ်မြတ်မြတ်မိုး(ဥက္ကဋ္ဌ၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့)တို့၏
တစ်ဦးတည်းသောသမီး

မအေးစန္ဒာကျော်
B.A(Business Management)

တို့၏ ၁၇-၁၁-၂၀၁၃ရက်တွင် နေပြည်တော်၊ မြတ်တော်ဝင်ဟိုတယ်၌ကျင်းပသော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ၌ လက်မှတ်ရေးထိုးပေးပါသော ခရိုင်တရားသူကြီး ဦးဌေးအောင်၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဒုတိယဗိုလ်မှူးကြီးဇော်မင်းနှင့် မအေးမြစန္ဒီတို့အားလည်းကောင်း၊ ၉-၂-၂၀၁၄ရက်တွင် နေပြည်တော် MICC(II) တွင် ကျင်းပပြုလုပ်သော မင်္ဂလာအခမ်းအနားသို့ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ဒုတိယသမ္မတဦးဉာဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်တို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးသိန်းညွန့်နှင့် ဇနီး ဒေါ်ကျင်ခိုင်၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက်/နယ်ဘက်မှ အရာရှိကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဧည့်သည်တော်များအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသန်းမြတ်စိုး၊ မင်္ဂလာအခါတော်ပေး တေးသီချင်းသီဆိုပေးပါသော ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီဒေါ်ချိုပြုံး၊ Evening Star တေးဂီတအဖွဲ့နှင့်အတူ မင်္ဂလာတေးသီဆိုပေးပါသော ထပ်ဆင့်အကယ်ဒမီ ရန်အောင်၊ ထပ်ဆင့်အကယ်ဒမီ မေသန်းနု၊ ရုပ်ရှင်သရုပ်ဆောင် ဖိုးသောကြာနှင့် အဘက်ဘက်မှ ကူညီပေးသော ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ ဦးလွင်မိုး၊ ဦးခင်မောင်ဌေးနှင့်အဖွဲ့၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော မမေမြတ်နိုးဦး၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော မအေးမြစန္ဒီ၊ မင်္ဂလာလက်စွပ် ကိုင်ဆောင်ပေးပါသော မမေသူအောင်၊ သတို့သားအရံများအဖြစ် ကူညီပေးပါသော ဗိုလ်မှူးသန်းထွန်းအောင်၊ ဗိုလ်မှူးဝဏ္ဏအောင်၊ သတို့သမီးအရံများအဖြစ် ကူညီပေးပါသော မဆင့်ဆင့်ဖြိုး၊ မဝါဝါသက်၊ မေတ္တာဖြင့် မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော ဒီဇိုင်နာ ဦးတွတ်၊ မေတ္တာဖြင့် မိတ်ကပ်၊ ဆံပင်ဖန်တီးပေးပါသော လင်းလင်း(Make Up Artist)နှင့်အဖွဲ့၊ မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးပါသော (The Rich Gems)၊ မေတ္တာဖြင့် ဒီဇိုင်း ဗီနိုင်းထုတ်ပေးပါသော Xenon မှ ဦးမျိုးမင်းဦးနှင့်အဖွဲ့သားများ၊ ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော Forever Group၊ မင်္ဂလာဖိတ်စာ(Dagon ပုံနှိပ်တိုက်)၊ ပန်းအလှဆင်ခြင်းနှင့် ဧည့်ခံကျွေးမွေးဆောင်ရွက်ပေးပါသော ဘောဂသိဒ္ဓိ(Restaurant & Catering)မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ MICC (II) မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအား လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

နှစ်ဖက်သော မိဘများနှင့်
ဗိုလ်မှူးသူရိန်-မအေးစန္ဒာကျော်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၇ယ/၁၈၂၇၇ LUOJIA 110 ယာဉ်လက်ဝယ်ရှိသူ ဦးရေဝတ ၁/ဗမန(သ) ၀၀၀၃၉၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ဗန်းမော်)၊ ဗန်းမော်မြို့**

အင်္ဂလိပ်စာ
Ph: 01-375970, 0951 72096, 0950 47516

စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

မောင်ဇော်လင်းအောင်

မခင်မနိုင်

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

ယမန်နေ့မှအဆက်

၅။ ဗဟန်းမြို့နယ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စီစဉ်သော အိမ်ရာများကို ဖြန့်ဖြူးသည့် အစီအစဉ်(ပွင့်လင်းမြင်သာမှု)ကို သိရှိလိုကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ အိမ်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးရာတွင် တန်ဖိုးမြင့်၊ တန်ဖိုးလတ်နှင့် တန်ဖိုးနည်းအိမ်ရာများကို ပြည်သူများ၏ ဝင်ငွေအဆင့်အတန်းပေါ်မူတည်လျက် ဆောင်ရွက်ပေးခဲ့ပါသည်။ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အရ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဝင်ငွေနည်းပြည်သူများ၏ အိမ်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် တန်ဖိုးနည်းအိမ်ရာများကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ စီမံကိန်းကိုအပိုင်း (၄) ပိုင်းခွဲ၍ အဆင့်လိုက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ပထမအဆင့်အနေဖြင့် အခန်းတစ်ယူနစ်လျှင် (၄၆၈ စ/ပေ)ရှိ ခြောက်ခန်းတွဲအဆောက်အအုံ ၃၂ လုံး၊ အခန်းယူနစ်ပေါင်း ၇၆၈ ခန်းနှင့် ဒုတိယအဆင့်အနေဖြင့် အခန်းတစ်ယူနစ်လျှင် (၄၈၄ စ/ပေ)နှင့်(၅၂၈ စ/ပေ)ရှိ ရှစ်ခန်းတွဲ လေးထပ်အဆောက်အအုံ ၁၆ လုံး၊ အခန်းယူနစ်ပေါင်း ၄၉၆ ခန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် အပိုင်း (၃)နှင့်အပိုင်း (၄)ကို ဆက်လက်ဆောင်ရွက်ရန် စီစဉ်လျက်ရှိသဖြင့် ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင် ပြီးစီးရန်ဖြစ်၍ ရွှေလင်ပန်း တန်ဖိုးနည်းအိမ်ရာစီမံကိန်းမှ အခန်းပေါင်း ၂၀၀၀ ကျော် ရရှိမည်ဖြစ်ပါသည်။ ဆက်လက်၍ လှိုင်သာယာမြို့နယ် ကျန်စစ်မင်းတန်ဖိုးနည်းအိမ်ရာ စီမံကိန်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်၍ အခန်းယူနစ်ပေါင်း ၂၉၂၀ ခန်းရရှိမည်ဖြစ်သည်။ တန်ဖိုးသင့်တင့်၍ အများပြည်သူများ ဝယ်ယူနိုင်စွမ်းရှိသည့် အိမ်ရာ (Affordable Housing) ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်တွင် တည်ဆောက်လျက်ရှိပြီး အခန်းတစ်ယူနစ်လျှင် (၆၀၀ စ/ ပေ)ရှိ ၂၄ ခန်းတွဲ ၁၈ ထပ် အဆောက်အအုံ ၄၉ လုံး၊ အခန်းယူနစ်ပေါင်း ၁၉၆၀၀ ရရှိမည် ဖြစ်ပါသည်။ တန်ဖိုးနည်းအိမ်ရာများ၏ အခန်းတစ်ခန်းတန်ဖိုးမှာ ကျပ် သိန်း ၁၂၀ ပတ်ဝန်းကျင်ဖြင့် ရောင်းချမည်ဖြစ်ပြီး စီမံကိန်းဆောင်ရွက်ပြီးပါက ပွင့်လင်းမြင်သာမှုရှိရန်အတွက် သတင်းစာမှ လျှောက်လွှာခေါ်ယူ၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ ရောင်းချမည်ဖြစ်ပါသည်။ ရောင်းချမည့် အစီအစဉ်မှာ ပုံမှန်ဝင်ငွေရှိ နိုင်ငံ့ဝန်ထမ်းများ၊ ပင်စင်စားများ၊ ကုမ္ပဏီဝန်ထမ်းများ ဝင်ငွေနည်းပြည်သူများ စသည်ဖြင့် ဦးစားပေးအဆင့်အလိုက် ရောင်းချသွားမည်ဖြစ်ပြီး တိုက်ခန်းတန်ဖိုးများအား ဘဏ်ချေးငွေစနစ်ဖြင့် အရစ်ကျပေးချေသွားရန်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၆။ ဗဟန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအပြင် လမ်း/တံတားများပြင်ဆင်မွမ်းမံရာတွင် နည်းပညာကိုဖြစ်စေ၊ အကြံဉာဏ်ကိုဖြစ်စေ၊ စက်ကိရိယာကို ဖြစ်စေ ဝန်ကြီးဌာနမှ ကူညီထောက်ပံ့ပေးနိုင်သည့် အခြေအနေကို မေးမြန်းချက်နှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအားလုံးကို နည်းပညာပိုင်းအရ အကူအညီပေးရန်၊ အကြံဉာဏ်ပိုင်းအားဖြင့်အပြည့်အဝ အကူအညီပေးရန် ညွှန်ကြားထားပြီးဖြစ်ပါသည်။ ထို့ကြောင့် တစ်နိုင်ငံလုံးရှိ မြို့နယ်အင်ဂျင်နီယာများကို နည်းပညာပိုင်းဆိုင်ရာသော်လည်းကောင်း၊ အကြံဉာဏ်ပိုင်းဆိုင်ရာသော်လည်းကောင်း အချိန်မရွေး တောင်းခံနိုင်ပါသည်။ စက်/ယာဉ်ယန္တရားပိုင်းနှင့်ပတ်သက်၍ အကန့်အသတ်ရှိပါသည်။ မြို့နယ်အင်ဂျင်နီယာများအား ပေးထားသည့် စက်၊ ယာဉ်ယန္တရားများသည် ၎င်းတို့၏ လုပ်ငန်းများပြီးစီးအောင် ဦးစားပေးဆောင်ရွက်နေရသောကြောင့် အားလပ်သည့်အချိန်ပိုင်းမှာ အကူအညီပေးမည်ဖြစ်ပါသည်။ မအားလပ်သည့် အချိန်နှင့် တိုက်ဆိုင်နေပါက အခြားဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရန် ဖြစ်ပါသည်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လမ်းညွှန်ထားပြီး ဖြစ်ပါသည်။ လိုအပ်သည့် စက်/ယာဉ်ယန္တရားနည်းပညာများကို လိုအပ်လျှင် ကော်မတီရုံးသို့ လိပ်မူပြီး တောင်းခံ ဆောင်ရွက်နိုင်ပါကြောင်း ဖြေကြားအပ်ပါသည်။

၇။ တောင်ဥက္ကလာပမြို့နယ်မှ ကမ္ဘာကျော်မြေသိမ်းခံရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဆွေးနွေးချင်ပါတယ်။ ပြည်ထောင်စုလွှတ်တော်မှာလည်း လယ်ယာမြေများ အသိမ်းခံရတဲ့ကိစ္စနဲ့ပတ်သက်ပြီး ပြည်သူများ နစ်နာမှုမရှိစေရေး ကော်မတီကို ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီအဖွဲ့ထဲမှာ ကျွန်တော်က အဖွဲ့(၁)အဖွဲ့ဝင်ဖြစ်ပါတယ်။ မြေသိမ်းခံရတဲ့လယ်သမားတွေရဲ့ အခက်အခဲတွေ နစ်နာချက်တွေကို တင်ပြချင်ပါတယ်။ စက်မှုဇုန်တည်ဆောက်လို့ မြေသိမ်းခံရတယ်။ မြို့ရွာတွေဖွံ့ဖြိုးတိုးတက်အောင် အိမ်ဆောက်လို့မြေသိမ်းခံရတယ်။ ကန်ထရိုက်တိုက်ဆောက်လို့ မြေသိမ်းခံရတယ်။ အဲဒီလို သိမ်းတဲ့အခါ လယ်မြေတွေ ပါသွားပါတယ်။ လယ်သမားတွေလျော်ကြေးနည်းနည်းပါးပါးပဲရပြီး လယ်မလုပ်နိုင်တော့ပါဘူး။ စားဝတ်နေရေးအဆင်မပြေတော့ဘူး။ လယ်သမားတွေကို ထိုက်သင့်တဲ့လျော်ကြေးနဲ့ ဖြေရှင်းပေးဖို့ တွန်းအားပေးစေချင်ပါတယ်။ လယ်သမားဘက်က ရပ်တည်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ အသိမ်းခံရသော မြေနေရာကို နစ်နာမှုမရှိအောင်ပြုလုပ်ပေးပါမည်။ဒေသခံအလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်အောင် ညှိနှိုင်းဆောင်ရွက်ပေးပါမည်။ လယ်ယာမြေနှင့်ပတ်သက်၍ နစ်နာမှုမရှိအောင်၊ လူနေမှုဘဝမြင့်မားအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၈။ တောင်ဥက္ကလာပ(၁၄)ရပ်ကွက်မှာ ကျူးကျော်အိမ်တွေက တော်တော်ဆိုးနေပါပြီ။ တစ်ဖက်ကလည်း နေစရာမရှိဆိုပြီး ကျူးကျော်နေထိုင်ပါတယ်။ ကျူးကျော်ကိစ္စက ထိန်းမရသိမ်းမရဖြစ်နေ၍ ပေါင်းစပ်ပြီးအင်အားသုံး ဖြေရှင်းပေးဖို့တင်ပြချင်ပါတယ်။ လမ်းမကြီးပေါ်ဈေးရောင်းလို့ လမ်းတွေပိတ်ဆို့မှုတွေ ဖြစ်ပေါ်နေ၍ စည်ပင်သာယာကို ဆောင်ရွက်ပေးရန်ပြောကြားထားပါတယ်။ စည်ပင်သာယာက တာဝန်မယူပါ။ ဘယ်အဖွဲ့အစည်းကတာဝန်ယူမလဲ၊ ရပ်ကွက်အထောက်အကူပြုတွေနဲ့ ပူးပေါင်းပြီး ဖြေရှင်းပေးရန် ပြောကြားလိုပါတယ်။ တောင်ဥက္ကလာပမှာ အမှိုက်ပစ်သောကိစ္စမှာလည်း ထိန်းမရသိမ်းမရဖြစ်ဖြစ်နေကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍ အမှိုက်ကိစ္စနှင့်ပတ်သက်၍ တတ်နိုင်သလောက်တာဝန်ယူ ဆောင်ရွက်ပေးပါမည်။

၉။ ရန်ကင်းမြို့နယ်အတွင်း မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနမှ ယခင်အစိုးရများအဆက်ဆက် နိုင်ငံပိုင် တိုက်၊ အိမ်ရာများဆောက်လုပ်ပြီး နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံသားများကို အငှားစနစ်ဖြင့် ဥပဒေစည်းကမ်းနှင့်အညီ အငှားချနေထိုင်ခွင့်ပြုခဲ့ပါသည်။ နှစ်ကာလကြာသည်နှင့်အမျှ စည်းမျဉ်းစည်းကမ်းများလိုက်နာမှုမရှိဘဲ ဥပဒေစည်းကမ်းများ၊ ချိုးဖောက်ပြီး ပြုပြင်ဖောက်လုပ်ရောင်းဝယ်နေကြပါသည်။ ထို့ပြင် ကစားကွင်းများ၊ နားနေပန်းခြံငယ်များတွင်လည်း လူနေဈေးဆိုင်များ၊ ကားဂိုဒေါင်များဆောက်လုပ်ခြင်း၊ ခြံစည်းရိုးများကာရံခြင်း၊ မိမိမြေကဲ့သို့ ရောင်းဝယ်ငှားရမ်းခြင်းများ လုပ်ဆောင်လျက်ရှိပါသည်။ ယခုအစိုးရလက်ထက်တွင်လည်း ဆောက်လုပ်ခဲ့သော(၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇) နှင့် ၂၀၁၃ ခုနှစ်တွင် ပြီးစီး၍ နေ ရာချထားပေးသော ရန်အေးအိမ်ရာ၊ ရန်ငြိမ်းအိမ်ရာများကိုလည်း အပိုင်စနစ်၊ အငှားစနစ်ဖြင့်လည်းကောင်း၊ အပေါ်ထပ်များက အပိုင်၊ အောက်ထပ်များက အငှားစနစ်ဖြင့် ၎င်းတိုက်ခန်းများတွင် နေထိုင်မည့် နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံသားများကို ဥပဒေစည်းကမ်းများရှင်းလင်းပြောကြားပြီးမှ နေရာချထားပေးခဲ့ပါသည်။ သို့သော် အဆိုပါတိုက်ခန်းသစ်များတွင် ဥပဒေစည်းကမ်းများကို ချိုးဖောက်ပြီး အခိုင်အမာ၊ အဖီ၊ အဆွယ်များဆောက်လုပ်ခြင်း၊ အရေးပေါ်လှေကားမှ ဆင်းမည့်လမ်းကြောများပိတ်ဆို့ကာရံခြင်း၊ အတွင်းခန်းများ ဖြိုဖျက်ပြုပြင်ခြင်း၊ ထပ်ဆင့်ငှားရမ်းခြင်း၊ ရောင်းဝယ်ခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ဥပဒေစည်းကမ်းများ မလိုက်နာမှုများအား မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ကိုသိရှိလိုကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍ အိမ်ရာနှင့်ပတ်သက်၍ နေထိုင်သူများအား စည်းကမ်းချမှတ်ပြီးဖြစ်ပါသည်။ နေထိုင်သူများနှင့် အကောင်းဆုံးဖြစ်အောင် ညှိနှိုင်းဆောင်ရွက်သွားပါမည်။ မြို့ပြစီမံကိန်းနှင့် ကိုက်ညီအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၁၀။ ရန်ကုန်မြို့တွင်း ပလက်ဖောင်းများတိုးချဲ့ပြီး ကားရပ်နားရန် ပါကင်များ ပြုလုပ်ထားသော်လည်း လမ်းဘေးဈေးသည်များနေရာယူ ရောင်းချမှုအပေါ် သက်ဆိုင်ရာ စည်ပင်သာယာမှ အရေးယူဆောင်ရွက်ပေးမှုမရှိသည့်အတွက် စည်ပင်သာယာဌာနအပေါ် ပြည်သူများမှ အထင်မြင်လွဲမှားမှုများဖြစ်နေသည့် ကိစ္စအားရှင်းလင်းပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍ စည်းကမ်းမဲ့ဈေးရောင်းနေသူများအား ဒဏ်ကြေးဆောင်၊ခံဝန်လက်မှတ်ထိုးပြီး ပညာပေးမှုများ နေ့စဉ်စဉ်ဆက်မပြတ်ဆောင်ရွက်နေပါကြောင်း ဖြေကြားအပ်ပါသည်။

၁၁။ ပုဇွန်တောင်မြို့နယ် အမှတ်(၅)ရပ်ကွက် ဆိပ်ကမ်းအာဏာပိုင် မြေပေါ်တွင် နေထိုင်ကြသူများအနေဖြင့် စည်ပင်သာယာအခွန်အခများအပြင်ဆိပ်ကမ်းအာဏာပိုင်သို့ ပေးဆောင်ရသော အခွန်အခများကြောင့် ပြည်သူများ များစွာနစ်နာနေမှုကို စဉ်းစားဆောင်ရွက်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍ ပြေစာများထပ်နေလျှင် စစ်ဆေးပြီးပြန်လည်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၁၂။ ပုဇွန်တောင်မြို့နယ်အတွင်း မိုးတွင်းကာလ ရေကြီးရေလျှံမှုမှာ ဗိုလ်တထောင်မြို့နယ်မှ ရေစီးဆင်းမှုမရှိသည့်အတွက် မြို့နယ်နှစ်ခုဆက်စပ်၍ မိုးတွင်းကာလမတိုင်မီ ရေမြောင်းများရှင်းလင်းပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍ ပွင့်လင်းရာသီတွင် ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ရန် အစီအစဉ်ရှိပါသည်။ စီမံချက်ချပြီး ညှိနှိုင်းပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၁၃။ သဃ်္ဃန်းကျွန်းမြို့နယ်မှ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်များနှင့်အညီ မြို့တော်ရန်ကုန်အား ဖွံ့ဖြိုးတိုးတက်သော မြို့တော်ကြီးအဖြစ်တည်ဆောက်နေရာ ဆင်ခြေဖုံးမြို့နယ်များ(အထူးသဖြင့် သဃ်္ဃန်းကျွန်း)၌ အခန်းပေးအခန်းယူစနစ်ဖြင့် ကန်ထရိုက်တိုက်များ ကျယ်ကျယ်ပြန့်ပြန့်ဆောက်လုပ်လာခဲ့ရာ ကန်ထရိုက်များသည် စာချုပ်ကို စည်းဖောက်ခြင်း၊ မမှန်ကန်သော ဥပဒေမဲ့လုပ်ရပ်များ လုပ်ကိုင်ခြင်းများရှိ၍ မြေရှင်များနစ်နာကြရသောကြောင့် ယင်းကိစ္စနှင့်ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ကန်ထရိုက်တာများအပေါ် မည်ကဲ့သို့ အရေးယူပေးပါမည်နည်း။ မြေရှင်များကို ကာကွယ်သည့်အနေဖြင့် ကန်ထရိုက် ဥပဒေများရေးဆွဲ ပြဋ္ဌာန်းပေးရန်ကိစ္စနှင့်ပတ်သက်၍ ကန်ထရိုက်လုပ်ထုံးလုပ်နည်းများ ရေးဆွဲ၍ ရွေးချယ်ပြီးတစ်ပြေးညီ စည်းမျဉ်း ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၁၄။ သဃ်္ဃန်းကျွန်းမြို့နယ်မှ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ မြို့တော်ရန်ကုန်အား ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြို့တော်ကြီးအဖြစ် တည်ဆောက်နေရာ ဆင်ခြေဖုံးဒေသမြို့နယ်များတွင် နောက်ဖေးလမ်းကြားများအား စနစ်တကျထားရှိခြင်းဖြင့် မြို့အင်္ဂါရပ်နှင့်ညီအောင် ဆောင်ရွက်ရမည်ဖြစ်သော်လည်း အထူးသဖြင့် သဃ်္ဃန်းကျွန်းမြို့နယ် ရပ်ကွက်အသီးသီးရှိ နောက်ဖေးလမ်းကြားများအား ကျူးကျော်ပိတ်ဆို့ထားသည်ကို အဘယ်ကြောင့် အရေးမယူဘဲ လျစ်လျူရှုထားပါသနည်း။ ထို့အပြင် အများသုံးလမ်းပေါ်၌ နေအိမ်များ ဆောက်လုပ်ခြင်း၊ လမ်းခင်းခြင်းအား ကျူးကျော်ရယူထားခြင်းများရှိသည်ကို မေးမြန်းချက်နှင့်ပတ်သက်၍နောက်ဖေးလမ်းကြားများတွင်ကျူးကျော်ပိတ်ဆို့ထားမှုများ တွေ့ရှိပါက တိုင်ကြားပါ။ ကွင်းဆင်းစစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၁၅။ သဃ်္ဃန်းကျွန်းမြို့နယ်မှ ရပ်ကွက်အတွင်း ဆောက်လုပ်နေသည့် ကန်ထရိုက်တိုက်များနှင့်ပတ်သက်၍ လည်းကောင်း၊ လုံးချင်းတိုက်များသည်လည်းကောင်း စည်ပင်ဥပဒေနှင့်ညီညွတ်မှုမရှိသည်ကို သိသာပါလျက် လွှတ်တော်၌ မေးသည့် မေးခွန်းအပေါ် စည်ပင်ဥပဒေနှင့်ညီညွတ်ပါသည်ဟု ဖြေကြားကာ လမ်းဥပဒေ ချိုးဖောက်မှုများကို မေးမြန်းချက်နှင့်ပတ်သက်၍ ဆောက်လုပ်သည့် အဆောက်အအုံသည် စည်ပင်ဥပဒေနှင့်ညီညွတ်မှုရှိမှသာ ဆောက်လုပ်ခွင့်ပြုပါသည်။ စည်ပင်ဥပဒေနှင့်လမ်းဥပဒေများ ချိုးဖောက်မှုရှိပါက ထိရောက်စွာအရေးယူဆောင်ရွက်ခဲ့ပါကြောင်း ဖြေကြားအပ်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)တိုးချဲ့စီမံကိန်းအတွက် ပေးပို့လာသောစက်ပစ္စည်းအစိတ်အပိုင်းများနှင့် Steel Structure များ ခန့်မှန်း(၆၀၀၀၀)တန်အား ယာဉ်အောက်သို့ချခြင်း(Unloading) လုပ်ငန်းဆောင်ရွက်ခြင်းကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်-

၂။ **တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက်** - ၁၀-၂-၂၀၁၄ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၄-၂-၂၀၁၄ ရက်၊ ၁၃း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

သံမဏိစက်ရုံများကြီးကြပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း

ရုံးအမှတ်(၄၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၃၄၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၉၊ လူနေရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၇၂၁၊ ဧရိယာ ၀ ဒဿမ ၀၅၅ ဧက၊ မြေအမျိုးအစား နှစ် ၆၀ ဂရန်မြေပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ ၁၈ လမ်း၊ အမှတ် ၇၂၁ ဟုခေါ်တွင်သောမြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးစိုးတင့် AF-၀၄၉၃၈၆ ၁၂/ဥကတ(နိုင်)၀၃၀၀၈၄ အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိစာချုပ်အဆက်ဆက်အရ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဒေါ်မေဇင်ကို(ခ)ဒေါ်ခိုင်ဇာသွယ် ၁၂/မဂတ(နိုင်)၀၈၄၄၈၇ မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးသန်းဦး — **အထက်တန်းရှေ့နေ (စဉ်-၃၂၃၅)**

ဦးသန့်ဇော် — **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**

အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ထိုင်းနိုင်ငံနှင့်မလေးရှားနိုင်ငံတို့ ဦးဆောင်ကျင်းပသော

ASEAN Animation Contest 2014

ပြိုင်ပွဲဝင်ရွေးချယ်မည့်အစီအစဉ်ကြေညာခြင်း

၁။ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့ ဦးဆောင်၍ကျင်းပသော ASEAN Animation Contest 2014 ပြိုင်ပွဲကို မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် ပြိုင်ပွဲဝင် ရွေးချယ်ခြင်းကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် အောက်ပါအတိုင်း ပြုလုပ်သွားမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်ရန် စိတ်ပါဝင်စားသော Animation ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ကျောင်းသား/သူများနှင့် အပျော်တမ်းပညာရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။

(က) **ပြိုင်ပွဲဝင်ခေါင်းစဉ်** - "ASEAN Copyright Awareness"

(ခ) **ပြိုင်ပွဲအမျိုးအမည်** - Animation

(ဂ) **ပြိုင်ပွဲဝင်အမည်စာရင်းနှင့် ပြိုင်ပွဲဝင်မည့် Animation တင်သွင်းနိုင်မည့်ရက်** - ၁၇-၂-၂၀၁၄ ရက်မှ ၂၅-၂-၂၀၁၄ ရက်ထိ

(ဃ) **ရွေးချယ်ခံရသူစာရင်း ထုတ်ပြန်ကြေညာမည့်ရက်** - ၁-၃-၂၀၁၄ရက်

၂။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက https://www.facebook.com/ip.myanmar တွင်လည်းကောင်း၊ ဖုန်း-၀၆၇-၄၀၄၅၀၇ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ဟ/၃၆၈၄ Lifan-သုံးဘီးဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဘူးဗျ ၁၃/ကတန(နိုင်)၀၁၃၄၈၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(ကျိုင်းတုံ)**

ဖခင်အမည်မှန်

ရေတာရှည်မြို့နယ်၊ ဆွာမြို့ အထက်တန်းကျောင်း နဝမတန်း(B)မှ မနေခြည်လှိုင်နှင့် အဋ္ဌမတန်း(B)မှ မအိအိဖြိုးတို့၏ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွေး ၉/လဝန(နိုင်)၁၅၈၇၂၂ ဖြစ်ပါသည်။

ဖခင်-ဦးဇော်မင်းထွေး

ကန့်ကွက်နိုင်ကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ဒက္ခိဏသီရိတောင်အရပ်၊ D လမ်း၊ မြေကွက်အမှတ် ၃၂၀၆၁၊ မြေဧရိယာပေ(၈၀×၈၀)ဧကရှိ မြေကွက်မှာ ဒေါ်ခင်ကေသွယ်မျိုး (ဘ) ဦးကျော့မောင် ၉/မဟမ(နိုင်)၀၀၇၀၄၄ အမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဒေါ်ခင်ကေသွယ်မျိုးမှ အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးကျော်ဇင်ခန့်အောင် ၁၂/အစန(နိုင်)၂၁၂၀၈၀

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/စီ-ခ)၊ မြေကွက်အမှတ်(၂/၁၂၈)၊ ကာယ ၄လမ်း၊ ဧရိယာ ၀ဒဿမ ၂၂၄ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူဖြင့် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်သွင်းချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပြီး လက်ရှိစီမံရောင်းချပိုင်ခွင့်ရှိသူ ဦးထွန်းရွှေ(ခ)ဦးအိုက်စိုင်း ၁၃/လရန(နိုင်)၁၀၇၀၇၀ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအဖြစ် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို	ဒေါ်အိမ့်ဖြူနိုင်	ဒေါ်ရတနာနွေး
LL.B	LL.B, DBL, DML	LL.B,DBL
အထက်တန်းရှေ့နေ စဉ်-၂၃၂၉၉	အထက်တန်းရှေ့နေ စဉ်-၂၉၇၄၆	အထက်တန်းရှေ့နေ စဉ်-၃၈၄၉၇

အာရှမြေအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ

အမှတ်(၁၈)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉-၃၉၄၄၁၅၊ ၃၉၄၄၁၆၊ ၃၉၄၁၆၀

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

သံကူကွန်ကရစ်တိုးချဲ့နှစ်ထပ်လူနာဆောင် ဒုတိယထပ်ကွန်ကရစ်ခင်း

ရေစကြို ဖေဖော်ဝါရီ ၁၀

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ ခုတင် (၅၀) ဆံ့ ပြည်သူ့ဆေးရုံ မြေတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ ခွင့်ပြုငွေကျပ် သိန်း ၂၀၀၀ ဖြင့် ဆောက်လုပ်လျက်ရှိသော သံကူကွန်ကရစ်နှစ်ထပ် တိုးချဲ့လူနာဆောင်၏ ဒုတိယထပ်အခင်း ကွန်ကရစ်လောင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၅ နာရီမှ စတင်ဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တာဝန်ယူဆောက်လုပ်နေတဲ့ ဒီနှစ်ထပ်ဆောင်ရဲ့ ဒုတိယထပ်အခင်း ကွန်ကရစ်လောင်းခြင်းလုပ်ငန်းကို လုပ်သားအင်အား ၁၀၀ ကျော်နဲ့ ဖေဖော်ဝါရီ ၆ ရက် နံနက် ၅ နာရီခွဲက စတင်လုပ်ဆောင်နေတာဖြစ်ပါတယ်။ နေ့ချင်းပြီးဆောင်ရွက်သွားမှာပါ။ အခင်းက အရေးကြီးပါတယ်။ ကွန်ကရစ်လောင်းပြီးတဲ့ အပိုင်းနဲ့ အသစ်လောင်းတဲ့အပိုင်း ဆက်စပ်တဲ့နေရာမှာ လေမခိုအောင် စနစ်တကျ ဆောင်ရွက်ရပါတယ်။ ကျွန်တော်အပါအဝင် ကြီးကြပ်သူ လေးဦးက စနစ်တကျဆောင်ရွက်နေပါတယ်"ဟု တာဝန်ခံအင်ဂျင်နီယာ ဦးဇော်လွင်ဦးက ပြောပြသည်။

ဖေထွဏ်းဇော် (ရေစကြို)

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းတွင် လယ်ယာထောက်ပံ့ကြေးငွေ ထုတ်ပေး

စစ်ကိုင်း ဖေဖော်ဝါရီ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ငွေသာခန်းမ၌ ဖေဖော်ဝါရီ ၃ ရက်မှ စတင်၍ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း လယ်ယာထောက်ပံ့ကြေးငွေများကို သက်ဆိုင်ရာ ကျေးရွာနေပြည်သူများအား ပေးအပ်လျက်ရှိကြောင်း သိရသည်။ အဆိုပါ လက်ပံတောင်းတောင်ကြေးနီစီမံကိန်း လယ်ယာ ထောက်ပံ့ကြေး ပေးအပ်ပွဲတွင် ဆားလင်းကြီးမြို့နယ်အတွင်းရှိ လက်ပံတောင်း၊ ရွာရှည်၊ မိုးကြိုးပြင်၊ တောင်ပလူ၊ ဖောင်းကတာ၊ တုံ၊ ညောင်ပင်ကြီးကျေးရွာအုပ်စု ခုနစ်အုပ်စုရှိ ကျေးရွာပေါင်း၂၆ ရွာမှ တောင်သူများအား ထုတ်ပေးခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၃ ရက်မှ ၆ ရက်အထိ စုစုပေါင်း တောင်သူဦးရေ ၂၅၀ ကို ထောက်ပံ့ကြေးငွေကျပ် ၄၉၄၃၄၁၀၀၀ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသော တောင်သူလယ်သမားများအတွက် ထောက်ပံ့ကြေးငွေများ ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

ဟိုပန်မြို့၌ ပြည်လုံးကျွတ်သန်းခေါင်စာရင်း လုပ်ငန်းအောင်မြင်ရေး ထပ်ဆင့်ရှင်းလင်း

ဟိုပန် ဖေဖော်ဝါရီ ၁၀

၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနှံ့သန်းခေါင်စာရင်းကောက်ယူရမည်ဖြစ်၍ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်သူများ၊ စာရင်းစစ်စာရင်းကောက်တာဝန်ရှိသူများအား မေးခွန်း(၄၁)ချက်နှင့် ပတ်သက်၍ မေးမြန်းရာတွင် ကြုံတွေ့ရမည့်အခက်အခဲများကို အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရန် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မှာကြားချက်နှင့် အတွေ့အကြုံထပ်ဆင့်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၀ နာရီက 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့ အထက စာမေးပွဲ ... ခန်းမ၌ကျင်းပသည်။

ထပ်ဆင့်ရှင်းလင်းပွဲတွင် ဟိုပန်ခရိုင် သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဦးသန့်ဇင်၊ ဟိုပန်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန (လက်ထောက်ညွှန်ကြားရေးမှူး) က ရှင်းလင်းကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နယ်စပ်စည်ပင်သင်တန်းဆင်းပွဲများကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၅၆)စက်ကြီးပန်းထိုးသင်တန်း အမှတ်စဉ်(၃)နှင့်စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် (၈၆)သင်တန်းများဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁) ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေး ကျောင်း၌ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းများသို့ သင်တန်းသား သင်တန်းသူ ၇၇ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်သင်တန်းဖွင့်

မန္တလေး ဖေဖော်ဝါရီ ၁၀

ဆုထူးပန်အဘိဓမ္မာပြန့်ပွားရေးအသင်း (မန္တလေး)က ကြီးမှူးပြီး အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်သင်တန်းကို ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ အပတ်စဉ် စနေနှင့်တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။ အဘိဓမ္မာ(ဂုဏ်ထူးဆောင်) သင်တန်းကို နံနက် ၉ နာရီမှ ၁၁ နာရီခွဲအထိလည်းကောင်း၊ အဘိဓမ္မာ(ရိုးရိုး)ကို ညနေ ၄ နာရီမှ ၆ နာရီအထိလည်းကောင်း ၂၉ လမ်းနှင့် လမ်း ၃၀ ကြား၊ ၈၃ လမ်းနှင့် ၈၄ လမ်းကြား ရှင်ဘို့မယ်ဘုရားသိမ်တော်၌ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး ဝိသုဒ္ဓိမဂ်ကို မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ လမ်း ၈၀၊ ၂၃ လမ်းနှင့် ၂၄ လမ်းကြား ဓမ္မဗိမာန်တော်၌ ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ မည်သူမဆို တက်ရောက်သင်ယူနိုင်ကြောင်း သိရသည်။

လှဘော်

မွေးနေ့ဆုတောင်း

ဦးစိုးနိုင် (မြန်မာရွှေကိန္နရီ ကုမ္ပဏီလီမိတက်)

(Top Star)

ENGINEERING & CONSTRUCTION

ချစ်ခင်ပွန်း ကိုကြီး၏ ၁၁-၂-၂၀၁၄ရက်တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး ပျော်ရွှင်ချမ်းမြေ့ပြည့်စုံသောမိသားစုဘဝဖြင့် အများအကျိုး၊ သာသနာ့အကျိုးကို ချစ်သောမိသားစုနှင့်အတူတကွ သယ်ပိုးဆောင်ရွက်နိုင်ပါစေလို့ တောင်းဆုခြွေလျက်-

ချစ်ဇနီး-မီး(ခ)ဒေါ်တင်မိုးစမ်း

ချစ်သားကြီး-ကျော်ဇင်လင်း

ချစ်သမီးငယ်-ထက်အင်ကြင်း

အထက(၂) ဗဟန်း (နန်ယန်) မှ

အသက်(၆၀)နှင့်အထက် ဆရာကြီး ဆရာမကြီးများအား

ပဋ္ဌမအကြိမ် ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်အတွက်

ဖိတ်ကြားခြင်း

ကျင်းပမည့်နေရာ - အထက(၂) ဗဟန်း (နန်ယန်) ကျောင်းရုံးခန်း

ကျင်းပမည့်နေ့ရက် - ၁၆-၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့)

ကျင်းပမည့်အချိန် - နံနက် ၉ နာရီ

ကျောင်းသား ကျောင်းသူဟောင်းများ ဆရာဝန်များနှင့် လုပ်အားပေး ကူညီဆောင်ရွက်လိုသူများ တက်ရောက် ပါဝင်ကုသိုလ်ယူနိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တံတားမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/F)၊ တတိယတန်းစားမြေ၊ မြေကွက်အမှတ်(၃၀)၏တောင်ဘက် ½ (အလျား ၂၅ပေ×အနံပေ ၄၀) အကျယ်အဝန်းရှိ ဒေါ်စောရန်(ခ)ရှာင်းမှ အမည်ပေါက်သည့် မြေပိုင်မြေအမျိုးအစား မြေကွက်ဟုခေါ်တွင်သော အမှတ် ၁၃၃၊ ၃၉လမ်း၊ (၁)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်ရှိ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စောရန်(ခ)ရှာင်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် လက်ဝယ်ရရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးစံဝင်း ၁၃/မနန(နိုင်)၀၀၉၄၁၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်မင်းနိုင်
LL.B, DL-101 Wipo (Switzerland)
အထက်တန်းရှေ့နေ
ဖုန်း-၀၉-၇၃၉၀၃၃၀၇

ဒေါ်သက်ဆုရည်
ဥပဒေဘွဲ့ LL.B
အထက်တန်းရှေ့နေ
ဖုန်း-၀၉-၄၂၁၀၂၄၈၈၆

ရုံး-အမှတ် (၅၀)၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၄၀၉

ဦးလှမြင့်
အမှတ် ၈၈၊ နဝရတ်လမ်း၊
ရတနာကျွန်းရိပ်သာ၊ (၌)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

နှင့်

၁။ ကိုကျော်ကျော်ဝင်း(ခ)ကာစင်
အောင်ဒင်လမ်း၊ ကြို့ပင်ကောက်မြို့၊
ပဲခူးတိုင်းဒေသကြီး။
(ယခုနေရပ်လိပ်စာမသိသူ)

၂။ မသီတာ
'ကျော်'ပဲမျိုးစုံရောင်းဝယ်ရေးနှင့် 'မိသားစု' သံဆိုင်၊မြို့မ ၂ လမ်း၊အုတ်ဖိုမြို့၊ ပဲခူးတိုင်းဒေသကြီး။

တရားလို **တရားပြိုင်များ**

အောင်ဒင်လမ်း၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ)နေ (၁) တရားပြိုင် ကိုကျော်ကျော်ဝင်း(ခ)ကာစင် သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေ ၉၈၀၀၀၀၀၀/-(ကျပ်သိန်းကိုးရာ့ရှစ်ဆယ်တိတိ) ပြန်လည်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် မတ် ၇ရက် (၁၃၇၅ခုနှစ် တပေါင်းလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လှမြင့်)

ဒုတိယခရိုင်တရားသူကြီး(၆)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဒါးပိန်တောင်ကျေးရွာ၊ ရေချင်းယားလမ်းဟုခေါ်တွင်သော (၂၅'×၆၀')အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်အိမ်၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးသိန်းဝင်းအောင် ၁၂/လကန(နိုင်)၁၃၇၈၅၂နှင့် ဒေါ်မြင့်မြင့်ကြိုင် ၁၂/လကန(နိုင်)၁၁၃၉၆၂ တို့ထံမှ ကျွန်မ ဒေါ်ဝင်းဝင်းကြူ ၁၂/သကတ(နိုင်)၁၀၆၀၅၅ က ၅-၂-၂၀၁၄ရက်စွဲပါ နှစ်ဦးသဘောတူ မြေနှင့်နေအိမ် အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်အရ တန်ဖိုးငွေ အပြေအကျေပေးချေ ဝယ်ယူလက်ရောက်ရရှိခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်မှာ ကျွန်မ ဒေါ်ဝင်းဝင်းကြူကသာ တရားဝင်ပိုင်ရှင်ဖြစ်ကြောင်းနှင့် ကျွန်မ ဒေါ်ဝင်းဝင်းကြူ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ မည်သူတစ်ဦးတစ်ယောက်မှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းလှူဒါန်းခြင်းနှင့် အခြားနည်းစီမံခန့်ခွဲခြင်းများ မပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ဝင်းဝင်းကြူ ၁၂/သကတ(နိုင်)၁၀၆၀၅၅

အမှတ် ၄၆၊ အနော်မာ(၁၈)လမ်းအရှေ့၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးတင်လှိုင်မြင့်၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ စစ်ကိုင်း-မင်းကွန်းလမ်း ဧရာဝတီမြစ်ကမ်း မြေထိန်းနံရံများ ပြုပြင်ဆောက်လုပ်နေမှုအားကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့နယ် ကင်းရွာ၊ ထုံးဘိုရွာ၊ မယ်ဇလီကျေးရွာများရှိ ဒေသခံတောင်သူများနှင့် တွေ့ဆုံစဉ် ဒေသခံတောင်သူများက ကျေးရွာ၏ လိုအပ်ချက်များ တင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်း ဆက်သွယ်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးပြီး ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများနှင့် ဂျာနယ်စာစောင်များ ပေးအပ်ခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဒူးကျေးရွာ တိုက်နယ်ဆေးရုံ ဆောက်လုပ်မည့်မြေနေရာနှင့် တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (စစ်ကိုင်း)တွင် ကျောင်းသား ၁၂၀ဆံ့ အာရ်စီသုံးထပ်အဆောက်အအုံ ကျောင်းဆောင်များဆောက်လုပ်နေမှုနှင့် မောင်းထောင်ကျေးရွာ မူးချောင်းကူးတံတားကိုကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(တိုင်းဒေသကြီး ပြန်/ဆက်)**

မြေနေရာကျယ်ဝန်းသော ရွှေရင်အေးစျေးဝင်းအတွင်း ဓမ္မသဘင်ကိုစည်ကားစွာကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရာသီသုံးလီတွင် တရားပွဲရာသီဖြစ်သော တပို့တွဲလတွင် မြို့နယ်ကျေးရွာတို့၌ တရားပွဲများ ကျင်းပလျက်ရှိရာ လှိုင်သာယာမြို့နယ် အမှတ် (၁၈)ရပ်ကွက်ရှိ ရွှေရင်အေးစျေးဝင်းအတွင်း၌ ဓမ္မပူညကုသိုလ်ရှင်အဖွဲ့က ရပ်ကွက်လုံးဆိုင်ရာ တတိယအကြိမ်မြောက် ဘဝအလှဆင် အထူးဓမ္မသဘင်ကို ကျင်းပလျက်ရှိသည်။

နွေအခါခြောက်သွေ့၍ မိုးရာသီရေမြုပ်သော ရွှေရင်အေးစျေးဝင်းရှိ နေရာတစ်ခုသာကျယ်ဝန်းသော မြေဧရိယာအဖြစ်ကျန်ရှိပြီး ရပ်ကွက်လူသွားလမ်းများပေါ်တွင် တရားပွဲကျင်းပခြင်းထက် များစွာစိတ်အေးချမ်းသာမှုရှိကြောင်းကို တရားနာကုသိုလ်ရှင်တစ်ဦးက "ရပ်ကွက်၊ ကျေးရွာတိုင်းမှာ ဆွမ်းလောင်းအသင်းတွေရဲ့ ဓမ္မာရုံတွေရှိကြတယ်။ ဓမ္မသဘင်တရားပွဲကျင်းပဖို့ ဓမ္မာရုံကြီးတွေ မရှိကြဘူး။ လှိုင်သာယာမှာ အခုတရားပွဲကစိတ်အေးချမ်းသာမှုအရဆုံးပဲ။ လွတ်လွတ်လပ်လပ်ကျယ်ကျယ်ဝန်းဝန်းတရားနာရလို့ပါ။ သာခုခေါ်ပါတယ်"ဟု အမှတ် (၆)ရပ်ကွက်မှ လာရောက်တရားနာသော အမျိုးသမီးတစ်ဦးကပြောသည်။

အဆိုပါတရားပွဲကို ဖေဖော်ဝါရီ ၆ ရက်မှ ၁၁ ရက်အထိ ဓမ္မကထိကဆရာတော် ခြောက်ပါးက တရားတော်များဟောကြားလျက်ရှိရာ ညစဉ် ၇ နာရီခွဲမှစ၍ တရားဓမ္မသံတို့ ရပ်ကွက်အတွင်း ပျံ့လွင့်လျက် ကုသိုလ်၊ သာခု၊ အမျှဝေသံတို့ဖြင့် ဝေစီလျက်ရှိကြောင်း သိရသည်။

သန်းထိုက်(လှိုင်သာယာ)

ကသာခရိုင်တွင် တရားမဝင်သစ် ၃၅ဖတန်ကျော် ဖမ်းဆီးရမိ

ကသာ ဖေဖော်ဝါရီ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးဦးစိုးဝင်းဦးဆောင်သော သစ်တောဝန်ထမ်းများသည် ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ တရားမဝင်သစ်ခိုးထုတ်ရာ အခြေခံနယ်မြေဖြစ်သော ကသာခရိုင် ထီးချိုင့်မြို့နယ် ဟသ်ာကြိုးဝိုင်းအတွင်း စစ်ကြောင်းအသွင်ဖြင့် ကွင်းဆင်းဖော်ထုတ်ဖမ်းဆီးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ တရားမဝင် ကျွန်း၊ ပိတောက်၊ တမလန်း ၂၅၄၈ တုံး တန်ချိန် ၃၅၆ ဒသမ ၁၀၄၄ တန် ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖမ်းဆီးရမိသစ်များကို မြန်မာ့သစ်လုပ်ငန်း ကသာ(အရှေ့) သစ်ထုတ်လုပ်ရေးအဖွဲ့က ထီးချိုင့်မြို့နယ် မောင်းကုန်း သစ်ဆိပ်သို့သယ်ယူပို့ဆောင်ခဲ့ကြောင်း သိရသည်။

> တရားမဝင်သစ်များ ကာကွယ်ထိန်းသိမ်းမှု ဆောင်ရွက်လျက်ရှိ. .

တရားမဝင်သစ်ခိုးထုတ်ခြင်း လုပ်ငန်းများသည် နိုင်ငံတော်၏ အဖိုးတန် သစ်တောသယံဇာတများကို အချိန်တိုအတွင်း ကုန်ဆုံးပျောက်ကွယ်စေနိုင်သည့်အပြင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများဖြစ်ပေါ်စေခြင်း၊ နိုင်ငံတော်ဘဏ္ဍာငွေ ထိခိုက်နစ်နာစေခြင်းစသည်များ ဖြစ်ပေါ်စေသဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက နည်းလမ်းမျိုးစုံဖြင့် တရားမဝင်သစ်များ တားဆီးကာကွယ်ထိန်းချုပ်ခြင်းကို အရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **ဖိုးချမ်း (မုံရွာ)**

စက်မှုဇုန်မှလုပ်ငန်းရှင်များ စွန့်ပစ်ရေဆိုးများ စနစ်တကျစွန့်ပစ်ရေး

မန္တလေး ဖေဖော်ဝါရီ ၁၀

မန္တလေးစက်မှုဇုန်ရှိ စက်ရုံများမှ ထွက်ရှိသည့် စွန့်ပစ်ရေဆိုးများကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် စနစ်တကျစွန့်ပစ်သွားရေး အလေးထားဆောင်ရွက်သွားရန်၊ စက်မှုလုပ်ငန်းရှင်များအနေဖြင့် မိမိတို့အကျိုးစီးပွားနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးလုပ်ဆောင်ကြသကဲ့သို့ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန်လည်း ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် လိုအပ်ကြောင်း၊ ယခင်က ဖွံ့ဖြိုးတိုးတက်ရေးကိုသာ ဦးစားပေးဆောင်ရွက်ခဲ့သော်လည်း ယနေ့ကာလတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကိုပါ ထည့်သွင်းဆောင်ရွက်သွားရန်လိုကြောင်းကို ကော်မတီဝင် ဦးထွန်းကြည်က ဖေဖော်ဝါရီ ၆ ရက် ညနေ ၃ နာရီက စက်မှုဇုန်မှ လုပ်ငန်းရှင်များအား အစည်းအဝေးခန်းမ၌ ပြောကြားခဲ့သည်။

ယင်းအစည်းအဝေးတွင် ငါးလုပ်ငန်းဦးစီးဌာနမှူးက ရေနေသတ္တဝါများ ရှင်သန်ရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုဆိုင်ရာများကို လည်းကောင်း၊ တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှူး၊ စက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီမှ တာဝန်ရှိသူများက မိမိတို့လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေး ဆွေးနွေးချက်များအရ စက်မှုဇုန်မှ စက်ရုံလုပ်ငန်းဆိုင်ရာများသည် ရေဆိုးစွန့်ပစ်ရာတွင် မြောင်းများအတွင်းသို့ တိုက်ရိုက်စွန့်ပစ်ခြင်းမပြုဘဲ သန့်စင်ခြင်းလုပ်ငန်းများကို လုပ်ဆောင်ကြကာ ပိုက်လိုင်းများဖြင့်သတ်မှတ်ထားသော နေရာ၌ စွန့်ပစ်ရမည်ဖြစ်ကြောင်း၊ ဗဟိုရေဆိုးသန့်စင်စက်ရုံကြီး ပြီးစီးပါက ၎င်းမှတစ်ဆင့် စွန့်ပစ်နိုင်ရန် စီစဉ်နိုင်မည်ဖြစ်ကြောင်း၊ ရေဆိုးသန့်စင်စနစ်ဆောင်ရွက်မှုအားနည်းသော လုပ်ငန်းများအား သတ်မှတ်သော သီးခြားရက်တို့၌ စစ်ဆေးမှုများ ဆောင်ရွက်အရေးယူ သွားမည်ဖြစ်ကြောင်းသိရသည်။ **(၀၄၀)**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

သာကေတမြို့နယ် တရားမရုံးတော်၌

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၄

မတင်အိခင် **နှင့်** မောင်လှဝင်း

တရားလို **တရားပြိုင်**

သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ပြေ ဖလမ်း၊ အမှတ် ၁၂၄ နေ ကိုလှဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက လင်မယားအဖြစ် ကွာရှင်းပြတ်စဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှေ့နေ အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၁ရက် (၁၃၇၅ခုနှစ် တပို့တွဲလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝါဝါထွေး)
ဒုတိယမြို့နယ်တရားသူကြီး(၂)
သာကေတမြို့နယ်တရားရုံး

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးသန်းအိ(ခ)ဦးသန်းနိုင်၏သား ကျွန်တော်မောင်မြင့်နိုင်(ခ) မောင်ချိုတူး ၁၂/ရကန(နိုင်)၀၁၈၅၈၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွှကုန်းဈေးကွယ် (က)ရပ်ကွက်၊ ဇဋ္ဌိလလမ်း၊ အမှတ်(၃၀) နေ ဦးသူရိန်ကျော် ၁၂/သဃက(နိုင်)၁၃၇၃၂၇မှ အောက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားအား မိမိတစ်ဦးတည်းမူပိုင်အဖြစ်သုံးစွဲရန် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်၌ မှတ်ပုံတင်သွင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။

YAR SU THIT

အဆိုပါ YAR SU THIT (New Century) Construction တံဆိပ်အမည်အမှတ်သားဖြင့် လုံးချင်းအိမ်ရာများဆောက်လုပ်ခြင်း၊ အဆင့်မြင့်ကွန်ဒိုမီနီယံတိုက်ခန်းများ ဆောက်လုပ်ခြင်း၊ အဆင့်မြင့်တိုက်ခန်းများ ဆောက်လုပ်ခြင်း၊ တန်ဖိုးမြင့်/တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ခြင်း အပါအဝင် ဆောက်လုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်သော ကုမ္ပဏီဆိုင်းဘုတ်၊ ကြော်ငြာ၊ လက်ကမ်းစာစောင်၊ စက္ကူ(အိတ်/ကြိုးဆွဲအိတ်)၊ ပလတ်စတစ်အိတ်၊ လည်သာအိတ်အမျိုးမျိုးတို့အပေါ်တွင် အရွယ်အစားအမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးပြုလုပ်ပြီး စက်ဖြင့်ဖိနှိပ်၍သော်လည်းကောင်း၊ ရိုက်နှိပ်၍သော်လည်းကောင်း၊ ကပ်နှိပ်၍သော်လည်းကောင်း၊ အသားတံဆိပ်ပြုလုပ်၍သော်လည်းကောင်း သုံးစွဲသွားမည်ဖြစ်ပါသည်။ အဆိုပါ YAR SU THIT (New Century) Construction တံဆိပ်အမည်အမှတ်အသားကို တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ကြောင်း တွေ့ရှိရပါက တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန့်ဇော် LL.B, D.B.L, D.I.L (စဉ်-၇၃၄၁)
တရားလွှတ်တော်ရှေ့နေ
ဦးသန်းဦး(စဉ်-၃၂၃၃၅) ဦးဟိန်းသူကောင်း(စဉ်-၃၆၂၆၇) ဦးကောင်းမြတ်ဇော်(စဉ်-၃၇၂၂၅)
အထက်တန်းရှေ့နေများ
အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊တပ်ရာကုန်း၊ မြေကွက်အမှတ် ၁၁၁၊ အမည်ပေါက် ဦးမောင်မြင့်၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်အေးအေးမော် ၉/မထလ(နိုင်)၁၇၀၀၄၈မှ မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်း၊ မြေကွက်အမှတ် (၁၀၈၃)၊ အမည်ပေါက် ဒေါ်ဒါးကျွန်း၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်ဂျာအောင် ၁/မကန(နိုင်)၀၈၆၇၉၄ မှ မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များ တင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃၊ ဗိုလ်မင်းရောင်လမ်း၊ မြေကွက်အမှတ် ၅၊ မြေအကျယ်အဝန်း အလျား×အနံ(ပေ၄၀× ပေ၆၀)၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ ဒေါ်သန်းနွဲ့ WLT-၀၄၂၄၄၂ အမည်ဖြင့် တည်ရှိသော နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်အားဖန်(ခ)စုစုအေး ၉/မမန(နိုင်) ၀၃၆၈၁၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်မြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သူဇာငြိမ်း (LL.B)
အထက်တန်းရှေ့နေ
အမှတ် ၇၇၉၊ စာဂ ၁၇ လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၅၁၃၁၂၀၃၊ ၀၁-၈၅၀၀၃၂၃၊ ၀၁-၅၆၃၄၁၉

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဖရဲစိုက်တောင်သူများ ယခင်နှစ်ကထက် ဈေးပိုမိုရရှိ၍ အမြတ်အစွန်းပိုမိုရရှိ

သတင်း-မင်းမင်းလတ် (မန်းတက္ကသိုလ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၀

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်ဝန်းကျင်ဒေသရှိ ဖရဲစိုက်တောင်သူများအနေဖြင့် ယခင်နှစ်ကထက် ဈေးပိုမိုရရှိသဖြင့် အမြတ်အစွန်းပိုမိုရရှိကာ တွက်ခြေကိုက်လျက်ရှိကြကြောင်း ဖရဲစိုက်သူများထံမှ သိရသည်။

ဖရဲစိုက်ပျိုးရာတွင် 855 ဖရဲကြားမျိုးနှင့် 164 ဖရဲကြားမျိုးဟူ၍ အမျိုးအစားနှစ်မျိုးရှိရာ 855 ဖရဲကြားမျိုးကို တောင်သူအများစု ရွေးချယ်စိုက်ပျိုးကြကြောင်းနှင့် 855 ဖရဲကြားမျိုးမှာ 164 ဖရဲကြားမျိုးထက် အလုံးပိုမိုကြီး၍ အပြင်အခွံအရောင်အစင်းမှာ အစိမ်းရောင်၊ အဝါကြားရှိပြီး 164 ဖရဲမျိုး၏ အပြင်အခွံအရောင်မှာ အစိမ်းဖျော့စင်းကြားအရောင်ရှိသည်။ အရသာမှာ 855 အမျိုးအစားထက် အချိုဓာတ် လျော့နည်းကြောင်းနှင့် စားသုံးသူအများစုမှာ အချိုဓာတ်ပိုမို၍ အလုံးကြီးသော 855 ဖရဲမျိုးကို ပိုမိုကြိုက်နှစ်သက်သည့်အတွက် တောင်သူအခင်းရှင်များအနေဖြင့် 855 ဖရဲမျိုးကို ရွေးချယ်စိုက်ပျိုးကြကြောင်း သိရသည်။

ပုဗ္ဗသီရိမြို့နယ် ဖြူတ်ခွဲကျေးရွာအုပ်စု ငါးစိမ်းအင်းရွာမှ ဖရဲစိုက်တောင်သူ ကိုကျော်ဖြိုးအောင်က ရှင်းပြရာတွင် "အခုနှစ် 855ဖရဲမျိုး နှစ်ဧက စိုက်ပျိုးထားပါတယ်။ မျိုးစေ့ ၅၀၀ ပါတဲ့ ဖရဲမျိုးစေ့တစ်အိတ် (ပလပ်စတစ်တစ်ထုပ်)ကို ငွေကျပ် ၁၅၀၀၀ ရှိပါတယ်။ တစ်ဧကကို မျိုးစေ့ထုပ်လေးထုပ် စိုက်ပျိုးရပါတယ်။ အပင်အရေအတွက် ၂၀၀၀၀ ပေါ့၊ လုပ်သား၊ ဓာတ်မြေဩဇာဖိုး၊ ပိုးသတ်ဆေးဖိုး တစ်ဧကကို အရင်း ခုနစ်သိန်းခန့် ကုန်ကျပါတယ်။ ဖရဲစိုက်သက်တမ်းကတော့ မျိုးစေ့စတင်စိုက်ပျိုး ရက်မှ အသီးဆွတ်လို့ရတဲ့အချိန်ထိ သုံးလခန့်ကြာပါတယ်။ ယခင်နှစ်က ဖရဲသီးတစ်လုံးလျှင် အလုံးကြီး ငွေကျပ် ၁၅၀၀နှင့် အလုံးသေး တစ်လုံးလျှင် ငွေကျပ် ၁၀၀၀ နှုန်းရပြီး ယခုနှစ် အလုံးကြီးတစ်လုံးလျှင် ငွေကျပ်၂၀၀၀ ရပြီး အလုံးသေးတစ်လုံးလျှင် ငွေကျပ် ၁၅၀၀ ရပါတယ်။ ယခုနှစ် ဖရဲတစ်ဧက အရင်းခုနစ်သိန်းကုန်ကျပြီး ပြန်ရောင်းလိုက်တော့ ၁၁ သိန်းရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သုံးလတာအချိန်မှာ ငွေလေးသိန်းအမြတ်ရတော့ ယခင်နှစ်နဲ့စာရင် ယခုနှစ်ဖရဲစိုက်ရာသီဟာ စိုက်ပျိုးတောင်သူတွေအတွက် တွက်ခြေကိုက်တဲ့နှစ်ပါ"ဟု ကိုကျော်ဖြိုးအောင်က ရှင်းပြသည်။

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဖြူတ်ခွဲကျေးရွာအုပ်စု ငါးစိမ်းအင်းရွာ၊ ကြံတဲစု၊ ဥယျာဉ်ရွာနှင့် ဇေယျာသီရိမြို့နယ် ခေတ်အေး၊ မရင်းကြီး၊ ရေဆင်းဝန်းကျင်ကျေးရွာတို့အပြင် တပ်ကုန်းမြို့နယ်ဝန်းကျင်ဒေသတွင် ဖရဲကို အဓိကစိုက်ပျိုးကြပြီး နေပြည်တော်ဝန်းကျင် ဈေးများသို့လည်းကောင်း၊ အဝေးခရီးစဉ်အဖြစ် မူဆယ်မြို့သို့ ၁၀ ဘီး၊ ၁၂ ဘီး ကားများဖြင့် တိုက်ရိုက်တင်သွင်းပြီး မူဆယ်အထိုင်ပွဲစားများက တရုတ်ပြည်တွင်းသို့ တစ်ဆင့်ပြန်လည်တင်သွင်းရောင်းချကြောင်း သိရသည်။

စိုက်ခင်းမှဆွတ်ခူးပြီး ဈေးကွက်သို့ တင်ပို့မည့် ဖရဲသီးများကို တွေ့ရစဉ်။ ဓာတ်ပုံ-ကိုကိုရူပ

ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး သာသနာရေးကိစ္စရပ်များဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးသည် ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီက စလင်းမြို့ မဟာဝိသုတာရာမ ရွှေကျောင်းသို့သွားရောက်ပြီး ကျောင်းတိုက်ပဓာန နာယကဆရာတော် ဘဒ္ဒန္တကောဝိဒအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ယင်းနောက် စလင်းမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ဂျပန်နိုင်ငံ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ ဆောက်လုပ်လှူဒါန်းသော သုံးထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးတို့သည် ဖေဖော်ဝါရီ ၂ ရက်တွင် မကွေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အောင်မြေရတနာကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိစသာရနှင့် ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကာ မင်းဘူးမြို့ မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်နှင့် စက်တော်ရာဖွင့်ပွဲအခမ်းအနားသို့ သံဃာတော်များပင့်ဆောင်ရေး ဩဝါဒခံယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာကြည့်တိုက်များရှင်သန်တိုးတက်စေရေး ပညာဒါန(အခမဲ့)သင်တန်းများ ဖွင့်လှစ်ပို့ချပေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ပြောင်းလဲလာသောခေတ်သစ်အချိန်ကာလ ပညာခေတ်တွင် လွယ်ကူအဆင်ပြေစွာ စာဖတ်ရှုနိုင်ရေး၊ များပြားလာသောစာကြည့်တိုက်များ ရှင်သန်တိုးတက်စာဖတ်သူများပြားလာစေရေး ရည်ရွယ်ချက်များဖြင့် ဦးကြည်ဝင်းတည်ထောင်ထားသော လောကအမွန်စာကြည့်တိုက်က စာကြည့်တိုက်ပညာနှင့် စာပေအထောက်အထားရှာနည်း ပညာဒါန(အခမဲ့) နှစ်လသင်တန်းကို ဖေဖော်ဝါရီ ၁၂ ရက်မှစ၍ တစ်ပတ်လျှင် ဗုဒ္ဓဟူးမှ စနေနေ့အထိ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လေးရက်တာဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

သင်တန်း၌ စာကြည့်တိုက်များတွင် နှစ်ပေါင်းမြောက်မြားစွာ အတွေ့အကြုံရင့်ကျက်သည့် စာကြည့်တိုက်မှူးကြီးများက တာဝန်ယူပို့ချသွားမည်ဖြစ်ပြီး စာကြည့်တိုက်တစ်တိုက် စနစ်တကျဖွင့်လှစ်ပို့ချနိုင်ရေး ပြည်သူ့စာကြည့်တိုက် (Public Library) များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ စာကြည့်တိုက်တွင် စာပေအထောက်အထားများ စနစ်တကျရှာဖွေနိုင်ရေး၊ ရှင်သန်ထက်မြက်သွက်လက်သည့် စာကြည့်တိုက်မှူးဖြစ်စေရေး ဘာသာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

စာကြည့်တိုက်သင်တန်းကို တစ်ပတ်လျှင် သင်တန်းသား သင်တန်းသူ ၂၀ ဖြင့် ၁၈ လ လက်ခံသင်ကြားသွားမည်ဖြစ်သည်။ သင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ရာ စိတ်ဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပြီး တက်ရောက်လိုသူများ လောကအမွန်စာကြည့်တိုက် အမှတ်၃၀/၃၄-၂(ဘီ) ပထမထပ် ၃၉ လမ်း(အောက်ဘလောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၃၈၅၂ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။ **စိန်ရွှေလှိုင်**

သာသနာရောင်ခြည်ထွန်းလင်းလာသည့် ဝင်းပရွှေစကြာစေတီ

သထုံ ဖေဖော်ဝါရီ ၁၀

ဝင်းပကျောင်းတိုက်ဆရာတော် ဦးပညာ၏ ဦးဆောင်မှု၊ ဒေသခံရွာသူ ရွာသားများ၏ လုပ်အားဒါန၊ အလှူငွေဒါနများနှင့် စေတီတော်သို့သွားရာ ဝင်းပတောင်ပေါ်သို့ တောင်တက်မော်တော်ကားလမ်းကို တည်ဆောက်ခဲ့ရာ ဖေဖော်ဝါရီ ၅ ရက်တွင် ကွန်ကရစ်လမ်းအကျယ် ၁၃ ပေ၊ ထုကိုးလက်မ၊ လမ်းအရှည်ပေ ၃၄၀၀ ခန့်ကို အောင်မြင်စွာ တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်သည်။ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၉)ကြိမ်မြောက် မြတ်ပဋ္ဌာန်းပူဇော်ပွဲနှင့် တည်ဆောက်ပြီးစီးခဲ့သော တောင်တက်ကွန်ကရစ်လမ်း တည်ဆောက်မှု ရေစက်ချအလှူတော် မင်္ဂလာပွဲကို ၁၃၇၅ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက်မှ တပို့တွဲလပြည့်နေ့ အထိ စည်ကားစွာကျင်းပပြီး ရွှေစကြာ စေတီ၊ ဘက်စုံဖွံ့ဖြိုးမှုအတွက် လှူဒါန်းမှုအစုစု အနုမောဒနာ ရေစက်ချတရားပွဲကို ၁၃၇၅ ခုနှစ် တပို့တွဲလပြည့်နေ့ မွန်းလွဲ ၁ နာရီတွင် ဝင်းပကျေးရွာ ဝင်းပတောင်ပေါ် ရွှေစကြာဘုရားဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **ခွန်(ဝင်းပ)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
(ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့၊ ရွာများအတွက် လိုအပ်သောဒီဇယ်ဓာတ်အားပေးစက်ကိုးလုံးကို မြန်မာကျပ်ငွေ(Kyat)ဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက် - ၁၀-၂-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၁၀-၃-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၃၈၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၅၃၈၊ ၀၆၇-၄၁၁၅၃၉၊ ဖက်စ်-၀၆၇-၄၁၁၅၄၀

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာနအတွက် လိုအပ်သောစာမေးပွဲကိစ္စသုံးစာရွက်စာတမ်းနှင့် အောင်လက်မှတ်များဝယ်ယူရန် တင်ဒါခေါ်ယူအပ်ပါသည်။
၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို စက်မှုနှင့်သက်မွေးပညာဦးစီးဌာန (တောင်ပိုင်းရုံးခွဲ)၊ အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တွင် ၁၁-၂-၂၀၁၄ ရက် နံနက် ၉:၃၀ နာရီမှစ၍ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပြီး ၁၄-၂-၂၀၁၄ ရက် ညနေ ၄:၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါတင်သွင်းကြရန် ဖြစ်ပါသည်။
ဆက်သွယ်ရန် ဖုန်း-၀၁-၅၄၃၃၃၆၊ ၀၁-၅၄၂၈၇၃၊ ၀၁-၅၄၄၉၄၈

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
(ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ မြို့ရွာများဖွံ့ဖြိုးတိုးတက်မှုအတွက် ဝယ်ယူမည်ဖြစ်သော ဒီဇယ်ဓာတ်အားပေးစက် ၁၂၈လုံးကို သက်ဆိုင်ရာဒေသအရောက်ပို့၍ အသင့်ဓာတ်အားပေးနိုင်ရန် ဆောင်ရွက်ခြင်းအတွက် ပုတ်ပြတ်စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်းကို မြန်မာကျပ်ငွေ (Kyat)ဖြင့် အပ်နှံလိုပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက် - ၁၀-၂-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၁၀-၃-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၃၈၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၅၃၈၊ ၀၆၇-၄၁၁၅၃၉၊ ဖက်စ်-၀၆၇-၄၁၁၅၄၀



အိမ်ရောင်းရန်ရှိသည်

အိမ်အမှတ် (၃၃)၊ ဘုရင့်နောင်လမ်း၊ ရန်ကြီးအောင်ရပ်ကွက်၊ ဈေးရှေ့တည့်တည့်၊ ရေးမြို့။
စုံစမ်းရန် - (၁) ဖုန်း-၀၉-၂၅၅၈၀၄၆၁၁
(၂) ဖုန်း-၀၉-၄၉၈၀၁၃၉၉

ပြင်ဦးလွင်ရှိ ဟိုတယ်ကြီးတစ်ခုတွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါရာထူးနေရာများအတွက် ရိုးသားကြိုးစားပြီး ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိသည့် ဝန်ထမ်းများ အလိုရှိပါသည်။

(၁) ဟိုတယ်မန်နေဂျာ ၁ ဦး
(၂) လ/ထ မန်နေဂျာ ၂ ဦး
(၃) စားဖိုမှူး (Chief) ၁ ဦး

အထက်ပါရာထူးများအတွက် ဘွဲ့ရနှင့် သက်ဆိုင်ရာနယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံးသုံးနှစ်ရှိသူများ တစ်ပတ်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် C.Vနှင့်တကွ လာရောက်လျှောက်ထားနိုင်ပါသည်။
(**မှတ်ချက်။** ။ အိမ်ထောင်မရှိသူကို ဦးစားပေးမည်ဖြစ်ပါသည်။)
အမှတ် ၆၁၊ ပထမထပ်၊ ရွှေဘုံသာလမ်း(အောက်ဘလောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၈၆၅၈၅၊ ၃၈၇၂၇၆

SEVEN စံ

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလို ဝယ်လိုပါသလား။
SEVEN စံ နဲ့ ဆက်သွယ်လိုက်ပါ။ အိမ်အရောက် ငွေပေးချေသည်။ **(ပွဲခ လုံးဝမယူပါ။)**
ဖုန်း-၀၁-၂၀၅၇၄၈
၀၉-၃၃၃၃၃၅၁၄
၀၉-၇၃၁၁၉၀၉၉

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၂၉၀၈ TOP (TJ-1) S/W(4 x 2) R ယာဉ်လက်ဝယ်ရှိသူ ဦးရဲထက်အောင် ၉/မဟမ(နိုင်)၀၅၃၉၉၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

သံဖြူဇရပ်-ဘုရားသုံးဆူ ကားလမ်းတွင် တံတားများ စတင်တည်ဆောက်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးအဖွဲ့(၉)သည် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ကို ဆက်သွယ်သော သံဖြူဇရပ်-ဘုရားသုံးဆူ ကားလမ်းကို ဖောက်လုပ်လျက်ရှိသလို လမ်းတစ်လျှောက်ပါဝင်သော တံတားများကိုလည်းတည်ဆောက်လျက်ရှိသည်။

အဆိုပါ ကားလမ်းမကြီးသည် မော်လမြိုင်-ရေး-ထားဝယ်အဝေးပြေးလမ်းမကြီး သံဖြူဇရပ်၊ သက်ကောရွာ အနီးမှ ခွဲထွက်၍ ဘုရားသုံးဆူအထိ ၆၄ မိုင် ၅ ဖာလုံရှည်လျားသည်။ ပေ ၄၀ အကျယ် ကားလမ်းတစ်လျှောက်တွင် ပေ ၅၀ အောက်တံတား ၁၄၃ စင်း၊ ပေ ၅၀မှ ပေ ၁၈၀ အထက်တံတား ၁၂ စင်း တည်ဆောက်ရမည်ဖြစ်သည်ဟုဆိုသည်။

"လမ်းမိုင်စုစုပေါင်း ၆၄ မိုင် ၅ ဖာလုံရှိသည့်အနက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်အစိုးရခွင့်ပြုငွေကျပ်သန်း ၄၂၀၀ ဖြင့် ၃၇ မိုင် ၆ ဖာလုံကို အပြီးဆောင်ရွက်သွားမည်ဖြစ်ပြီး ကားလမ်းတစ်လျှောက် ပါဝင်သည့် တံတား ၁၆၅ စင်းအနက် ပေ ၅၀ အောက်တံတား ၁၄၃ စင်းကို မိမိတို့လမ်းအထူးအဖွဲ့(၉) က တည်ဆောက်သွားမည်ဖြစ်ပြီး ပေ ၅၀ မှ ပေ ၁၈၀ အထက် တံတား ၁၂ စင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တံတားအထူးအဖွဲ့(၆)မော်လမြိုင်က တာဝန်ယူတည်ဆောက်သွားမည်"ဟု လမ်းအထူးအဖွဲ့(၉)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆန်းလွင်ကပြောသည်။

လမ်းတစ်လျှောက်ရှိ ပေ ၅၀ အောက်တံတားချဉ်းကပ်ခုံး တည်ဆောက်နေစဉ်။ သတင်းနှင့်ဓာတ်ပုံ-ခရမ်းစိုးမြင့်

ကရာတေးဒိုသင်တန်းဖွင့် အားကစားသမားများ သရုပ်ပြတင်ဆက်

မန္တလေး ဖေဖော်ဝါရီ ၁၀

အဆင့်မြင့်ပညာ ဦးစီးဌာန ရတနာပုံတက္ကသိုလ် အားကစားနှင့်ကာယပညာကော်မတီနှင့် မန္တလေးတိုင်းဒေသကြီး ကရာတေးဒိုကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် ကရာတေးဒို အားကစားသင်တန်းကို ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီက ရတနာပုံတက္ကသိုလ် လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပရာ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ကရာတေးဒို ဆပ်ကော်မတီ အတွင်းရေးမှူး ဦးဇော်နိုင်က သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ကရာတေးဒိုကော်မတီနှင့် အထက်မြန်မာပြည် အားကစားနှင့်ကာယပညာသိပ္ပံမှ ကရာတေးဒိုအားကစားသမားများကို အားကစားသရုပ်ပြတင်ဆက်ကြပြီး အဆိုပါသင်တန်းသို့ ရတနာပုံတက္ကသိုလ်မှ သင်တန်းသားသင်တန်းသူ ၁၂၀ ကျော်တို့ တက်ရောက်ကြကာ တိုင်းဒေသကြီး ကရာတေးဒို နည်းပြဆရာများက မတ် ၃ ရက်အထိ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ သင်တန်းပို့ချပေးမည်ဖြစ်ကြောင်း၊ သင်တန်းဖွင့်ပွဲတွင် ဘာသာရပ်ဆိုင်ရာ ပါမောက္ခဆရာ ဆရာမကြီးများ၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ကရာတေးဒို ဆပ်ကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြကြောင်း သိရသည်။

တင်မောင်(မန္တလေး)

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် မြို့ပြလမ်း တံတားလုပ်ငန်းဖြစ်သော ၅ လမ်း (အောင်ဇေယျလမ်းနှင့် မင်္ဂလာလမ်းကြောင်း) ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့နှင့် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီအဖွဲ့က ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ် ပြန်/ဆက်)

ကျန်းမာရေးစောင့်ရှောက်မှု အနီးကပ်ပေးနိုင်ရန် တိုက်နယ်ဆေးရုံအတွက် မြေနေရာလှူဒါန်း

စဉ့်ကိုင် ဖေဖော်ဝါရီ ၁၀

ကျေးလက်နေ ပြည်သူများ၏ ကျန်းမာရေးကို တစ်ထောင့်တစ်နေရာမှ ကူညီဆောင်ရွက်ပေးနိုင်ရန်၊ တိုက်နယ်ဆေးရုံ ဆောက်လုပ်နိုင်ရန်အတွက် စဉ့်ကိုင်မြို့နယ်နှင့် ၁၇ မိုင်ကျော်ကွာဝေးသည့် မီးသွေးဘုတ် ကျေးရွာအုပ်စု ကန်အောက်ကျေးရွာတွင် မြေနေရာအတွက် မြေဧကလေးဧက လှူဒါန်းပေးအပ်ခြင်းအခမ်းအနားကို ရွာဦးဘုန်းကြီးကျောင်း ဓမ္မာရုံ၌ ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

တိုက်နယ်ဆေးရုံ ဆောက်လုပ်ရန်အတွက် မြေနေရာလှူဒါန်းသော မီးသွေးဘုတ် ကျေးရွာအုပ်စုသည် ကျေးရွာပေါင်း ၁၂ ရွာနှင့် ဖွဲ့စည်းထားပြီး စဉ့်ကိုင်မြို့နှင့် ၁၇ မိုင်ကျော်ကွာဝေးသဖြင့် ကျေးရွာသူ ကျေးရွာသားများအနေဖြင့် အရေးပေါ် ကျန်းမာရေးဖြစ်ပေါ်ပါက အခက်အခဲများဖြစ်ပေါ်ခဲ့ကြသည်။

ထို့ကြောင့် ယခုလိုကျေးရွာသူ ကျေးရွာသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည့် တိုက်နယ်ဆေးရုံဆောက်လုပ်ရန်အတွက် မိမိပိုင်သည့် မြေဧက ၆ ဒသမ ၆၁ ဧကမှ လေးဧကကို ဆေးရုံမြေနေရာအဖြစ် လှူဒါန်းရခြင်းဖြစ်ကြောင်း၊ ဆေးရုံ ဆေးပေးခန်းနှင့် အလှမ်းကွာဝေးသဖြင့် မိမိတို့နယ်တွင် မြွေကိုက်၍ အသက်ဆုံးရှုံးရသူများ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိကြောင်း၊ မိမိတွင်လည်း ကိုယ်တွေ့အဖြစ် သမီးတစ်ဦးနှင့် တူမတစ်ဦးတို့ သေဆုံးခဲ့ရပြီးဖြစ်ကြောင်း၊ အနီးကပ်ကျန်းမာရေး စောင့်ရှောက်မှုပေးမည့် တိုက်နယ်ဆေးရုံရှိပါက မြွေကိုက်ခံရသူများကို အချိန်မီကုသနိုင်မည်ဖြစ်ကြောင်း မြေအလှူရှင် ကန်အောက်ကျေးရွာမှ ဦးရင်သွေး၏ ပြောပြချက်များအရ သိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

မြန်မာ-ဂါးမင်းရေလုပ်ငန်းလီမိတက်(ဖျက်သိမ်းဆဲ) အအေးခန်းနှင့်ရေခဲစက်ရုံရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ-ဂါးမင်းရေလုပ်ငန်းလီမိတက်ပိုင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ စီလမ်း၌ တည်ရှိသောအအေးခန်းနှင့်ရေခဲစက်ရုံ (Running Condition) အား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်သဖြင့် ဝယ်ယူလိုသူများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အအေးခန်းနှင့် ရေခဲစက်ရုံနှင့်ပတ်သက်သော အခြေခံအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ အသေးစိတ်ပစ္စည်းစာရင်းကို တင်ဒါလျှောက်လွှာဝယ်ယူသည့်အချိန်တွင် ပူးတွဲပေးပါမည်။

- Main Factory Building (140' × 138')
- Two-Storeyed Office Building (48' × 38')
- Water Ground Tank (20,000 gals) (8' 6" High)
- Water Overhead Tank (7,000 gals) (38' 6" High)
- Diesel Oil Storage Tank (10,000 gals) 120, H-12'
- Generator (Running Engine 198kw) (2 Units)
- Compressor (4 Units)
- Waste Water Treatment Plant
- Contact Freezer (648 KG)
- Air Blast Freezer (2 Units)
- Cold Store Room (150 MT)
- Godown (90' × 30')

၃။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်ပုံစံများရောင်းချမည့်-

(က) **နေ့ရက်** - ၁၁-၂-၂၀၁၄ ရက်မှ ၃-၃-၂၀၁၄ ရက်အထိ

(ခ) **အချိန်** - နေ့စဉ်ရုံးဖွင့်ရက်များတွင် နံနက် ၁၀း၀၀နာရီမှ ၁၅း၃၀ နာရီအထိ

(ဂ) **နေရာ** - အမှတ် ၂၁(G)၊ မဟာစည်သာသနာ့ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(ဃ) **တင်ဒါလျှောက်လွှာ တစ်စောင်နှုန်း** - ကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်းတိတိ)

(င) **အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်နေရာ** - အမှတ် ၂၁ (G)၊ မဟာစည်သာသနာ့ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(စ) **မျက်မြင်အခြေအနေအား ကြည့်ရှုရမည့်စက်ရုံနေရာ** - စီလမ်း၊ ကန်ကြီးရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။

(ဆ) **အိတ်ဖွင့်တင်ဒါတင်သွင်း ရမည့်ရက်နှင့်အချိန်** - ၆-၃-၂၀၁၄ ရက် နံနက် ၁၀း၀၀နာရီ

(ဇ) **အိတ်ဖွင့်တင်ဒါဖွင့်မည့် ရက်နှင့်အချိန်** - ၆-၃-၂၀၁၄ရက် နံနက် ၁၀း၃၀နာရီ

(ဈ) **ဆက်သွယ်စုံစမ်းရန် ဖုန်းနံပါတ်**

- ဒေါ်ခင်စုငွေး ဖုန်း-၀၁-၅၂၆၃၂၇
- ဦးလှဝင်း ဖုန်း-၀၉-၅၀၄၉၈၆၉
- ဦးမြင့်ရွှေ ဖုန်း-၀၉-၈၁၅၄၅၅
- Mr. Fu Yan Ho ဖုန်း-၀၁-၅၄၅၃၆၄

လေလံတင်ရောင်းချရေးအဖွဲ့

ရောင်းမည်၊ ညှိနှိုင်းဈေး၊ Agent 1%

1. **ကား**၊ Km မလျော့၊ ဝိတ်မလျော့၊ ပိုင်ရှင်၊ Misubishi Colt၊ 2009၊ အဖြူရောင်၊ Km 8000 ကျော်၊ အသစ်နီးပါးသန့်၊ 115 Lks
2. AD Van၊ 2008၊ အဖြူရောင်၊ Km သိန်းကျော်၊ 3G/2800 ကျော်၊ အမည်ပေါက် 105 Lks
3. **တိုက်ခန်း**၊ ၁၅ ပေ× ပေ ၆၀၊ ပ-၃ နှစ်လွှာ၊ ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်း 850 Lks

ဖုန်း-၀၉-၄၃၀၉၆၈၆၅

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ အမှတ် (၁)ဝိုင်းကျောင်းတိုက်၊ ရွှေမြင့်မိုရ် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် ၁၇-၂-၂၀၁၃ ရက်မှ ၂၇-၂-၂၀၁၃ ရက်အထိ (၁၀)ရက်တရားစခန်းပွဲနှင့် ရွှေတိဂုံဘုရားမြောက်ဘက်မုခ် အာဇာနည်ဗိမာန်လမ်း၌ရှိသော ပခုက္ကူဓမ္မာရုံကြီးတွင် ၂၈-၂-၂၀၁၃ရက်မှ ၆-၂-၂၀၁၃ရက်အထိ (ခုနစ်ရက်) တရားစခန်းတို့ကို ရွှေမြင့်မိုရ်ဆရာတော်အရှင်သောဘဏ(ပိဋကတစ်ပုံအောင်) ဒီဃနိကာယဓမ္မာစရိယ၊ သာသနဓဇ သိရီပဝရဓမ္မာစရိယ၊ ဒီဃနိကာယကောဝိဒ၊ ဓမ္မကထိကဗဟုဇနဟိတဓရ အရှင်သူမြတ်မှ ဟောကြားပို့ချမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများနှင့် ဆွမ်းစသော အာဟာရတို့ကို ဆက်ကပ် လှူဒါန်းလိုသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြပါသည်။

ရွှေမြင့်မိုရ်အကျိုးဆောင်အဖွဲ့
ဖုန်း-၅၇၁၂၅၈၊ ၈၅၀၀၃၄၅၊ ၀၉-၅၀၅၀၀၁၀
ပခုက္ကူဓမ္မာရုံအကျိုးဆောင်အဖွဲ့
ဖုန်း-၀၉-၄၃၁၇၃၆၇၅

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ် ၁၈၀၁ အမည်ပေါက် ဒေါ်ဖွား၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးအိုက်ကွေ့ ၁၃/နမတ(နိုင်)၀၂၆၆၃၃ မှ မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့် (၂)၊ မြေကွက်အမှတ် ၁၀၂၃၊အမည်ပေါက်ဒေါ်ခင်စန်းရီ၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်စန္ဒာဦး ၇/ကတခ(နိုင်)၀၇၁၈၃၉မှ မြေကွက်စလစ်(မူရင်း)၊ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မိတ္ထီလာ တဲကြီးကုန်းကျေးရွာတွင် နောက်ကျကြက်သွန်များ စိုက်ပျိုးအောင်မြင်

မိတ္ထီလာ ဖေဖော်ဝါရီ ၁၀

မိတ္ထီလာမြို့နယ် မြာကျေးရွာအုပ်စု တဲကြီးကုန်းကျေးရွာတွင် နောက်ကျကြက်သွန်များစိုက်ပျိုးအောင်မြင်လျက်ရှိကြောင်း ဒေသခံတောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

“စောစောစိုက်တဲ့ ကြက်သွန်စိုက်တောင်သူတွေက ကြက်သွန်ဖော်ရောင်းနေကြပါပြီ၊ အခုစိုက်ပျိုးအောင်မြင်နေတဲ့ ကြက်သွန်ခင်းတွေက စိုက်ရက်နောက်ကျတဲ့ အခင်းတွေဖြစ်ပါတယ်။ နှစ်ပေပတ်လည်ပေါင်လုပ်ပြီး ကြက်သွန်ကိုစိုက်ပျိုးပါတယ်။ ကြားညှပ်ပြီးတော့ ကြက်သွန်ခင်းထဲမှာ နံနံပင်လို အပင်ငယ်တွေလည်း ထည့်သွင်းစိုက်ပျိုးကြတယ်။ ကြက်သွန်ကိုရေသွင်းစိုက်ပျိုးရတာဖြစ်ပြီး ဆယ်ရက်တစ်ကြိမ်ခန့်ရေသွင်းပေးရတယ်။ အချို့တောင်သူတွေကတော့ ရေလောင်းပြီး စိုက်ပျိုးကြတယ်၊ ရေလောင်းတာကတော့ နေ့စဉ်နံနက်တစ်ကြိမ် ညနေ တစ်ကြိမ် တစ်နေ့နှစ်ကြိမ်ခန့် လောင်းပေးရတာဖြစ်ပါတယ်”ဟု ၎င်းက ဆိုသည်။

ကြက်သွန်စိုက်သည့် ပေါင်လေးပေါင်ကို တစ်ကျင်းဟုသတ်မှတ်ပြီး ကြက်သွန်တစ်ကျင်းလျှင် ကိုးပိဿာခန့်ထွက်ရှိနိုင်ကာ တစ်ဧကကျင်းခြောက်ရာခန့် စိုက်ပျိုးနိုင်သဖြင့် ပိဿာချိန် ၅၄၀၀ ခန့်အထိ ထွက်ရှိသည်ဟု ဆိုသည်။ ကြက်သွန်တစ်ဧက စိုက်ပျိုးစရိတ်မှာ သီးနှံပေါ်ပြီးချိန်အထိ တစ်ဧကကုန်ကျစရိတ် ငွေကျပ် ရှစ်သိန်းနှင့် ငွေကျပ်ကိုးသိန်းအကြား ကုန်ကျပြီး သီးနှံအောင်မြင်ဖြစ်ထွန်း၍ သီးနှံထွက်ရှိချိန်တွင် ဈေးကောင်းရချိန်ကြုံပါက ငွေကျပ် ၁၅သိန်းခန့်ရရှိပြီး ကြက်သွန်စိုက်တောင်သူများအနေဖြင့် စိုက်ပျိုးစရိတ်၏ထက်ဝက်နီးပါး သို့မဟုတ် စိုက်ပျိုးစရိတ်ထက်ကျော်လွန်ပြီး အကျိုးအမြတ်ရရှိနိုင်သည်။ တချို့စိုက်ပျိုးရာသီများတွင်မူ သီးနှံအောင်မြင်ဖြစ်ထွန်းမှုမရှိခြင်း၊ သီးနှံဈေးကျချိန်နှင့်ကြုံကြိုက်ခြင်းတို့ကြောင့် ကြက်သွန်စိုက်တောင်သူများ အရင်းအနှီးဆုံးရှုံးရသည်များလည်း ကြုံတွေ့ရတတ်ကြောင်း သိရသည်။

ကြက်သွန်စိုက် တောင်သူများအနေနဲ့ သီးနှံထွက်ချိန် ဈေးကောင်းရချိန်ကြုံပြီး သီးနှံလည်းအထွက်ကောင်းတယ်ဆိုရင် အရင်းအနှီးထက်ဝက်ခန့် ဒါမှမဟုတ် အဲဒီထက်ပိုပြီး အကျိုးအမြတ်ရနိုင်တယ်။ဒါပေမယ့် သီးနှံမအောင်မြင်ဘူး၊ ဈေးလည်းမကောင်းတဲ့ရာသီဆို အရှုံးပေါ်တာပဲ၊ နောက်ပြီး သီးနှံအထွက်နှုန်းကောင်းပေမယ့် ဈေးကောင်းမရရင် ရာသီခွင်မမီဘူးဆိုလည်း ကြက်သွန်စိုက်တောင်သူတွေအနေနဲ့ အရင်းအနှီးငွေကြေးအရှုံးပေါ်တာပဲ”ဟု တဲကြီးကုန်းကျေးရွာမှ ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောသည်။ **ချမ်းသာ (မိတ္ထီလာ)**

အောင်မြင်ဖြစ်ထွန်းလျက်ရှိသော တဲကြီးကုန်းကျေးရွာမှ ကြသွန်စိုက်ခင်းများကို တွေ့ရစဉ်။ ဓာတ်ပုံ-ချမ်းသာ(မိတ္ထီလာ)

ပြည်ထောင်စုနေ့ အကြို စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ဖလမ်း၌ ကျင်းပ

ဖလမ်း ဖေဖော်ဝါရီ ၁၀

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီက ဖလမ်းမြို့ အခြေခံပညာ အထက်တန်း ကျောင်းခွဲ ပညာအလင်းခန်းမ၌ ကျင်းပရာ ဖလမ်းမြို့ပေါ်ရှိ အထက(၁)၊ အထက(၂)၊ အလက(ခွဲ) တို့မှ ကျောင်းသား ကျောင်းသူများ ဝင်ရောက် ယှဉ်ပြိုင်ကြပြီး အလယ်တန်း၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တို့တာဝန် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာပြိုင်ပွဲအတွက် ပြည်ထောင်စုနေ့ တို့မမေ့ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲအတွက် ပြည်ထောင်စုနေ့ ခေါင်းစဉ်ဖြင့်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲတွင်အထက်တန်းအဆင့် ၁၂ ဦး၊ အလယ်တန်းအဆင့် ၁၉ ဦး၊ မူလတန်း အဆင့် ၁၀ ဦး၊ စုစုပေါင်း ၄၁ ဦး ဝင်ရောက် ယှဉ်ပြိုင်ကြပြီး ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများအား ပြည်ထောင်စုနေ့အခမ်းအနားတွင် ဂုဏ်ပြုဆုများ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မူလတန်းကျောင်းသား ကျောင်းသူများ အသိပညာပေးဟောပြော

တာမွေ ဖေဖော်ဝါရီ ၁၀

တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှမြင့်နှင့်ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၇ ရက်က တာမွေ အမက (၂၆)သို့ အသိပညာပေးဟောပြောပွဲ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာကြည်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်လှလှမြင့်က ကျောင်းသား ကျောင်းသူများကို ယနေ့လူငယ်များသည် အနာဂတ်နိုင်ငံတော်အတွက် အားထားရသည့်သူများဖြစ်၍ ပညာကို ကြိုးစားသင်ယူရန်၊ မူလတန်းပညာရေးမှ လူတော်လူကောင်းများဖြစ်ထွန်းလာပြီး တိုင်းပြည်အတွက် အကျိုးပြုမည့်သူများ ဖြစ်လာမည်ဖြစ်ကြောင်း ပညာပေးဟောပြောဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**

ဆက်လက်၍ စာကြည့်တိုက်မှယူဆောင်လာသော စာအုပ်များကို ကျောင်းသားကျောင်းသူများက ဖတ်ရှုကြပြီး ကျန်းမာရေး၊ မူးယစ်ဆေးဝါး အသိပညာပေး နံရံကပ်စာစောင်များ၊ မြန်မာ့အလှရှုခင်းဓာတ်ပုံများ၊ နယ်မြေဖွံ့ဖြိုးရေးဓာတ်ပုံများကို စိတ်ဝင်စားစွာ ကြည့်ရှုကြကြောင်း သိရသည်။

လှလှ

ရောင်းမည်

အလုံမြို့နယ်၊ ၄ဝါလမ်းမပေါ်၊ ၂၅'×၅၀' (မြေညီ) အဆင့်မြင့်ပြင်ဆင်ပြီး (Hall)

ဖုန်း-၀၉-၅၁၆၀၉၇၅

ရေသန့်စက်ရုံနှင့် Brand Name ရောင်းမည်

မြေ ၁ ဒသမ ၂၅ဧကပေါ် ၈၀'× ၉၀'အကျယ်ရှိ ရေသန့်စက်ရုံ (စက်ပစ္စည်းအစုံ) နှင့် Brand Name ရောင်းမည်။ **ဖုန်း-၀၉-၇၃၁၅၄၉၇၄**

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ မြေကွက်အမှတ် ၃၂၅၊ မြေကွက်တည်နေရာအမှတ် ၃၂၅၊ အောင်မေတ္တာလမ်း၊ (၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးအောင်ညွန့် အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးအောင်ညွန့်ထံမှ အရပ်ကတိအရောင်းစာချုပ်ဖြင့် အကျယ်အဝန်းပေ (၄၀×၆၀)အား ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ခင်စန်း KMDE-၀၂၀၃၅၇ မှလည်းကောင်း၊ ဒေါ်ခင်စန်းထံမှ ထပ်မံ၍ အရပ်ကတိအရောင်းစာချုပ်ဖြင့် အကျယ်အဝန်းပေ (၂၀×၆၀)အား ဝယ်ယူပိုင်ဆိုင်သူ ဒေါ်လှသိန်း ၁၂/အစန(နိုင်)၀၂၀၈၅၅ မှလည်းကောင်း နှစ်ဦးပေါင်း၍ ဂရန်သစ်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၉/က၊ မြေကွက်အမှတ် ၆၄၈၊ တစ်စိတ်တစ်ဒေသ ၈/၁၇၈၊ မြေကွက်တည်နေရာအမှတ် ၁၀၁၂၊ စိုက်ပျိုးရေးလမ်းသွယ် (၁)၊ အင်းစိန်မြို့နယ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အမည်ပေါက် အစိုးရမြေအား အမည်ပေါက်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်အစပ်ဖြင့်ဝယ်ယူပိုင်ဆိုင်လာသူ (၁)ဦးငြိမ်းအောင် ၁၂/အစန(နိုင်)၀၈၂၃၈၇၊ (၂) ဒေါ်ပပမြတ် ၉/မထလ(နိုင်)၀၀၂၈၈၈တို့က အထူးဝန်ဆောင်ခဖြင့် ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၃

ဦးနေဝင်း **နှင့်** ဦးခင်မောင်ဌေး
တရားလို **တရားပြိုင်**

မန္တလေးမြို့၊ ၇၄×၇၅ကြား၊ ၃၂×၃၃ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့နေ ဦးခင်မောင်ဌေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (၀-၄)၊ ဦးပိုင် ၉၁ မြေကွက်နှင့်ပတ်သက်၍ တရားလို တရားဝင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး၊ အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် မတ် ၄ရက် (၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ပါ အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်ဝင်းအောင်)
တွဲဖက်မြို့နယ်တရားသူကြီး
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၇

ဒေါ်နုနုမြတ် **နှင့်** ဦးစံမြဲ
တရားလို **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ် ၉၈၊ ၆၄ လမ်း၊ (ဂ-၃)ရပ်ကွက်တွင် နေထိုင်သူ ဦးစံမြဲ သိစေရမည်။

သင့်အပေါ်တွင် တရားလိုက မြေသက်သက်အရောင်းအဝယ်ကတိစာချုပ်အရ မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရရှေ့နေဖြစ်စေ သို့မဟုတ် အမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးဦး၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၇ရက် (၁၃၇၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၃ရက်) နံနက် ၁၀ နာရီတွင် အထက်ပါတရားလို၏ စွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ချမ်းမြသာစည်မြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီးရုံးသို့ လာရောက်ရမည်။ ထို့အပြင် သင်တို့သည် ရုံးသို့လာရောက်ရန် ပျက်ကွက်က သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ သင်တို့က ထုချေတင်ပြလိုသည့် စာချုပ်စာတမ်းများကို ယူလာရမည်။ သို့မဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် အပ်နှံပို့လိုက်ရမည်။ သင်တို့က ချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နီထွန်းဦး)
မြို့နယ်တရားသူကြီး
ချမ်းမြသာစည်မြို့နယ်တရားရုံး

စီးပွားရေးနှင့် လူမှုရေးကြော်ငြာ

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဆ/၇၃၃၇၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ရောင်းမည်

Hotel Chatrium အနီးရှိ ဖိုးစိန်ကွန်ဒို

3300 SQF (P.H) အဆင့်မြင့်ပြင်ဆင်ပြီး 6800. L

ဖုန်း-၀၉-၅၀၇၄၁၄၅၊
၀၉-၅၅၀၆၅၄၈

ကျော်ကျော်နိုင်မိသားစု ကုမ္ပဏီလီမိတက်
အောင်ချမ်းမြေ့
ဂျပန်စာ၊ စကား ကျွမ်းကျင်သင်တန်း
JAPANESE LANGUAGE TRAINING CENTRE
No.249, 2B၊ ဗားဂရာလမ်းမ၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၃၁၀၆၀၃၁၅
aungchanmyae.myanmar@gmail.com

* ၂၅-၂-၂၀၁၄ ရက်မှ စတင်မည်။ လူဦးရေ ၃၀သာ လက်ခံမည်။
* သင်ကြားနိုင်သည့်အချိန် (I) 09:00 AM to 4:00 PM
  Break(1) hour
* သင်တန်းကာလ(၅)လ၊ တစ်ပတ် ငါးရက်သင်၊ တနင်္လာနေ့မှ သောကြာနေ့အထိ။
* ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်မည့်သူများအတွက် ဂျပန်စာ၊ စကား၊ နာရီပေါင်း ၅၀၀အထက် သင်ကြားပေးမည်။ ပြည်တွင်း/ပြည်ပအလုပ်အကိုင်ရရှိရန် ဆက်သွယ်ပေးမည်။ ဘော်ဒါဆောင်ရှိသည်။ နိုင်ငံတကာအဆင့်မီ Aircon အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။
* ပြည်တွင်း/ပြည်ပ ဝါရင့်ကျွမ်းကျင်သူများမှ ဦးစီးသင်ကြားမည်။
* အသိအမှတ်ပြု အောင်လက်မှတ်ထုတ်ပေးမည်။
* "အောင်"ပြီး "ချမ်းမြေ့"မှုတွေရရှိဖို့ "အောင်ချမ်းမြေ့"ကို လာခဲ့ပါ။
* ဂျပန်နိုင်ငံသို့ သွားရောက်ကျောင်းတက်လိုသူများအတွက် ဂျပန်နိုင်ငံရှိ ကျောင်းများတွင် ကျောင်းအပ်လက်ခံဆောင်ရွက်ပေးသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သပြေ ၁လမ်း၊ အိမ်အမှတ် ၅၀ဟုခေါ်တွင်သော အကျယ်အဝန်း ရှေ့၃၉ပေ၊ နောက်၄၉ပေ၊ ဘယ်၇၆ပေ၊ ညာ၅၈/၁၈ပေ စတုရန်းပေ ၃၁၀၀ရှိ မြေကွက်နှင့် အိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူရန်အတွက် ရောင်းပိုင်ခွင့်ရှိသူများဟု ကတိပြုသူများထံသို့ ကျွန်ုပ်မိတ်ဆွေများက တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို လက်ရောက်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်နှင့်မြေ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇေယျကျော်နိုင်၊ ဦးဖြိုးသက်ဝင်း	**ဦးအောင်မိုး(ကော့မှူး)**
ဒေါ်လင်းလက်လေးမောင်	**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၃၇)**
အထက်တန်းရှေ့နေများ	**ဥပဒေအတိုင်ပင်ခံ**
	မြင့်အားမာန်

တိုက်၊ အိမ်၊ ခြံ၊ မြေ ဥပဒေအကြံပေးနှင့် အကျိုးဆောင်လုပ်ငန်း
အမှတ်(၁၅၈/၁၆၈)၊ အခန်း၁၁၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံ(အလယ်)၊ မြို့တော်ခန်းမအနီး၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၁၀၇၁၀၀၂၊ ၀၉-၅၁၄၄၅၁၆

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ လွတ်လပ်ရေးလမ်း၊ အမှတ် ၇၂ ဟုခေါ်တွင်သော နှစ်ခန်းတွဲ လေးထပ်တိုက်ခွဲ အဆောက်အအုံမှ (AURORA GROUP CONSTRUCTION) မှ ရပိုင်ခွင့်ရှိသည့် (၁၂ ၁/၂ ပေ× ပေ ၆၀)အကျယ်အဝန်းရှိသော လက်ဝဲဘက်ခြမ်းရှိ မြေညီထပ်နှစ်ခန်း၊ပထမထပ်နှစ်ခန်း၊ ဒုတိယထပ်တစ်ခန်း၊တတိယထပ်နှစ်ခန်း၊ ဒါဘာနှစ်ခန်း စုစုပေါင်းတိုက်ခန်းကိုးခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ် (တိုက်ခန်းအင်္ဂါရပ်နှင့်အညီ)တို့ကို ဦးမောင်မောင်ဦး ၁၂/ကတန(နိုင်)၀၉၀၇၉၉ မန်နေဂျင်းဒါရိုက်တာ (AURORA GROUP CONSTRUCTION) (လိုင်စင်အမှတ် ၅၄၁/၂၀၁၀)ထံမှ ဒေါ်ဝါဝါဝင်း(ခ)ဒေါ်စူရီယာ ၁၂/ပဘတ(နိုင်)၀၂၀၀၉၄က မြေရှင်အသိအမှတ်ပြုလက်မှတ်ရေးထိုး၍ ဝယ်ယူထားသော တိုက်ခန်းများဖြစ်ပါသည်။ အဆိုပါတိုက်ခန်းများနှင့်ပတ်သက်၍ ဝယ်ယူသူ ဒေါ်ဝါဝါဝင်း(ခ)ဒေါ်စူရီယာ၏ သဘောတူညီချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းစီမံခန့်ခွဲခြင်းတို့ ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဝါဝါဝင်း(ခ)ဒေါ်စူရီယာ ၁၂/ပဘတ(နိုင်)၀၂၀၀၉၄၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လှလှလွင် (စဉ်-၅၇၇၃)	**ဦးအောင်ကျော်ကျော်မြတ် (စဉ်-၂၇၀၀၉)**	**ဒေါ်ယုယုနိုင် (စဉ်-၄၁၄၄၀)**
ဒေါ်လွင်မာ (စဉ်-၈၉၀၉)	**ဦးထွန်းထွန်းနိုင် (စဉ်-၃၅၅၃၄)**	**ဒေါ်သဇင်အေး (စဉ်-၄၁၄၅၉)**
တရားလွှတ်တော်ရှေ့နေများ	**ဒေါ်သန္တာမော် (စဉ်-၃၉၂၄၂)**	**ဒေါ်ဆုမွန်ထက် (စဉ်-၄၁၆၀၁)**
	ဒေါ်လှဲ့လှဲ့ဝင်း (စဉ်-၃၉၈၈၀)	**ဒေါ်ရည်မွန်ထက် (စဉ်-၄၃၀၆၂)**

အထက်တန်းရှေ့နေများ
အမှတ် ၅၅(ဒုတိယထပ်)၊အခန်း ၇၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈

အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအနောက်ရပ်ကွက်၊ အကွက်အမှတ် ၅၈၇တွင်တည်ရှိသော ဦးပိုင်အမှတ်(၅၂/ခ) ဧရိယာဧက ၀ဒသမ၀၂၄၆ရှိ ဘိုးဘပိုင်မြေကွက်၊ မြေပေါ်ရှိ အဆောက်အအုံ၊ ရေမီးအပါအဝင် ဝင်းခြံကာရံပေါက်ရောက် သစ်ပင်တို့နှင့်တကွ ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိပါသည်ဟု အဆိုပြုသူ ဒေါ်ထွေးထွေးရှိန်၊ ဒေါ်သီတာဦး၊ ဒေါ်အေးအေးမြင့်၊ ဒေါ်ဝင်းဝင်းမော်၊ ဦးအောင်ကျော်မိုးတို့ထံမှ ကျွန်ုပ်က ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မချိုချိုဝင်း
၇၃×၇၄ လမ်းကြား၊ ၃၂×၃၃ လမ်းကြား
No-၁၈၃/၂၇၊ မန္တလေးမြို့၊ ဖုန်း-၀၉-၂၀၀၁၅၄၇၊ ၀၂-၆၀၁၆၆

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ပေ(၁၂×၅၅) (ပြင်ဆင်ပြီး)

လှိုင်မြို့နယ်၊ ၁၆ရပ်ကွက်၊ မာလာမြိုင် ၃လမ်း၊

မြေညီထပ် (တိုက်ခန်း)၊ Air con တစ်လုံး၊ Pressure Pump

သံပန်းတံခါးတပ်ဆင်ပြီး၊ အိပ်ခန်း နှစ်ခန်းပါ။

ဖုန်း-၀၉-၄၃၀၈၉၀၀၀၊ ၀၉-၄၂၁၀၃၈၇၀၁

ကုန်အမှတ်တံဆိပ်သတိပေးကြော်ငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၂၇)လမ်း၊ အမှတ် ၁၀၀/၁၀၂၊ အခန်း (၆/က) ငါးလွှာနေ ဦးဖြိုးစည်သူ (MYANMA BUSINESS AND SOCIAL DEVELOPMENT CO., LTD.)၏ မန်နေဂျင်းဒါရိုက်တာသည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်ကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

မှတ်ပုံတင်အမှတ် ၄/၁၄၈၃၉/၂၀၁၃(၂၀-၁၂-၂၀၁၃)

မှတ်ပုံတင်အမှတ် ၁၄၈၃၉/၂၀၁၃ (၂၀-၁၂-၂၀၁၃)ဖြင့် ဝန်ဆောင်မှုလုပ်ငန်းမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့် မြန်မာပြည်တစ်ဝန်းလုံးရှိ အနယ်နယ်အရပ်ရပ်တို့တွင် အဆိုပါကုန်အမှတ်တံဆိပ်ကို ကပ်နှိပ်၊ ရိုက်နှိပ်ပြီး မိမိတစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိပါသည်။

အဆိုပါ ကုန်အမှတ်တံဆိပ်ကို MYANMA BUSINESS AND SOCIAL DEVELOPMENT CO., LTD.၏ တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာမပါရှိဘဲ မည်သူမဆို တုပပြုလုပ်ခြင်း၊ တံဆိပ်အမှတ်အသားဆင်တူယိုးမှားပြုလုပ်ခြင်း၊ ပုံတူဖြစ်စေရန် ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် တုပပြုလုပ်သုံးစွဲပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ဦးဖြိုးစည်သူ(မန်နေဂျင်းဒါရိုက်တာ)
(MYANMA BUSINESS AND SOCIAL DEVELOPMENT CO.,LTD.)၏
လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းလင်းအောင် LL.B, D.B.L, D.M.L	**ဒေါ်ဖြူဖြူခိုင် LL.B, D.B.L, D.M.L**

တရားလွှတ်တော်ရှေ့နေများ
ဒေါ်ငြိမ်းချမ်းစုရည် LL.B
အထက်တန်းရှေ့နေ
အမှတ် ၂၇(ဘီ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဦးနေလင်းအောင် ၁၂/မရက(နိုင်)၁၄၀၆၁၅၊လိပ်စာအမှတ်(၆)၊အောင်သုခ(၁)လမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် သက်ဆိုင်သူအများသိရှိစေရန် အသိပေးကြေညာခြင်း

ASIA PETROLEUM Co.,Ltd. ၃၁-၁-၂၀၁၄ရက်စွဲပါ ကုမ္ပဏီ BOD အစည်းအဝေးဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်ခြင်းခံရသူ အထွေထွေမန်နေဂျာ ဦးဇေယျာသိန်း၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

အမှတ် ၁၂၂၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်ရှိ ASIA PETROLEUM Co.,Ltd. သည် Cepsa အမည်ရှိ စက်ဆီ၊ ချောဆီ၊ အင်ဂျင်ဝိုင်များကို မြန်မာပြည်အနှံ့ပြား ဖြန့်ဖြူးရောင်းချရန်တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ရရှိထားသောကုမ္ပဏီဖြစ်ပါသည်။ ကုမ္ပဏီဝန်ထမ်းဖြစ်သူ ဦးနေလင်းအောင်သည် ကုမ္ပဏီမှ ၎င်းအားယုံကြည်စွာဖြင့် ရောင်းချရန် အပ်နှံထားခဲ့သောပစ္စည်းများကို ရောင်းချခဲ့ရာတွင် ရရှိခဲ့သောငွေကြေးများကို ကုမ္ပဏီသို့ ပြန်လည်ပေးသွင်းခြင်းမရှိခဲ့ဘဲ ၎င်းကိုယ်ကျိုးအတွက် မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုလုပ်ခဲ့ပြီး ၂၄-၁-၂၀၁၄ရက်တွင် ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရှိရပါသည်။ ကုမ္ပဏီမှ ဦးနေလင်းအောင် ကိုင်ဆောင်သော လက်ကိုင်ဖုန်း-၀၉-၂၅၄၀၆၆၉၆၃ကို ဆက်သွယ်၍လည်းကောင်း၊ ၎င်းနေထိုင်ရာနေအိမ်သို့လည်းကောင်း သွားရောက်စုံစမ်းမေးမြန်းရာ အဆက်အသွယ်လုံးဝမရရှိကြောင်းနှင့် ထွက်ပြေးတိမ်းရှောင်သွားကြောင်း စုံစမ်းသိရှိရပါသည်။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်ရှိငွေကြေးများကို လက်ခံရယူပြီး အဆိုပါငွေကြေးများအား ၎င်း၏ကိုယ်ကျိုးအတွက် မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုလုပ်မှုကို ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း နောက်ဆုံးထားပြီး မပျက်မကွက်လာရောက်ဖြေရှင်းပေးပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

အကယ်၍ လာရောက်ဖြေရှင်းခြင်းမရှိဘဲ ဆက်လက်တိမ်းရှောင်နေမည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ဦးနေလင်းအောင်အပြင် ပါဝင်ပတ်သက်သူများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စိမ့်စိမ့်မျိုး(စဉ်-၄၀၅၅၄)	**ဒေါ်ချိုဝေဇင်(စဉ်-၇၈၉၉)**
အထက်တန်းရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**

HighSee 12 Lawyers Associate
အမှတ် (၃၃/ခ)၊ အင်းလျားမြိုင်လမ်း၊ခရေမြိုင်လမ်းသွယ်၊
ဗဟန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး


အများသိစေရန်ကြေညာခြင်း

မိဘအမည်မှန်

ကွတ်ခိုင်မြို့ အထက တက္ကသိုလ် ဝင်တန်း(က)မှ မယဉ်ဝင်းသက်၏ မိဘအမည်မှန်မှာ ဦးဒုံဆုံလွင်နှင့် ဒေါ်ရန်ရှိရှယ်တို့ ဖြစ်ပါသည်။

မိဘအမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

ကွတ်ခိုင်မြို့၊ အထက တက္ကသိုလ် ဝင်တန်း(က)မှ မရွှေငွေး၏ မိဘအမည်မှန်မှာ ဦးအိုက်ရီနှင့် ဒေါ်မခေါင်ဖြစ်၍ မွေးသက္ကရာဇ်အမှန်မှာ ၅-၄-၁၉၉၇ ဖြစ်ပါသည်။

အမည်ပြောင်းနှင့်ဖခင်အမည်မှန်

ကွတ်ခိုင်မြို့ အထက တက္ကသိုလ် ဝင်တန်း(ခ)မှ မအမ်ဆိုင်းနူးစင်အား မဆိုင်းနူးစင်ဟု ပြောင်းလဲခေါ်ပါရန်နှင့် ဖခင်အမည်မှန်မှာ ဦးလခါး ဖြစ်ပါသည်။

မိဘအမည်မှန်

ကွတ်ခိုင်မြို့ အထက တက္ကသိုလ် ဝင်တန်း(ခ)မှ မောင်ဇော်ဇော်လွင်၏ မိဘအမည်မှန်မှာ ဦးလိရင်ကန်း ၁၃/ကခန(နိုင်)၀၃၄၄၃၃ နှင့် ဒေါ်လိယီရင်း ၁၃/ကခန(နိုင်)၀၃၄၃၁၇ ဖြစ်ပါသည်။

ဖခင်အမည်မှန်

ကွတ်ခိုင်မြို့ အထက တက္ကသိုလ် ဝင်တန်း(ခ)မှ မဂျေးနက်၏ ဖခင်အမည်မှန်မှာ ဦးလဆိုင်း ၁/မကန(နိုင်)၀၃၃၇၉၁ ဖြစ်ပါသည်။

မိဘအမည်မှန်

ကွတ်ခိုင်မြို့ အထက တက္ကသိုလ် ဝင်တန်း(ဂ)မှ မနန်းယိင်းကွမ်လှိုင်း၏ မိဘအမည်မှန်မှာ ဦးစိုင်းအေးကျော်နှင့် ဒေါ်နန်းညိမ်းရွှေဟန် ဖြစ်ပါသည်။

မိဘအမည်မှန်

ကွတ်ခိုင်မြို့ အထက တက္ကသိုလ် ဝင်တန်း(ဂ)မှ မောင်စိုင်းအောင်ထွန်းဦး၏ မိဘအမည်မှန်မှာ ဦးစိုင်းဘထွန်းနှင့် ဒေါ်နန်းရွှေယင်း ဖြစ်ပါသည်။

မွေးသက္ကရာဇ်အမှန်နှင့်မိဘအမည်မှန်

ကွတ်ခိုင်မြို့ အထက တက္ကသိုလ် ဝင်တန်း(ဃ)မှ မနန်းနှင်းနှင်းလှိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၁၂-၉၈ ဖြစ်၍ မိဘအမည်မှန်မှာ ဦးဝမ်ရှမ်းကွယ်နှင့် ဒေါ်နန်းခမ်းရင် ဖြစ်ပါသည်။

အမည်ပြောင်းနှင့် ဖခင်အမည်မှန်

ကွတ်ခိုင်မြို့ အထက တက္ကသိုလ် ဝင်တန်း(ဃ)မှ မဆန်နူးမိုင်းအား မထွယ်နန်းရာဟု ပြောင်းလဲခေါ်ပါရန်နှင့် ဖခင်အမည်မှန်မှာ ဦးဒေးလီအောင် ဖြစ်ပါသည်။

မိဘအမည်မှန်

ကွတ်ခိုင်မြို့ အထက တက္ကသိုလ် ဝင်တန်း(ဃ)မှ မရွယ်ဆန့်၏ မိဘအမည်မှန်မှာ ဦးဒေါ့ဂမ်နှင့် ဒေါ်တိန်းမျှော် ဖြစ်ပါသည်။

ပြောင်းလဲခေါ်ပါရန်

ကွတ်ခိုင်မြို့ အထက တက္ကသိုလ် ဝင်တန်း(ဃ)မှ ဦးမော်ရှော်ရိန်၏ သမီး မသင်းသင်းမော်အား မမော်ချွမ်ဖန်းဟု ပြောင်းလဲခေါ်ပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄စီ(S-၈၉)၊ မြေကွက်အမှတ်၁၈၅၊ မြေကွက် တည်နေရာအမှတ်၁၅၊ ဘယသုဒ္ဓိလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ ဒေါ်သန်းရုံအမည်ပေါက် နှစ်၆၀ ဂရန်မြေအား တာမွေမြို့နယ် တရားရုံးတရားမကြီးမှုအမှတ် ၇/၂၀၁၃ တရားလို ဦးစိုးမြင့်က တရားပြိုင် ဒေါ်သန်းရုံ+၃တို့အပေါ် မြေနှင့်အိမ်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုနှင့် တရားမဇာရီမှုအမှတ် ၁၇/၂၀၁၃ အမိန့်တို့အရ တရားရုံး ဒေါ်သန်းရုံ+၃ ကိုယ်စား ဘိလစ်အရာရှိ ဒေါ်စန်းစန်းဝင်းက အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း (၁၉)ကြိမ်မြောက် အသင်းသားစုံညီနှစ်ပတ်လည်

အစည်းအဝေးဖိတ်ကြားလွှာ

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၏ (၁၉)ကြိမ်မြောက်အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသူအသင်းသားများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်-

နေ့ရက် - ၁-၃-၂၀၁၄ရက် (စနေနေ့)
အချိန် - ၁၀း၀၀ နာရီ
နေရာ - မင်္ဂလာခန်းမ၊ UMFCCI Office Tower
၂၉၊ မင်းရဲကျော်စွာလမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၁၄၈၃၀၊ ဖက်စ်-၂၁၄၈၃၂

အလုပ်အမှုဆောင်အဖွဲ့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာတိုးချဲ့ကွက်သစ်၊ မြေကွက်အမှတ် (အယ်လ်-၂၄၉)မြို့မြေစာရင်းတွင် ဦးတင်အေး အမည်ပေါက်လျက်ရှိသော မြေကွက်ကို စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ဝယ်ယူလက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးပြည့်ဖြိုးအောင် ၁၂/သလန(နိုင်)၀၇၈၃၈၀ ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသပေးအပ်ပြီးဖြစ်ပါသည်။ ယင်း အရောင်းအဝယ်ကိစ္စအပေါ် ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်ကြောင်းအထောက်အထား စာရွက်စာတမ်းမူရင်းများယူဆောင်ပြသလျက် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးမောင်မောင်ဝင်း B.A(Eco.)H.G.P,R.L;
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၈၅၈)
တိုက်အမှတ် ၅၅၊ အခန်း ၁၅(A)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၈၆၂၇၈၅၆

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၆

ဒေါ်နုနုမြတ်	**နှင့်**	ဦးကိုကိုကြီး
တရားလို		**တရားပြိုင်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့၊ နန်းအောင်မြေရပ်ကွက်၊ လေသာကျောင်းမြောက်ဘက်၊ အမှတ် ၂၉၂ တွင် နေထိုင်သူ ဦးကိုကိုကြီး သိစေရမည်။

သင့်အပေါ်တွင် တရားလိုက မြေသက်သက်အရောင်းအဝယ်ကတိစာချုပ်အရ မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်အရရှေ့နေဖြစ်စေ၊ (သို့မဟုတ်)အမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးဦး၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက် (၁၃၇၅ခုနှစ် တပို့တွဲလပြည့်ကျော် ၃ ရက်) နံနက် ၁၀ နာရီတွင် အထက်ပါတရားလို၏ စွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ချမ်းမြသာစည်မြို့နယ်တရားရုံး မြို့နယ်တရားသူကြီးရုံးသို့ လာရောက်ရမည်။ ထို့အပြင် သင်သည် ရုံးသို့လာရန် ပျက်ကွက်က သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းများကို ယူလာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် အပ်နှံပို့လိုက်ရမည်။ သင်က ချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နီထွန်းဦး)
မြို့နယ်တရားသူကြီး
ချမ်းမြသာစည်မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၄

ဒေါ်နုနုမြတ်	**နှင့်**	ဦးမျိုးသန့်
တရားလို		**တရားပြိုင်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝရပ်၊ ၇၄×၇၅ လမ်းကြား၊ ၃၂×၃၃ လမ်းကြား၊ အမှတ်(၁၂၃)တွင် နေထိုင်သူ ဦးမျိုးသန့် သိစေရမည်။

သင့်အပေါ်တွင် တရားလိုက မြေသက်သက်အရောင်းအဝယ်ကတိစာချုပ်အရ မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်အရရှေ့နေဖြစ်စေ၊ (သို့မဟုတ်)အမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးဦး ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက် (၁၃၇၅ခုနှစ် တပို့တွဲလပြည့်ကျော် ၃ ရက်) နံနက် ၁၀ နာရီတွင် အထက်ပါ တရားလို၏ စွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ချမ်းမြသာစည်မြို့နယ်တရားရုံး မြို့နယ်တရားသူကြီးရုံးသို့ လာရောက်ရမည်။ ထို့အပြင် သင်သည် ရုံးသို့လာရန် ပျက်ကွက်က သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းများကို ယူလာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် အပ်နှံပို့လိုက်ရမည်။ သင်က ချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နီထွန်းဦး)
မြို့နယ်တရားသူကြီး
ချမ်းမြသာစည်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သုကုန်းရပ်ကွက်၊ ဦးဘိုးထွန်းလမ်း၊ အမှတ်(မ/၅၄-၁၂၀၆)ဟုခေါ်တွင်သော တစ်ထပ်အိမ်နှင့် ယင်းအိမ်တည်ရှိသည့် ခြံမြေအကျယ်အဝန်း အလျား ၆၈ပေ×အနံ ၂၂၀ ပေကို ၁၉၈၅ ခုနှစ်ကတည်းက အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်ထားသူ ဦးမြင့်ဆွေ ၁၂/ပဇတ(နိုင်)၀၁၂၃၂၈ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ မှ အပိုင်ဝယ်ရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်သူရှိပါက ဤကြေညာချက်ပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက်ပြီး ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကျော်လွန်ပါက အရောင်းအဝယ်ကို တရားဝင်ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝင်းဝင်းကြည် (စဉ်-၂၆၄၆)
ဒေါ်ဇာကြည်မွန် (စဉ်-၈၆၉၉)
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၅၂၀၊ အဝေရာလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊
ဖုန်း-၀၉-၄၂၀၁၈၇၇၀၀

၁၂-၁၂-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၊ စာ-၂၀ နှင့် ၁၅-၁၂-၂၀၁၃ ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာ-၅ပါ အများသိစေရန် ကြေညာခြင်းများနှင့်ပတ်သက်၍ ပြန်လည်ရုပ်သိမ်းကြောင်း

ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၂)ရပ်ကွက်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အမှတ် ၃၆ ဟုခေါ်တွင်သော ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် 14-E၊ လူနေရပ်ကွက်အမှတ် မြေကွက်အမှတ် -(1)2nd Northern Division of 1-9, (2)2nd Southern Division of 1-9-, (3)1st Southern Division of 1-9၊ ဧရိယာ ၀ဒသမ၁၆၆ဧက၊ (၆၃'×၁၁၅')၊ မြေအမျိုးအစား နှစ်၆၀ မြေငှားဂရန်စာချုပ်မြေနှင့် လေးထပ်အဆောက်အအုံဟောင်းနှင့် တပ်ဆင်ထားသော ပစ္စည်းများအပါအဝင် မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အမည်ပေါက်ပိုင်ရှင် ဦးရဲဝင်းအောင် ၁၂/ပဘတ(နိုင်)၀၁၄၃၃၆မှ လွှဲပြောင်းရောင်းချရာတွင် ဦးထွန်းအောင်နှင့်ညီများက ၆-၁၂-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာတွင် တားမြစ်ကန့်ကွက်ကြောင်း ကြေညာခဲ့ပါသည်။ အဆိုပါတားမြစ်ကန့်ကွက်ကြေညာချက်နှင့်စပ်လျဉ်း၍ ပြေလည်အောင် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပြီး ဖြစ်ပါသဖြင့် ဦးရဲဝင်းအောင်နှင့် တရားလွှတ်တော်ရှေ့နေ ဦးဝင်းထိန်တို့၏ အထက်ဖော်ပြပါထည့်သွင်းကြေညာချက်များအား ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

ဦးရဲဝင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းထိန် B.Sc., R.L
တရားလွှတ်တော်ရှေ့နေနှင့်ဥပဒေအတိုင်ပင်ခံ
ဒေါ်အေးအေးသန့် LL.B
တရားလွှတ်တော်ရှေ့နေ
အမှတ် ၆၀၊ ဒုထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၅၄၀၅၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ ဦးပြုံးချိုလမ်း၊ မြေကွက်အမှတ် ၃၁၄၊ မြေအကျယ်အဝန်း အလျား×အနံ(၄၅ပေ×ပေ၆၀)၊ ဧရိယာ ၀ဒသမ၀၆၂ဧကရှိ ဒေါ်စိန်စိန် အိပ်ချ်ဂျီယူ-၀၀၅၄၈၄ အမည်ဖြင့်တည်ရှိသော နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးအောင်ဆန်းညွှန့် ၁၂/ဗဟန(နိုင်)၀၄၀၈၂နှင့် ဒေါ်စိုးစိုးမြိုင် ၁၂/ဗဟန(နိုင်)၀၅၇၉၄၉တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်မြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သူဇာငြိမ်း LL.B
အထက်တန်းရှေ့နေ
အမှတ် ၇၇၉၊ စာဂ ၁၇ လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၅၁၃၁၂၀၃၊ ၀၁-၈၅၀၀၃၂၃၊ ၀၁-၅၆၃၄၁၉

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်းဘူတာရုံလမ်း၊ အမှတ် ၂၁၉၊ ခြောက်ထပ်တိုက်၏ ခြောက်လွှာ၊ တိုက်မျက်နှာမူလျှင် ဝဲဘက်အခန်း၊ အကျယ်အဝန်း (၁၂½'×၅၀')ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးတင်မြင့် ၁၂/ဥကတ(နိုင်)၀၁၁၃၄၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် လူကိုယ်တိုင် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်ဝင်းထွတ် LL.B (အထက်တန်းရှေ့နေ)
အမှတ် ၄၇၊ ဘီ-၃၊ သီရိ (၆)လမ်း၊ ၂ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၂၅၀၂၉၉၀၃၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ မြေကွက်အမှတ် ၇၉၊ ဧရိယာ ၀ဒသမ၀၅၅ဧက၊ မြေအမျိုးအစားနှစ် ၆၀ဂရန်မြေပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၅ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ် ၇၉ ဟု ခေါ်တွင်သော မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏အမည်ပေါက်ပိုင်ရှင် ဒေါ်အုန်းသိန်း ၁၂/ဥကတ (နိုင်)၀၅၉၁၈၀၊ ၎င်း၏ကိုယ်စား အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၅၄၈/၂၀၁၃ (၆-၈-၂၀၁၃)ရရှိသူ ဦးစိုးဝင်းမောင် ၁၂/ရကန(နိုင်)၀၆၇၇၆၄မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက် စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးနန္ဒာဝင်း LL.B, D.B.L, D.M.L	**ဒေါ်မိတင်ဇာလင်း LL.B, D.B.L, D.M.L, D.I.L**
အထက်တန်းရှေ့နေ (စဉ်-၂၈၀၂၆)	**အထက်တန်းရှေ့နေ(စဉ်-၃၀၄၉၁)**
	ဖုန်း-၇၃၀၃၉၅၈၆

မင်းမဟာ အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီလီမိတက်
ပါရမီလမ်းရုံးချုပ် ဖုန်း-၀၉-၇၃၁၆၂၇၇၂၊ မြောက်ဒဂုံ(ရုံးခွဲ) ဖုန်း-၀၉-၂၅၀၆၃၆၁၂၃

" ဝန်ထမ်းအလိုရှိသည် "

အရောင်းဝန်ထမ်း - မ (၅) ဦး
ပညာအရည်အချင်း - (၁၀)တန်း(ဘွဲ့မဟုတ်)ဘွဲ့ရ
အသက် - (၂၅) နှစ်အောက်
အမှတ်(၂၁၈)၊ ဦးဝိစာရလမ်း၊ တာမွေမြို့နယ်။
Ph- 01- 371011, 385970, 376344, 240242.

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ-၁၅၊ မြေကွက်အမှတ် ၃၆၄/က၊ မြေကွက်တည်နေရာ အမှတ် ၃၆၄/က၊ သံသုမာလမ်း၊ (၁၉)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် ဦးစိုးနိုင်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးစိုးနိုင် S/OKA-၁၁၃၂၄၈ ကိုယ်တိုင်က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့ တင်ပြပြီး ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်သစ်၊ မြေကွက်အမှတ်၂၀၆/ခ၊ မြေကွက်တည်နေရာအမှတ် ၁၃၊ ၁၅လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဦးဝင်းမြင့်၊ ဒေါ်နီ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးဝင်းမြင့် ၁၂/သဃက(နိုင်)၀၈၆၈၂၅ (ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်နီ ၁၂/သဃက(နိုင်)၀၈၉၇၅၅ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၊ မြေကွက်အမှတ် ၅၁၈½၊ မြေကွက်တည်နေရာ အမှတ် ၅၁၈½၊ အာသာဝတီလမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးအုန်းခင် ၁၂/ဥကမ(နိုင်)၀၄၅၁၇၃ အမည်ပေါက် နှစ် ၆၀ ဂရန် မြေအား အမည်ပေါက် ဖခင် ဦးအုန်းခင်၊ မိခင်ဒေါ်လှရှိန် ကွယ်လွန်သဖြင့် ဒေါ်ခင်စန်းရီ ၁၂/ဥကမ(နိုင်)၀၄၅၁၇၄၊ ဦးခင်မောင်တင့် ၁၂/ဥကမ(နိုင်)၀၄၅၀၈၆၊ ဦးခင်မောင်ဗိုလ် ၁၂/ဥကမ(နိုင်)၀၄၅၁၆၁တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၅၇၁၈/၁၃-၁၂-၂၀၁၃ဖြင့် ရရှိသူ ဦးအောင်ကျော်စိုး ၁၂/စခန(နိုင်) ၀၂၃၀၂၃က အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ မြေကွက်အမှတ် ၃၂၆½၊ မြေကွက်တည်နေရာအမှတ် ၃၂၆½၊ သုမာလာ ၄လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးမြဟန် အေဒီ-၀၀၉၈၄၇ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဖခင်ဦးမြဟန် (မိခင်)ဒေါ်ရင်ကွယ်လွန်သဖြင့် ဦးမြင့်ဆွေ ၁၂/ဥကမ(နိုင်)၀၉၆၄၅၇၊ ဦးလှဝင်း ၁၂/ဥကတ(နိုင်)၀၄၉၆၀၀၊ မစန်းစန်းဝင်း ၁၂/ဥကမ(နိုင်)၀၉၅၈၃၄၊ မနိုင်နိုင်မော် ၁၂/ဥကမ(နိုင်)၀၀၂၃၉၀တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၅၇၁၉/ ၁၃-၁၂-၂၀၁၃)ဖြင့် ရရှိသူ ဦးအောင်ကျော်စိုး ၁၂/စခန(နိုင်) ၀၂၃၀၂၃ က အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

